
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၂၃၈၀၃၁၀
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၃၇၈၀၄၁၀
**ထုတ်ဝေခြင်း** - ၂၀၁၀ခုနှစ် ဇွန်လ၊ ပထမအကြိမ် အုပ်ရေ-၅၀၀၊ တန်ဖိုး-၁၀၀၀ ကျပ်။
**ထုတ်ဝေသူ** - ဦးကျော်ဆန်း (ရဲအောင်စာပေ) အမှတ် (၂)၊ ဆူးန်း(၁)-လမ်း။ မင်္ဂလာတောင်ညွန့်မြို့နယ်။
**အတွင်းနှင့်အဖုံးပုံနှိပ်သူ** - ဒေါ်အိမွန်သက်လွင် (မြ-၀၈၀၄၂) သစ္စာမွန်ပုံနှိပ်တိုက်၊ အမှတ် (၁၀၆)၊ တာမွေလမ်း၊ တာမွေ(က+ဂ) ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။
**မျက်နှာဖုံးပန်းချီ** - L လင်း
**ဖြန့်ချိရေး** - သစ္စာမွန် Publishing Center Ph; 541421, 09 99-74231

သစ္စာမွန် (T.S.M) Publishing Center မှ တာဝန်ယူစီစဉ်ပါသည်။

၈၉၅.၈၃
သျှင်မ
အချစ်ကြောင့်ဖြစ်၏ / သျှင်မ - ရန်ကုန်။
ရဲအောင်စာပေ ၊ ၂၀၁၀ ။
၂၂၅ - စာ ၊ ၁၂ × ၁၈ စင်တီ။
(၁) အချစ်ကြောင့်ဖြစ်၏


## အခန်း ⏩ ၁ ⏪

"ဟင်းက ဒါပဲလား"

စားပွဲပေါ်မှာ ထမင်းတစ်ပန်းကန်၊ ရေတိုသီးမှုန့်ကျဲကျဲနှင့် ငါးပိရည်ဖျော်တစ်ခွက်နှင့် ကန်စွန်းရွက်ပြုတ် တို့စရာ…

ပြီးတော့ လက်ညှိုးလောက်အရွယ် ငါးဟင်းတစ်ခွက်။

ပန်းကန်စုံအောင် လိုက်ကြည့်ပြီး ဦးမျိုးနိုင်မျက်နှာမှာ အသားညိုညိုနှင့် နီရဲအဆီပြန်ကာ ကြေးနီရောင်လက်နေခြင်းက ပို၍ အရောင်ရင့်လာသည်။

ပါးလွှန်း၍ မျဉ်းတစ်ကြောင်းတည်းဆွဲထားသလိုရှိနေသော နှုတ်ခမ်းကို သိသာအောင် မဲ့ရွဲ့ပစ်၏။

"မနက်က မင်းကို ငါ ဈေးဖိုးနှစ်ထောင်ပေးလိုက်တာပဲ၊ အနီမရောတဲ့ထမင်းနဲ့ ဝက်သား အမဲသားဆီပြန်တစ်ခွက်

သစ္စာမွန်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ကော့ ချက်ပေါ့ကွ၊ မြင်လိုက်ရရင် ငါးပိရည်က ချက်သီးမှုန့် မပါ၊ ကန်စွန်းရွက်က နောက်ဖေးမှာ အလကားရတိုင်း နေ့တိုင်း ပြုတ်၊ ဟင်းက ဆီမပါတဲ့အပြင် ဂျပန်ငါးကိုချက်ပြီး ရေကပေါလော”

စကားကို မဲ့မဲ့ရွဲ့ရွဲ့ဆိုရင်း ကြို့ထိုးချင်နေတာကို ထိန်းချုပ်ထားသည့် ရင်ဘတ်ကြီးက ကော့ခနဲ မောက်သွားလိုက် ပြန်ကုန်းကျသွားလိုက်။

ပြောနေတာ၊ ဖြစ်နေတာတွေကို စိတ်ပျက်သလိုကြည့်နေရင်း စားပွဲရှေ့မှာ ဒူးတစ်ဖက်ထောင်လျက် ထိုင်နေရာကနေ ထဖို့ပြင်လိုက်၏။

“ဒါက ဘယ်ကိုလဲ၊ မင်းက ငါပြောသမျှကို စိတ်ပျက်တဲ့ မျက်နှာနဲ့၊ အဖက်မတန်သလို ထသွားတာလား”

ဒေါ်မြမာ လက်ထောက်၍ထရပ်ဖို့လို့ ကိုယ်လုံးပါ ကြွနေပြီးမှ ဆတ်ခနဲ ပြန်ထိုင်ချသည်။

ဦးမျိုးနိုင်ဘက်ကို သေချာပြန်လှည့်ထိုင်ပြီးမှ

“အဖက်မတန်လို့မဟုတ်ဘူး ကိုမျိုး၊ ရန်ဖြစ်တော့မှာကို သိလို့၊ ရှင်နဲ့ ရန်မဖြစ်ချင်လို့”

“မဖြစ်ချင် မင်းပါးစပ်ပိတ်ပြီး ငြိမ်နေပေါ့ကွ၊ ဇနီးမယားဖြစ်နေပြီး မောင်နှမသူငယ်ချင်းလို ငါပြောသမျှ တစ်ခွန်း





မကျန် ခံပက်နေတာ လူကြားကောင်းလား”

“လူကြားမကောင်းမှာစိုးလို့ ငြိမ်ခံနေရအောင် ရှင်အသံ ပြဲနေသမျှ ပြောချင်တာ ပြောနေတာတွေကျတော့ ကြားကောင်းလား၊ ကျွန်မက ငြိမ်နေရင် ဟုတ်လို့ငြိမ်နေတယ် မှတ်မှာပေါ့၊ ခုခေတ် ကုန်ဈေးနှုန်းနဲ့ မိသားစုထမင်းတစ်နပ်စာ စီစဉ် ချက်ပြုတ်ရတာ လွယ်သလား”

“တော်ပါကွာ”

ဦးမျိုးနိုင်က ပါးစပ်က အော်ပစ်လိုက်ရုံမဟုတ်ဘဲ စားပွဲကိုပါ ခပ်ကြမ်းကြမ်းပုတ်ပစ်လိုက်သည်။

“ကုန်ဈေးနှုန်းတွေ မြင့်လာမှပဲ အိမ်ရှင်မတွေ အကြောင်းပြစရာ ပိုကောင်းလာတာ၊ ထစ်ခနဲဆို ဒါပဲ၊ ဘယ်လောက်ထပ်ပေးပေး ဘယ်လိုပဲကုန်းရုန်းရှာရှာ တစ်ခါမှ လောက်ငှတာမရှိဘူး”

“အမလေး... အဲဒါကမှ ရှင် လူကြားကောင်းအောင် ဟစ်နေတာအမှန်၊ ဘယ်သူလဲ ကုန်းရုန်းရှာနေတာ၊ ဘာတွေများ လောက်ငှအောင်ပေးနေသလဲ၊ ဆိုကြားနင်းတယ်သာဆိုတယ်၊ တစ်ထောင်ပဲရရ၊ တစ်သောင်းပဲရရ ရှင်ဖျော်ပစ်ပြီးပိုမှ ကျွန်မကို ပေးတာ”

“ဘာပဲဖြစ်ဖြစ် ငါပေးတာပဲ မဟုတ်လား”

www.burmeseclassic.com



"ဘာဝေးတာလဲ၊ တစ်နေ့မှ ငါးရာပဲပေးတဲ့နေ့ ဘယ်လိုသုံးမလဲ၊ ဆိုတ္တားပြင်လိုက်ရလို့ဆိုပြီး တစ်ပြားမှပါမလာတဲ့နေ့ ရှင် ထမင်းငတ်ခဲ့သလား၊ နှစ်ထောင် သုံးထောင်ပေးဖူးတာကိုမှတ်ထားပြီး နေ့တိုင်းပေးနေသလိုလို လူအထင်ကြီးအောင် မအော်စမ်းပါနဲ့၊ ကြွေးတင်ထားရင် ပိုက်ဆံရတော့ဆပ်ရတယ်၊ ဒါကို ရှင်နားလည်ရင် ပေးတာကိုပဲ ထည့်ထည့်မပြောနဲ့"

ဦးမျိုးနိုင် စားပွဲကို ဖျန်းခနဲပုတ်၍ ထိုင်လျက်မှ ခါးထောက်၏။

သို့သော် ဘာမှလည်းမပြောနိုင်ဘဲ မျက်လုံးပြူးကြီးနှင့်သာ ကြည့်လေသည်။

ဒေါ်မြမာက ဦးမျိုးနိုင်ပြောသမျှကို ပြန်လည်ချေပဖို့ မျက်စောင်းခဲ၍ စောင့်ကြည့်နေ၏။

ဦးမျိုးနိုင် မတ်နေသည့်ခါးကြီး ညွတ်ခနဲပြန်ကျသွားကာ တက်ခေါက်၏။ ထမင်းပန်းကန်ကို ဆောင့်အောင့်၍ ဆွဲယူသည်။

သူများတွေမိုးလာပြီဆို ဘာမှမစားဘဲ ထိုးအိပ်ကြသတဲ့။

ဦးမျိုးနိုင်ကတော့ မိုးလာပြီဆို ထမင်းစားရမှ။ မစားဘဲလည်း မနေနိုင်တော့ ထမင်းနဲ့ဟင်းဆမ်းပြီး နယ်သည်။





စုပုတ်ပွထနေသည့်မျက်နှာနှင့် ဟင်းခတ်လိုက်၊ ဖွန်းကို ဆောင့်ချလိုက်၊ ဒေါက်ခနဲ၊ ချွင်ခနဲ အသံတွေက စုံနေ၏။

ဒေါ်မြမာက တုတ်တုတ်မှမလှုပ်ဘဲ မျက်မှောင်ကုတ်၍ စိုက်ကြည့်နေသည်။

"ဟွန်း... မိန်းမတစ်ယောက်ယူတာ အပိုဆုက ပါသေးတယ်၊ တစ်ယောက်ယူပြီး နှစ်ယောက်ရှာကျွေးနေတာတောင် မျက်နှာကောင်းမရဘူး၊ မိန်းမတွေများ"

"မိန်းမတွေ ဘာဖြစ်လဲ၊ ယောက်ျားယူတာ ကိုယ်တစ်ယောက်တည်း မရှန်းကန်ချင်လို့ ကူဖော်ရှာတာ၊ ကျွန်မမှာသမီးရှိမှန်းသိလျက်နဲ့ ရှင်ယူခဲ့တာ မဟုတ်လား"

"သိတယ်၊ အဲဒီသမီးကိုပြောနေတာ မဟုတ်ဘူး၊ မင်း မသိတတ်တာကို ပြောနေတာ"

"သိတဘ်ရင် ဘာလုပ်ပေးရမလဲ၊ ရှင့်ကို ခေါင်းပေါ်ရွက်ထားရမလား၊ ရွက်ထားစေချင်ရင် ရှင့်ကိုယ်ရှင် အဆင့်မြင့်အောင် ကြိုးစားဦး"

ပြောပြီး ဒေါ်မြမာက ခြေသံပြင်းပြင်းနှင့် ထသွား၏။

ဘာဖြစ်လဲ... နောက်လင်ယူထားတယ်ဆိုပြီး မျက်နှာငယ်ဖို့လည်း မလို။ ဒီလင်ကို ချော့မော့သည်းခံနေစရာလည်း အကြောင်းမရှိ။



www.burmeseclassic.com

www.burmeseclassic.com



ယူခဲ့တုန်းက ကိုယ့်မှာ ရှိစုမဲ့စု ပိုင်ထားသည့်အိမ်လေးက အပေါင်ဆုံးလုလု…

ဦးမျိုးနိုင်က လူပျို… ဦးလေးနဲ့ နေသည်။

ထိုစဉ်ကတည်းက အရက်သောက်တတ်တာသိပေမယ့် လိုင်းကားတွေမှာ စပယ်ယာလုပ်၍ ရသည့်ဝင်ငွေက မဆိုး။

ဒါပေမယ့် အားကိုးလောက်အောင်တော့ဘာမှမရှိပါ။ သူတတ်နိုင်သမျှလေးကို စုဆောင်းပြီး ဒေါ်မြမာကို ပြေးပေးတတ်၏။

အိမ်ကိစ္စဖြစ်လာတော့ ဦးမျိုးနိုင်က မိတ်ဆွေအပေါင်းအသင်းများဆီကနေ ငွေချေးပေးသည်။

ပြီးမှ သူ့လုပ်အားခထဲက ပြန်ဖဲ့ဆပ်ခဲ့၏။

ငါးနှစ်အရွယ် သမီးလေးတစ်ယောက်နှင့် မြမာ ခေါ်မာဆိုသည့် မိန်းမကိုမှ ဦးမျိုးနိုင်က တမ်းတမ်းစွဲ…

သမီးတစ်ယောက်နှင့် မုဆိုးမဆိုပေမယ့် ဒေါ်မြမာကို ရဖို့ သူ အတော်ကြိုးစားခဲ့ရသည်။

ယောကျ်ားတစ်ယောက်ဆီက အကူအညီကိုယူတာ မသင့်လျော်မှန်းသိပေမယ့်လည်း ဒေါ်မြမာယူခဲ့ရသည်။

ဦးမျိုးနိုင် မရိုးသားစွာ ကူညီနေတာကိုသိသော်လည်း တကယ်ချစ်နေတာမှန်းသိတော့ သာယာခဲ့မိသည်။ နောက်တော့





လူကြီးစုံရာနဲ့ အကျဉ်းချုံး၍ လက်ထပ်ဖြစ်ခဲ့ ကြ၏။

ဒေါ်မြမာ ကံမကောင်းပါ။

သူမနဲ့လက်ထပ်ပြီးကာမှ ကားစပယ်ယာလုပ်လို့မရတော့လောက်အောင် နာမည်ပျက်စရာအဖြစ်တစ်ခု ကားလောကမှာ ဦးမျိုးနိုင် ရင်ဆိုင်ခဲ့ရသည်။

ထိုအဖြစ်ဟာ ကိုယ့်ယောကျ်ားလွန်တာမဟုတ်မှန်းသိ၍ ဒေါ်မြမာက နားလည်ပေးခဲ့ပါသည်။

နောက်ပိုင်း ဆိုက္ကားသမားဖြစ်လာမှ အသောက်အစားက ပိုလာသည်။

အတို့အထောင်စကားတချို့ကို ပြန်သယ်လာပြီး အိမ်မှာ ခဏခဏ စကားများကြရ၏။

ပြီးတော့လည်း ဘာမှမဟုတ်။ သမီးကိုလည်း သူ ချစ်သည်။ ခက်တာက သမီးရှေ့မှာတော့ အကောင်း။

ကွယ်ရာမှာ နားမှုတတ်လွန်းသည့် လူ…

“ငါ့ကိုကမှားတာ၊ ပညာမတတ်၊ အကျင့်ကမကောင်း၊ ဘာမှအားကိုးစရာမရှိတဲ့ယောကျ်ားကို ယူခဲ့မိတယ်”

ဟု သူ့ရှေ့မှာပဲ အော်ပြောပြီး ဒေါ်မြမာငိုပြီဆို ဦးမျိုးနိုင် ပျာယာခတ်ပြီး

“ဘာမှားတာလဲ၊ အကျင့်မကောင်းရအောင် ငါက



www.burmeseclassic.com

www.burmeseclassic.com



ဘာဖြစ်နေလို့လဲ၊ မင်းကို ရှာဖွေမကျွေးလို့လား''

'ယူမိတာမှားပြီ' ဆိုသောစကားက ဦးမျိုးနိုင်ကို ချုပ်ကိုင်နိုင်စွမ်းရှိသည်။

ဒီလိုပြော၍ငိုလိုက်ပြီဆို ငါးရက်တစ်ပတ်လောက်မှာ ဦးမျိုးနိုင်တို့ လိမ္မာနေပြန်သည်။ ပထွေးပီပီ ယုတ်မာတတ်တဲ့သူတော့ မဟုတ်ပါ။

သူဒုက္ခပေးတာ ဒေါ်မြမာကိုပဲ ဖြစ်၏။

အိမ်တံခါးဝရောက်နေပြီဖြစ်သည့် စုံခြေထောက်တွေ ရပ်တန့်သွား၏။ လွယ်အိတ်ကိုဖြုတ်၍ လှေခါးထိပ်မှာပဲ ဘုန်းခနဲပစ်ချကာ ဆောင့်ထိုင်ချလိုက်မိတော့ အရှိန်လွန်၍ တင်ပါးတွေပင် အောင့်သွားသေးသည်။

အိမ်ရောက်လာပြီဆို ဒီအသံတွေပဲ…

တစ်ခါတလေ အိမ်မပြန်ဘဲ တစ်နေရာကို ထွက်ပြေးချင်၏။

"ဟော့… သမီးလေး၊ ဝင်ခဲ့လေ သမီး၊ လာ… ဒီမှာ အဖေကြီးနဲ့ ထမင်းဝင်စားလိုက်"

စုံကိုမြင်ပြီဆို ဦးမျိုးနိုင်တို့က အကောင်း…

"မစားချင်ပါဘူး၊ ဦးမျိုးပဲ မြိုကျအောင်စား၊ တကယ်ပဲ စိတ်ညစ်တယ်"





ဦးမျိုးနိုင်က သူ့ကိုယ်သူ အဖေကြီး…

စုံကတော့ ဦးမျိုးလို့ပဲ ခေါ်ခဲ့ပါသည်။

ဒါလည်း အဖေကြီးလို့ခေါ်ပါဟု မတိုက်တွန်းခဲ့ပါ။ ဦးမျိုးနိုင်ဟာ လူဆိုးဟုထင်စရာရှိပေမယ့် စုံ့အပေါ်ကျတော့ ရိုးသားချစ်ခင်ခဲ့သူပါ။

ပတ်ဝန်းကျင် မိတ်ဆွေအပေါင်းအသင်းများကအစ တချို့က တကယ်ဖြစ်စေချင်၍…

တချို့ကတော့ နောက်ပြောင်၍…

လင်မယားနှစ်ယောက်ကြားကိုသာ တို့ကြ ထောင်ကြ ရှိခဲ့သည်။ သမီးနဲ့ ပထွေးကြားမှာတော့ တို့ထောင် မြှောက်ပင့်ပေးကြတာမျိုး မရှိခဲ့ပေ။

ဦးမျိုးနိုင်ကိုယ်တိုင်ကလည်း ငယ်စဉ်ကတည်းက ကျွေးမွေးကြည့်ရှုခဲ့ရသည့် စုံ့ကို သမီးလေးလိုပဲ ချစ်သည်။

စုံကလည်း ပထွေးရယ်လို့ မျက်လုံးစိမ်းနဲ့ကြည့်နေတာမျိုး မရှိ။ ဒါပေမယ့် ချစ်ချစ်ခင်ခင်လည်း မနေ။

ပြောစရာရှိ ပြောချပစ်လိုက်တာပဲ။

မိဘ မောင်ဘွားကို ဆိုးသလိုမျိုး ဖြစ်၏။

စူပွပွတက်လာသည့် စုံ့မျက်နှာကို မော့ကြည့်၍ရယ်သွမ်းသွေးသော ဦးမျိုးနိုင်မျက်နှာက စေစောကနှင့် ဘာမှ မဆိုင်။



www.burmeseclassic.com

www.burmeseclassic.com



"လာပါ သမီးရဲ့၊ အဖေကြီးတစ်ယောက်တည်း စားရတာ ပျင်းလို့၊ စောစောကဖြစ်ကြတာ အလကား၊ ညည်းအမေကို အဖေကြီးက ဒီလိုပဲ ရစ်နေကျမို့လို့ စားကောင်း သောက်ကောင်းရှိလေး ရစ်ပေးလိုက်တာ၊ ငါ့သမီးနဲ့ ဘာမှမဆိုင်ဘူး၊ လာ… ထိုင်"

အိမ်ထဲဝင်တော့မလို့ပြင်ပြီးမှ စံ တုံ့ခနဲရပ်၍ ပြန်လှည့်ကြည့်သည်။

ပြီးတော့ ထမင်းဝိုင်းလေးနားကို ပြန်လှည့်လျှောက်ခဲ့ပြီး

"သမီးနဲ့မဆိုင်ဘူး ဟုတ်လား၊ ဦးမျိုးပဲ အပိုဆုတွေပါ ရှာကျွေးနေရတယ်လေး ဘာလေးနဲ့"

"ဟင်"

သူခိုးလူမိသလို ဦးမျိုးနိုင် မျက်နှာကြီးမဲ့လိုက် ပြုံးလိုက် အကြိမ်ကြိမ်ပြောင်းလဲသွား၏။

"အဲဒါ သမီးကြားသွားသလား၊ ဟဲ ဟဲ…"

ဦးမျိုးနိုင်က ပါးစပ်ဘေးမှာ လက်ကာလိုက်ပြီး ကိုယ်ကို ရှေ့ကိုကိုင်းကာ အသံကိုနှိမ့်၍

"အဲဒါ သမီးအမေက အဖေကြီးကို ပိုဂရုစိုက်အောင် တမင်ထည့်ပြောတာ၊ မဟုတ်ရင် သူက အဖေကြီးကို သိပ်နိုင်ချင်တာ၊ သမီးကလည်း သိသားနဲ့"





"မသိဘူး၊ ဦးမျိုး အဲဒီလိုပြောတိုင်း စံ ရှက်တယ်၊ အိမ်ကိုပြန်လာချင်စိတ်မရှိတာ သိလား၊ မကျွေးနိုင်ရင်လည်း ပြော၊ စံ ပြန်မလာတော့ဘူး"

"မဟုတ်တာ သမီးရယ်"

"အစကတည်းက စိတ်ချမ်းသာ လက်ချမ်းသာ မျိုချစားသောက်နေရတာ မဟုတ်ဘူး"

"ဟာ… အဲဒီလိုမဟုတ်ဘူး၊ အဖေကြီးနဲ့ ညည်းအမေ ဘာဖြစ်ဖြစ် ငါ့သမီးနဲ့ ဘာမှမဆိုင်ဘူး၊ ပထွေး… ဘာပထွေးလဲ၊ သမီးက အဖေကြီး သမီးပါ၊ မိဘက သားသမီးကို မသထာတာ၊ မကျေနပ်တာ ရှိမလား၊ စိတ်ချ… ငါ့သမီး မကြိုက်ဘူးဆို နောက်ထပ် ဒီလိုစကားတွေ အဖေကြီး လုံးဝ ထပ်မပြောတော့ဘူး"

အခန်းထဲမှာ အကျီချိုင်းပြဲချုပ်နေသည့် ဒေါ်မြမာ ပင့်သက်ရှိုက်လေသည်။

သူများအရက်သမား ပထွေးတွေနဲ့စာလျှင် တော်ပါသေးသည်။

ဦးမျိုးနိုင်ဟာ လူတော်လူကောင်းမဟုတ်ခဲ့ရုပေမယ့် လူဆိုးလည်း မဟုတ်။

§ ॥ §



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ⏩ ၂ ⏪

ဒုတိယနှစ် အဝေးသင်စာမေးပွဲတွေ ပြီးဆုံးသွားပြီ။ ဖြေလည်း ဖြေနိုင်သည်။

သို့သော် စံ မပျော်နိုင်ဘဲ မျက်နှာထူထူလေးတွေ တွန့်ကုတ်လျက် ပလက်ဖောင်းပေါ်မှာ တစ်လှမ်းချင်းလျှောက်နေမိ၏။

"ဩော်... အနီးကပ်ကျူရှင်ယူဖို့ဟာ မယူလို့မဖြစ်တဲ့ ကိစ္စပဲ မာရယ်၊ လုပ်... ရှိတာ လုပ်ပေးလိုက်၊ ငါ့သမီး ဘွဲ့ရမှ အိမ်ဝင်ဝမှာ ဓာတ်ပုံကြီးချိတ်ထားပြီး အမောဖြေရမှာ"

ဦးမျိုးနဲ့အမေ တိုင်ပင်သမျှ စံ ကြားခဲ့သည်။





အနီးကပ်အတွက် ကုန်လိုက်သမျှငွေက အိမ်မှာ အဖိုးတန်တာလေးတွေ အပေါင်ဆိုင် အကုန်ရောက်ကုန်၏။

ပညာရလို့ ဝမ်းသာရမည့်စိတ်တို့က ဘယ်လိုမှ ခေါင်းမပြူနိုင်ဘဲ အမေတို့ ရုန်းကန်နေကြရသည့်အဖြစ်တွေကိုသာ နာကျင်စွာ တွေးနေမိခဲ့၏။

တက္ကသိုလ်မတက်နိုင်လို့ အဝေးသင်ယူတော့လည်း ဘာဆိုဘာမှတောင့်တင်းမှုရှိမထားသည့် မိသားစုတစ်ခုအတွက်က သက်သာတာ ဘယ်နေရာမှမရှိ။

နောက်ဆုံးနှစ်ဖြေဖို့ကို စံ အတော်ကြီး စဉ်းစားရပါပြီ။

"ဟော့"

အသံနှင့်ထပ်တူ နောက်ကနေ ပခုံးကို ဆုပ်ကိုင်လိုက်၏။ ဘယ်သူမှန်းသိသည်မို့ လက်ကိုဖြုတ်ချကာ လှည့်မကြည့်ဘဲ ဆက်လျှောက်ခဲ့၏။

ပါလာသည့် ခေါင်းရိုပ်က စံကိုမီအောင်လျှောက်ကာ မျက်နှာကို ဘေးစောင်းကနေ ငုံ့ကြည့်လိုက်ပြီး

"ဘာဖြစ်တာလဲ၊ မဖြေနိုင်ဘူးလား"

"ဖြေနိုင်တယ်"

"မျက်နှာက ဘာဖြစ်တာလဲ၊ ချက်ချင်းလက်ငင်း အင်းယားကန်ထဲ ခုန်ချတော့မယ့်အတိုင်းပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ အဒီလောက်သတ္တိရှိရင် ခုန်ချချင်တာ"

နှစ်ယောက်သား စကားပျော့ တိတ်သွားကြသည်။

ပြီးမှ ခေါင်ရိပ်က ခြေလှမ်းရပ်ပစ်လိုက်ပြီး စံ့လက်ကို ဆွဲထားလိုက်ကာ

"ပြန်မှာမို့လား၊ ငါနဲ့လိုက်ခဲ့"

"မလိုက်ချင်ဘူး"

စံက လက်ကိုရုန်းပစ်လိုက်ကာ ဆက်လျှောက်၏။ ခေါင်ရိပ်က ပြန်ဆွဲထား၍

"ပြန်မှာပဲဟာ၊ တစ်လမ်းတည်းပဲ၊ ဘယ်သွားစရာရှိလို့လဲ"

"လမ်းပေါ်မှာလျှောက်နေချင်လို့၊ နင့်ဟာနင် ပြန်"

ခေါင်ရိပ်က လှည့်ပြန်မသွားပါ။

စုံဘေးကနေပဲ ပူးဉ်တွဲပါလာ၏။ နှစ်ယောက်က ငယ်သူငယ်ချင်း...

အစက အိမ်ချင်းကပ်ကပ်လေး...

နောက်တော့ တစ်လမ်းတည်းပေမယ့် လမ်းမတန်းထိပ်သို့ ခေါင်ရိပ်တို့ ပြောင်းသွားကြသည်။

မိဘဘိုးဘွားတွေက ချမ်းသာကြတာမို့ ခဏသာပစ်ပယ်ခံလိုက်ကြရသော ခေါင်ရိပ်၏မိဘများက မိဘများနဲ့





ပြန်၍သင့်မြတ်သွား၏။

ဆင်းဆင်းရဲရဲဘဝကနေ ချက်ချင်းပြောင်းလဲသွားကြသည်။

သို့သော် ခေါင်ရိပ်၏ဖခင်က မာနကြီးသည်။ မိနီး၏အသိင်းအဝိုင်းထဲကို မလိုက်လိုသောကြောင့် လူချမ်းသာတွေဖြစ်သွားပေမယ့် ဒီရပ်ကွက်၊ ဒီလမ်းထဲမှာပဲ နေဖြစ်ခဲ့ကြ၏။

စံတို့ဘဝနဲ့တော့ အကွာကြီး ကွာပါသည်။ ခေါင်ရိပ်၏ မိခင်ကိုယ်တိုင် ဒီနေ့ထိ စံနဲ့ ခေါင်ရိပ် ခင်မင်တွဲသွားနေတာကို လုံးဝမကြိုက်။

ဦးထွန်းလူကတော့ လူငယ်တွေ၏ ငယ်သံယောဇဉ်ကို နားလည်သူဖြစ်၏။

နောက်ထပ်ပိုဆိုးသည်က ခေါင်ရိပ်မှာ မောင်နှမဝမ်းကွဲတွေ အများကြီးရှိသေးသည်။

ဦးလေး၊ အဒေါ်၊ ဘိုးဘွားတွေ အပြည့်အစုံ..

"သမီးရော်... ညည်းတို့ သွားတာ လာတာ ဆင်ခြင်ကြ၊ ကလေးတွေ မဟုတ်တော့ဘူး၊ ခေါင်ရိပ်အမေက သိပ်မောက်မာတာ၊ ဟိုဟိုဒီဒီပြောလာရင် ငါက ခံနေမှာ မဟုတ်ဘူး"

အမေကလည်း သတိပေးခဲ့ဖူးပြီ။

ထို့ကြောင့် ခေါင်ရိပ်ကားကိုစီးဖို့ စံ ဘယ်တော့မှ



www.burmeseclassic.com

www.burmeseclassic.com



စိတ်မကူး။ ခေါင်ရိပ်ကလည်း ကားဆီမပြန်ဘဲ စံလျှောက်နေသမျှ ကပ်ပါနေကာ...

"ဘယ်ထိသွားမှာလဲ၊ တစ်ခုခုဝင်စားရင်း စိတ်ညစ်လေ၊ အတူတူ ညစ်တာပေါ့"

ဒီတစ်ခါ စံ ခေါင်းညိတ် ခေါင်းခါတာကို မစောင့်ဘဲ အနီးဆုံးမှာရှိသည့် ကော်ဖီဆိုင်လေးထဲသို့ ခေါင်ရိပ်က ရှေ့ကနေ ဝင်သွား၏။

ဒီလိုပါပဲ...

စံနဲ့ ခေါင်ရိပ်က စရိုက်တူ... ဝါသနာတူ...

လမ်းဘေးမှာ မုန့်ထိုင်စားရတာကို သဘောကျ၏။ စိတ်ကူးတစ်ခုခုပေါ်လာပြီဆို တစ်ယောက်ကပြောလိုက်၊ တစ်ယောက်က ခေါင်းညိတ်ပြီးသား။

ငယ်ငယ်ကတည်းက လက်ချင်းချိတ်၍ လမ်းဖြတ်ကူး၊ တစ်ခုခုစားတော့မည်ဆို လက်ချင်းတွဲပြီးမှ ဆိုင်ထဲဝင်။

ဘာပဲလုပ်လုပ် ဆုံးဖြတ်ပြီးပြီဆို လက်ချင်းဆုပ်လိုက်မိကြတာ ငယ်ကျင့်လိုဖြစ်နေ၏။

ငါးတန်း ခြောက်တန်းရောက်တဲ့အထိ ကစားကွင်းမှာ သွားဆော့ကြတော့ တစ်ယောက်ချင်းလျှောစီးရသည့် လျှောခါးပေါ်တက်ကြပြီး တစ်ယောက်ချင်းမစီးဘဲ နှစ်ယောက်ပူး မရ





မက ထိုင်ကြသည်။

လျှောက လျှောမကျဘဲ ပိတ်သိပ်ခံနေတော့ ကိုယ့်ခြေထောက်နဲ့ကိုယ်ယက်ပြီး မရမက လျှောကျအောင် ဆင်းကြသည်။

နောက်က လျှောချလိုက်သောသူတွေနှင့် လုံးထွေးကာ လျှောပေါ်က ပြုတ်ကျလို့ ခြေကျိုး လက်ကျိုးမဖြစ်ကြတာ ကံကောင်း။

ထိုစဉ်က ဒေါ်စိန်မမ စကားကြီး စကားကျယ်တွေပြောလို့ ဒေါ်မြမာကလည်း မခံ။

ဦးထွန်းလူ ပြေရာပြေကြောင်းလာပြောမှ ထိုပြဿနာပြီး၏။ လူကြီးတွေသာမက ကလေးချင်းပါ မခေါ်ဖြစ်ကြတာ တစ်လ ကိုးသီတင်းဖြစ်သွားသည်။

ခေါင်ရိပ်က မခေါ်တာ မဟုတ်ပါ။

စံက မခေါ်တာ ဖြစ်၏။

စံနဲ့မခေါ်ဘဲ ကြာကြာမနေနိုင်တာလည်း ခေါင်ရိပ်ပဲ ဖြစ်သည်။

"စံ"

မျက်နှာချင်းဆိုင်ထိုင်မိကြတော့ မှဲ့ကုတ်ကုတ်လေးဖြစ်နေသည့် စံ့မျက်နှာလေးကို ခေါင်ရိပ်က သေချာကြည့်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဘာစားမလဲ"

"ဘာစားရမှာလဲ၊ ဒီမှာ ကော်ဖီနဲ့ မုန့်ပဲရှိမယ့်ဟာ"

စံက စိတ်မရှည်သံနှင့် ဖြေ၏။

"လက်ဖက်ရည်၊ ကော်ဖီလည်း အမျိုးမျိုးရှိတာပဲ၊ မုန့်တွေ ဟိုမှာ ရှိုးကေ့စ်တွေအများကြီးနဲ့ အပြည့်ပဲ၊ အားလုံး စားမှာလား၊ ဘာဖြစ်ဖြစ် လာချရင် စားမှာလား"

"စားတယ်"

"ပြီးရော"

ခေါင်ရိပ်က မုန့်တွေ ငါးမျိုး ခြောက်မျိုးမှာပြီးသည်အထိ ရှိုးကေ့စ်တွေထဲကို ရှာဖွေနေတုန်း…

ရှိတာလား၊ စောင်းနေတာလား…

စိတ်ညစ်နေသည့် စံမျက်နှာလေးက ဒေါသရောင်သို့ ပြောင်းလဲလာ၏။

"ဘာသောက်မလဲ ညီလေး"

ခေါင်ရိပ်က စားပွဲထိုးလူရွယ်ကို မော့ကြည့်ပြီးမှ စံကို တစ်ချက်ငဲ့ကြည့်ကာ

"ဘာရလဲ"

"အပူ… အအေး အကုန်ရတယ်"

"အကုန်ချပေး"





"ဟင်"

"ခေါင်ရိပ်"

စံ မနေနိုင်တော့ဘဲ ခပ်ကြိတ်ကြိတ် ထအော်မိသည်။ ဒါတောင် အသံက သိပ်မကျယ်…

စားပွဲဝိုင်းတွေက နီးနီးလေးမို့ စံတို့ပွဲမှာ ဖြစ်နေသမျှကို အနီးစားပွဲတွေက သတိထားမိနေကြပြီ။

"ဘာလဲ"

"နင် အလှူပေးမလို့လား"

"ဘယ်ကလာ၊ နင်ကြိုက်တာမပါမှာစိုးလို့လေ၊ ဘာစားမလဲမေးတော့ မပြောဘဲနဲ့"

စံက မျက်စောင်းထိုး၏။

စားပွဲထိုးလူရွယ်က ပြုံးနေသည်။

"ကော်ဖီပလိန်းပဲ ပေးပါ"

ဟု စံမှာတော့…

"ရှုပါဝမ်း"

ဟု ခေါင်ရိပ်က ထပ်ဖြည့်ပေးလိုက်သည်။ ပြီးတော့ မုန့်ပွဲတွေကို စံ့ရှေ့တိုးပေးကာ…

"ကြိုက်တာ ယူစား"

"ခေါင်ရိပ်… နင်မရှုံ့နဲ့နော်"



www.burmeseclassic.com

www.burmeseclassic.com



"တွေ့လား"

"ဘာတွေ့လားလဲ၊ စားပွဲပေါ်မှာ မုန့်တွေ ဒီလောက် ပြည့်လျှံနေတာ သူများတွေ ကြည့်ကုန်ပြီ၊ ပြီးတော့ ဒါ မုန့်စားတဲ့ အချိန်လား"

လက်ဖက်ရည်နဲ့ မုန့်စားကြတာ မနက်ပိုင်းပဲ ဖြစ်သည်။ နေ့လယ်ခင်းဆိုတာ မုန့်ကို သိပ်စားကြတာမဟုတ်။

အားလုံးထဲမှာထက် သူတို့စားပွဲတစ်ဝိုင်းတည်းမှာသာ မုန့်ပွဲတွေ ပြည့်နေတာ ဖြစ်၏။

ကိုယ့်စားပွဲကို ပြန်ဝေ့ကြည့်ကာ ခေါင်ရိုပ်က စပ်ဖြဲဖြဲနှင့်...

"ဘာဖြစ်လဲ၊ ကြိုက်တာယူစားပေါ့၊ တစ်ခုပဲစားစား၊ တစ်ဖဲ့ပဲစားစား၊ အကုန်လုံးရှင်းပေးရမှာမှ မဟုတ်တာ"

"ဟွန်း"

စံက မျက်စောင်းထိုးတော့ ခေါင်ရိုပ်က ရယ်သည်။

"အဲဒီမျက်စောင်း တစ်နေ့မခံရရင် ပြန်ရတာမဖြောင့်လို့"

နောက်ထပ် မျက်လုံးဝင့်ကြည့်မိပြီးမှ မထိုးဖြစ်ဘဲ စံ မျက်နှာလွှဲလိုက်သည်။

အလှပြင်ဆိုင်မှာ တမင်ပြုပြင်ထားတာမဟုတ်ဘဲ အဖျားလေးတွေ တွန့်ကောက်နေသည့် ပခုံးအောက်ဆံပင်လေး





နှင့် စုံမျက်နှာသွယ်သွယ်လေးကို ခေါင်ရိုပ်က စိုက်ကြည့်သည်။

နှာတံလေးလည်း ပေါ်သည်။ မျက်ခုံးထူထူလေးတွေက ထင်းနေ၏။ ပြီးတော့ မျက်ဝန်းညိုတို့က မျက်တောင်ရှည်လေးတွေကြောင့် ဝင့်ကြည့်လိုက်တော့ ညို့အားကောင်း၏။

ထူပြည့်ပြည့် နီမြန်းသော နှုတ်ခမ်းလေးများနှင့် စံဟာ အလွန်လှပါ၏။ ဒါပေမဲ့ တောက်ပထည်ဝါဖို့ဆိုတာ ဝတ်စားပြင်ဆင်နိုင်ဖို့လည်း အဓိကဖြစ်သည်မို့ စံ၏အလှက မပေါ်လွင်ရှာပါ။

ဘာပဲဖြစ်ဖြစ် စုံမျက်နှာလေးဟာ ဘယ်နေရာကြည့်ကြည့် ပြစ်ချက် ဘာမှမရှိတာ သူသိသည်။

ကြည့်လည်း ကြည့်နေချင်သည်။

သူ အရပ်မြင့်လှပါသည်ဆိုတာကို မတိမ်းမယိမ်း လိုက်မိနေသော နံ့အရပ်မြင့်မြင့်၊ တင်းပြည့်သောကိုယ်လုံးလေးနှင့် တမင်လှအောင် ထိန်းချုပ်တာမဟုတ်ဘဲ စံက လမ်းလျှောက်တော့လည်း ကြည့်ကောင်းနေတဲ့သူ။

"ဘာကြည့်တာလဲ၊ မြန်မြန်စား... ပြီးရင်ပြန်မယ်"

လက်ဖက်ရည်နဲ့ ကော်ဖီရောက်လာတော့လည်း မသိသလိုလုပ်နေသည့် ခေါင်ရိုပ်ကို စံက သတိပေး၏။

ခေါင်ရိုပ်က စားစရာကို ငုံ့လည်းမကြည့်၊ ထိလည်းမထိ၊



www.burmeseclassic.com

www.burmeseclassic.com



"စံ"

"ဘာလဲ"

"ငါပြောထားတာ ဘယ်လိုလဲ"

စံက မျက်စောင်းထိုး၍ ကော်ဖီကိုမွှေပြီး မှုတ်သောက်နေသည်။

"ပြောလေ စံ"

"ဘယ်လိုဖြစ်နေတာလဲ ခေါင်ရိုပ်၊ ဒါ ပြောရမယ့်နေရာလား"

စံက ကိုယ်လေးရှေ့ကိုင်းကာ အသံအုပ်၍ပြော၏။

"ဒါဆို ပြောလို့ကောင်းတဲ့နေရာ ခေါ်မယ်၊ လိုက်မှာလား"

"မလိုက်ဘူး"

"ဒါပဲလေ၊ သိသားပဲ၊ အဲဒါကြောင့် အခုမေးနေတာ၊ ဖြေလေ"

စံက မျက်နှာကို တင်းပစ်ပြီး ပြန်ကြည့်၏။

"ငါ့ရင်ထဲမှာ သူငယ်ချင်း..."

"ဟာ... တော်ပြီ၊ အဲဒါ လုံးဝမကြားချင်ဘူး၊ ဒီထက်ပိုဖို့ကိုပြောနေတာ စံရယ်၊ လျှောက်ဝေ့မနေစမ်းပါနဲ့၊ တော်ကြာ ချစ်တာတွေ မေတ္တာတွေ ကျယ်ကျယ်လောင်လောင် ပါလာနိုင်တယ်နော်၊ မယုံမရှိနဲ့"





ငယ်ငယ်ချောချော စုံတွဲလေးမို့ သူတို့ကို ဆိုင်ထဲမှာ ရှိသမျှလူတွေက သတိထားမိနေကြသည်။

ခေါင်ရိုပ်က ပြောသလိုလုပ်ဖို့ ပါးစပ်က တပြင်ပြင်နှင့် စံက ကော်ဖီကိုမကုန်ဘဲ ထားခဲ့ပြီး ထလိုက်သည်။

ခေါင်ရိုပ် ဘာမှမစားရသေးဘဲ ကပျာကယာ ပိုက်ဆံရှင်း၏။ နှစ်ယောက်သား လမ်းပေါ်ပြန်ရောက်လာကြတော့မှ...

"ဘယ်သွားမှာလဲ"

"ဘယ်သွားသွား... နင်ပြန်တော့၊ သွား..."

စံက လှည့်အော်၏။

"ငါ့မှာ ငါ့အိမ်က သောကတွေနဲ့..."

"လူတိုင်းမှာ သောကရှိကြတာပဲ၊ နင့်သောကတွေက ဘာတွေလဲဆိုတာလည်း ငါသိတယ်၊ အဲဒါ ဘာဖြစ်လဲ"

စံက မပြေးရုံတမယ် လျှောက်နေရာကနေ ရပ်ပစ်လိုက်၏။

"နင်က ဘာမှမဖြစ်ပေမယ့် ငါက ဖြစ်တယ်၊ သူငယ်ချင်းလိုနေကြတာတောင် နင့်အမေပါးစပ်က ဟိုပြောဒီပြော၊ ချစ်သူဖြစ်သွားရင် သတ်ပွဲတွေဖြစ်ကုန်မှာပဲ၊ လုံးဝကို မစဉ်းစားဘူး"

ခေါင်ရိုပ်မျက်နှာ မည်းညိုသွား၏။



www.burmeseclassic.com

www.burmeseclassic.com



စံ့လက်ကို ဖျတ်ခနဲ ဆုပ်ကိုင်ကာ အနီးဆုံးမှာရှိသည့် ကွန်သာယာ ပန်းခြံလေးထဲကို ဒေါ်နဲ့ မောနဲ့ ဝင်သည်။

သစ်ပုပ်ပင်လေးတွေ အစေယ်မှာ ရပ်လိုက်ပြီး...

"လုံးဝမစဉ်းစားဘူး ဟုတ်လား"

"ဟုတ်တယ်၊ နင်က သူဌေးသားလေ၊ ငါက ဆင်းရဲတယ်၊ အဲဒီလိုလူတွေ ချိုးနှိမ်စော်ကားတာ ငါ ဘယ်တော့မှ မခံဘူး"

"ဘာမှမဆိုင်ဘူး၊ နင် အဲဒီလူတွေကို ယူမှာလား၊ ငါ့ကို ယူမှာလား"

"ဘာကိုမှမယူဘူး"

"စံနော်... ငါ့ဒေါသကို မဆွနဲ့"

"အံမာ... ငါ့မှာလည်း ဒေါသရှိတာပဲ၊ နင့်ဒေါသမှာ အစွယ်ဘယ်နှစ်ချောင်းပါနေလို့လဲ"

စံက သူ့ထက်ကျယ်အောင် ပိုအော်၍ တစ်ဖက်လှည့်၏။

ခေါင်ရိပ် စံ့လက်မောင်းလေးကို ဆောင့်ဆွဲ၍ ယိုင်နဲ့ပါလာသည့် ပခုံးလေးနှစ်ဖက်ကို ဆုပ်ကိုင်သည်။

"ဒီနေ့ ရန်မဖြစ်ချင်ဘူး စံ၊ ငါ နင့်ကိုချစ်တယ်"

စံ မျက်နှာလွှဲပစ်သည်။

ခေါင်ရိပ်က ထိုမျက်နှာနောက် မရမက လိုက်ပြုံကြည့်ကာ





"သူငယ်ချင်းဆိုတာကြီးကို တစ်သက်လုံးဆုပ်ကိုင်သွားကြမှာလား စံ၊ ငါ နင့်ကို မရိုးသွားခဲ့တာကြာပြီ၊ မျိုသိပ်ခဲ့တာလည်း မဟုတ်ပါဘူး၊ စသလို နောက်သလိုနဲ့ နင့်ကို ငါ တစ်နေ့လက်ထပ်ယူမယ်ဆိုတာ ကိုးတန်းစတက်ကတည်းက ခဏခဏ ပြောနေခဲ့တာ၊ တကယ်က အဲဒါ အတည်ပြောတာ၊ ငါ နင့်ကိုချစ်တယ်"

မျက်နှာချင်းက နီးနီးလေး ဖြစ်နေသည်။

ပခုံးမှာ ဖျစ်ဆုပ်ထားတာကို ရုန်းလို့မရ။ ဒီတော့မှ အမြဲတမ်း ကိုယ့်သဘောကျဖြစ်ပေးနဲ့တဲ့ ခေါင်ရိပ်ဟာ တမင်အလိုလိုက်နေခဲ့တာမှန်း သိလာ၏။

သူ အတင်းအကျပ် ပြုမူပြောဆိုလာမည်ဆို စံ ဘာမှမတတ်နိုင်ပါလား။

"ခေါင်ရိပ်... ငါ့ကိုလွှတ်"

ဖြုတ်ချလို့မရဘဲလည်း ပခုံးက သူ့လက်ကို ဖြုတ်ချနေမိသည်။

"ငါ နင်မကြိုက်တာကို ဘွတ် မလုပ်ချင်ဘူး စံ၊ ချစ်နေတာကိုလည်း နင် မဖြေပေမယ့် ငါသိတယ်၊ နင်နဲ့ငါ့ကြားမှာ မျိုသိပ်ဟန်ဆောင်နေဖို့ ဘာမှမရှိဘူး၊ ဖြေစမ်းပါ၊ ငါ့ကိုချစ်တယ်မို့လား"



www.burmeseclassic.com

www.burmeseclassic.com



"မချစ်ဘူး"

"ဟာကွာ"

ခေါင်ရိုပ် မျက်နှာရှုံ့မဲ့သွားသည်။

စံ ပခုံးလေးကိုလွှတ်လိုက်ပြီးမှ တင်းခနဲ ပြန်ဆုပ်၏။

"အန်တီက တားထားလို့မို့လား၊ အမေ့ကြောင့် မချစ်နိုင်တာလား"

"ဟုတ်တယ်"

"ဟင်... ဒါဆို ချစ်တယ်ပေါ့"

"အဲဒီထိကို မစဉ်းစားခဲ့ဘူး"

"ပြဿနာပဲကွာ"

ဟုတ်တယ် မဟုတ်ဘူးဆိုသည့်နှစ်ခုကြားက အဖြေကို ကတ်သီးကတ်သပ်ဖွဲ့ထုတ်ပစ်သော စံ ပြောပုံကြောင့် ဒေါသဖြစ်ရအခက်၊ ရယ်ရအခက်...

"စံ... ဘာလဲကွာ၊ ချစ်ရင် ချစ်တယ်၊ မချစ်ရင်... အဲ..."

စံက ဆတ်ခနဲ မော့ကြည့်တော့ ခေါင်ရိုပ် ပျာပျာသလဲ ဖြစ်သွား၏။

"မရဘူး၊ အဲဒီလိုမဖြေနဲ့၊ ယုံလည်း မယုံဘူး"

"သေလိုက်ပေါ့၊ မချစ်ဘူး၊ ငါချစ်မယ့်လူမျိုးထဲမှာ နင်လည်း မပါဘူး၊ ဖယ်"





"စံ... နင်... နင် စကားကို ပြင်ပြော"

"မပြောဘူး၊ ဖယ်နော်"

စံက လက်နှစ်ဖက်နှင့် သူ့လက်နှစ်ဖက်ကို အတင်းကာထုတ်၏။

တစ်ခါတလေ မခံချင်ဒေါသတို့သည် ရယ်ယူအနိုင်လိုတတ်မှန်း၊ စံ သတိမထားနိုင်ခဲ့။

အမှတ်တမဲ့မို့ ခေါင်ရိုပ်ဆွဲဖက်ပစ်လိုက်တာကို ဘယ်လိုမှ မကာကွယ်လိုက်နိုင်။

"ခေါင်ရိုပ်... နင် ဘာလုပ်တာလဲ၊ လွှတ်စမ်း... လွှတ်နော်"

လက်ထဲမှာ ဆုပ်ကိုင်ထားသည့် ဘောလ်ပင်တွေထည့်ထားသော ပိုက်ဆံအိတ်ရှည်လေးရော...

နောက်ဆုံးနေ့မို့ နယ်ကိုပြန်ရမည့်သူငယ်ချင်းတစ်ယောက် ပေးလိုက်သော လက်ဆောင်ဝက်ဝံရုပ်သော့တွဲလေးရော... တစ်ခု တစ်နေရာစီ ပြန့်ကျဲကျသွား၏။

ဒေါသလား... ရှက်တာလား ဘာမှမခွဲခြားနိုင်။

စက္ကန့်ပေါင်းများစွာ မှောင်အတိကျသွားခဲ့သည်။

နှလုံးသားသည် ဘယ်ဘက်ရင်အုံမှာရှိနေတာ မဟုတ်ဘဲ တစ်ကိုယ်လုံးမှာ ရှိနေသည်လား...



www.burmeseclassic.com

www.burmeseclassic.com



စံ တစ်ကိုယ်လုံး သွေးတို့ အဆမတန်ဆောင့်တိုးလည်ပတ်လာကာ တကယ် ဘာဆိုဘာမှမသိတော့။

"ကောင်စုတ်... အစုတ်ပလုတ် ခေါင်ရိုပ်... လူညစ်သွား... နင် သွားတော့၊ သွား"

သစ်ပင်အောက်မှာ ဆောင့်ကြောင့်လေးထိုင်ချကာ စံ ဟီးခနဲ ငိုပစ်လိုက်မိသည်။

ယန်းခြံထဲမှာ လူရှင်းနေမှန်းသိပေမယ့် သူ အတင်းအကျပ်ကြီး နမ်းနေတာကို တစ်ယောက်ယောက်တော့ မြင်မှာပါ။

ရှက်သည့်စိတ်က တလှိုက်လှိုက်တက်လာ၏။

ဒူးနှစ်ဖက်ပေါ် လက်ပိုက်တင်၍ မျက်နှာမှောက်ချ၍ တအားငို၏။

"စံ"

"ခေါင်ရိုပ်... နင်သွားနော်"

"မသွားဘူး"

ခေါင်ရိုပ်က စံ့ဘေးမှာထိုင်ချလိုက်ပြီး မျက်နှာကို အတင်းအကျပ် မော့ယူ၏။

စံက ဖွတ်ပြန်ငုံ့သည်။

"ငါ အနိုင်ကျင့်တာမဟုတ်ဘူး၊ ချစ်လို့"

"နင့်ကို ဘယ်သူက ချစ်တယ်ပြောလို့လဲ"





"မပြောပေမယ့် ငါသိတယ်၊ ကြာကြာဖုံးကွယ်ထားလို့မရအောင် ရင်ခုန်တတ်သွားဖို့လိုတယ်၊ အဲဒါကြောင့်"

"သွားသေလိုက်"

"ဟား ဟား..."

စံ ဆတ်ခနဲ ထပြေးသည်။

ခေါင်ရိုပ်က ရယ်၍ ပြေးလိုက်၏။

ဘေးလူတွေမြင်လျှင် ချစ်သူတွေ ကျီစယ်ပြေးလွှားနေသလိုလို...

တကယ်တော့ စံ ခေါင်ရိုပ်ဘက်ကို မျက်နှာမလှည့်ရဲ၍ ရှေ့ကို ဖွတ်ပြေးနေခြင်းဖြစ်သည်။

ရှက်လိုက်တာ...

တစ်သက်လုံးမှာ ဒီလောက်ထိရှက်ဖူးခဲ့တာ မရှိ။

သူချစ်နေမှန်းသိပေမယ့်လည်း ခုလို ဖွတ်တရွတ်ကြီးပြုမူလာမည်ဟု ဘယ်တုန်းကမှ မတွေးမိခဲ့ပေ။

ရင်ခုန်တတ်မှ ချစ်တတ်တာလား...

ဒါဆို စံ ရင်တွေခုန်နေတာ ဘာကြောင့်လဲ ..

၆ ॥ ၆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ⏩ ၃ ⏪

"ခေါင်ရိပ်"

နှာမည်နှစ်လုံးထဲကို ဆောင့်ခေါ်လိုက်သည့်လေသံက ဦးထွန်းလူ လက်ဖက်ရည်ပန်းကန် မ,လိုက်ပြီးမှ ဖျတ်ခနဲ မော့ကြည့်၏။

ခေါင်ရိပ် ပေါင်မုန့်ကိုက်လျှက်သားနှင့် မျက်လုံးပြူး သွားသည်။

ဒေါ်စိန်မမက စားပွဲပေါ်မှာ လက်ထောက်၍ ခပ်တောင့်တောင့် ဝင်ထိုင်လိုက်ပြီး…

"မနေ့က စာမေးပွဲပြီးတော့ တန်းပြန်မလာဘဲ ဘယ်ဝင်နေတာလဲ ပြောစမ်း"





ဒေါ်စိန်မမက သူခိုးဖမ်းသည့်မျက်လုံးများနှင့် ဖြစ်ပေမယ့် ခေါင်ရိပ်က မျက်နှာမပျက်။

"ဘယ်မှမဝင်ပါဘူး၊ သား တန်းပြန်လာတာပဲဟာ"

"ဘာတန်းပြန်တာလဲ၊ မင်းကို စံနဲ့ 'တော်ဝင်' ကဖေးထဲမှာ မြင်ခဲ့တယ်လို့ ငါ့ကိုပြောပြီးသား၊ ဘယ်သူပြောလဲ ဘာညာ မမေးနဲ့၊ ဟုတ်သလား၊ မဟုတ်ဘူးလား"

ခေါင်ရိပ်က ခေါင်းညိတ်၍ တော်တော်နှင့်မဖြေဘဲ ပေါင်မုန့်ကိုကုန်အောင် စားလိုက်သေးသည်။

"ဟုတ်ပါတယ်၊ စာမေးပွဲပြီးလို့ မုန့်ဝင်စားကြတာ ဘာဖြစ်လို့လဲ မေမေ"

"ဘာဖြစ်လို့လဲ ဟုတ်လား"

ဒေါ်စိန်မမက "တွေ့လား ရှင့်သား" ဆိုသော မျက်လုံးများနှင့် ဦးထွန်းလူဘက်ကို စေ့ကြည့်လိုက်ပြီးမှ…

"ကျောင်းမှာ ကျောင်းသွားရင်း စားကြသောက်ကြတာ ငါမပြောဘူး၊ တော်ဝင်လက်ဖက်ရည်ဆိုင်နဲ့ ကျောင်းက ဘာမှမဆိုင်ဘူး၊ အဲဒီဘက်ကိုရောက်သွားတဲ့အကြောင်း ပြော"

"မဆိုင်ဘူးဆိုပေမယ့် လမ်းက တစ်ကြောတည်းပဲ မေမေ၊ စံက သူ့ကိစ္စနဲ့ သူသွားတာ၊ အဲဒါ သားက တမင် အဖော်လိုက်ပေးတာ၊ ပြီးတော့ ချက်ချင်းပြန်လာတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"မလိုချင်ဘူး၊ အဲဒီကောင်မလေးနဲ့ မင်း လုံးဝမတွဲနဲ့၊ အဆင့်အတန်းဆိုတာ တကယ်ရှိတယ်နော် ခေါင်ရိုပ်၊ ရုပ်ရှင်ထဲမှာလို မင်းသမီးနဲ့မင်းသား ညားဖို့လွယ်မှာမဟုတ်ဘူး၊ မင်းရဲ့ဆားမှာ… အို… အဲဒီကောင်မလေး ငါ့ကားပေါ် လုံးဝ ပါမလာစေနဲ့"

"သူကလည်း သားခေါ်တာတောင်မှ မလိုက်ပါဘူး"

"တိတ်စမ်း"

ဒေါ်စိန်မမ ဒေါသတွေပဲဖြစ်နေရကာ လက်ဖက်ရည်ကရားကိုကိုင်ထားလျက်နှင့် ပန်းကန်ထဲကို မထည့်ဖြစ်သေး။

မနက်စောစောစီးစီးမို့ ထိန်းချုပ်ပြောဆိုဖို့လည်း မေ့နေ၏။

"မင်း ဘာမှကာကွယ်ပြောမနေနဲ့၊ အရက်သမားပထွေးနဲ့နေရတဲ့ မိန်းကလေး၊ တစ်သက်လုံးက နေခဲ့ရတာဆင်းဆင်းရဲရဲ၊ မျိုးရိုးဗီဇထဲမှာ ချမ်းသာတဲ့လူရှိလား၊ ချမ်းသာခဲ့ဖူးသလား"

ခေါင်ရိုပ် နှာခေါင်း မသိမသာတွန့်ကာ မျက်လွှာချထားလိုက်၏။

လက်ကရော ပါးစပ်ကရော တာဝန်ကျေနေကြတာ အစားအသောက်မပျက်။

"သူ့ကိုပဲကြည့်၊ ဘာရည်ရွယ်ချက်ရှိသလဲ၊ မြင့်မားဖို့





ကြိုးစားတာ ဘာရှိသလဲ၊ အဝတ်အစားက မပြောင်ရောင်၊ ဘယ်အချိန်ကြည့်ကြည့် မျက်နှာက အပြောင်သား"

ဦးထွန်းလူက လက်သုတ်ပဝါကောက်ယူလိုက်ရင်း သက်ပြင်းချသည်။

"ဆင်းရဲတဲ့မိန်းကလေးတစ်ယောက်က အဲဒီလိုနေတတ်တာ တော်တယ်လို့တောင်ပြောရဦးမယ် မမ၊ ကိုယ့်ဘဝနဲ့အလှမ်းဝေးတဲ့ အလှအပ အဆောင်အယောင်တွေကို မက်မောတတ်နေရင် ပျက်စီးနိုင်တယ်၊ မိန်းမငယ်လေးတစ်ယောက်အဖို့လောဘနဲ့ ထိန်းချုပ်မှုကို ယှဉ်တွဲနားလည်ထားနိုင်ဖို့ မလွယ်ဘူး၊ ဒီကောင်မလေး နေတတ်ရှာပါတယ်"

"အစ်ကိုက ဘာဖြစ်လို့ကာကွယ်ပြောနေရတာလဲ၊ မမပြောနေတာ သူ့ကိုယ်ကျင့်တရားကို မဟုတ်ဘူး၊ သူ့အသိုင်းအဝိုင်း၊ သူ့ပတ်ဝန်းကျင်ကို"

ဒေါ်စိန်မမက စားသောက်ပြီး လစ်တော့မို့ပြင်နေသည့် ခေါင်ရိုပ်ကို မထရဲအောင် စီးမိုးစိုက်ကြည့်ကာ

"အဲဒီအငွေ့အသက်တွေကို ငါမလိုချင်ဘူး ခေါင်ရိုပ်၊ မင်းကို မေမေ အဲဒီဘဝတွေကြားထဲမှာ မွေးဖွားခဲ့တာ မဟုတ်ဘူး၊ အခြေအနေအခိုက်အတန့်လေးတစ်ခုအတွင်းမှာ မလွဲသာလို့ အဲဒီကိုရောက်ခဲ့တာ"



www.burmeseclassic.com

www.burmeseclassic.com



ဒီစကားကိုရောက်တော့ ဦးထွန်းလူ မျက်နှာပျက်၏။ သူ့ဒွေးသမီးကို လက်ထပ်ခဲ့သည်။ မိန်းမကို ခေါ်လို့မရ၊ ကိုယ်လည်း မခွဲနိုင်၍ မိန်းမအိမ်မှာ လိုက်နေခဲ့၏။

နောက်တော့မှ မတူညီသော အသိုင်းအဝိုင်းတို့၏ တင်စီးဆက်ဆံ ခွဲခြားမှုတွေကို သည်းမခံနိုင်တော့ဘဲ ခွဲထွက်ခဲ့တုန်းက သူငယ်ချင်းအိမ်လေးထဲမှာ ခိုအောင်းရင်း လွမ်းတာကို ကြိတ်မှိတ်၍ ဖြစ်သလိုနေဖို့…

နယ်မှာရှိကြတဲ့ ဆွေမျိုးနီးစပ်တို့ဆီလည်း မပြန်ချင်။ တကယ်တမ်းကျတော့ ဒေါ်စိန်မမက သူရှိရာ လိုက်လာခဲ့သောကြောင့် သားလေးငယ်ငယ်နှင့် ထိုရပ်ကွက်ထဲမှာပဲ နေဖြစ်ခဲ့ကြသည်။

ဇနီးသည် ဘယ်လောက်ထိအနစ်နာခံမလဲဆိုတာကို စမ်းသပ်တာမျိုး မဟုတ်ပါ။ ဒါပေမယ့် ဆင်းရဲသော်လည်း ဒီအသိုင်းအဝိုင်းတွေကို အရှုံးမပေးနိုင်သည့်မာနက ရှိနေသည်။

သင်းတို့သမီးကို ဒီလိုထားတာ ဘာဖြစ်လဲဆိုသော ခွတ်တရွတ်ဆန်ချင်သည့် မကောင်းစိတ်တို့လည်း ရှိနေခဲ့၏။

ထို့ကြောင့် ဇနီးဖြစ်သူအတွက် နစ်နာရှာမှန်းသိသော်လည်း သူ ဒီတိုင်းပဲ ဖြစ်နေခဲ့သည်။

စိတ်ကလည်း ဒီလိုနေဖို့ပဲ ပိုင်းဖြတ်သည်။





တကယ်ကြိုးစားတော့လည်း ဘယ်ဟာမှ ဟုတ်တိပတ်တိ မအောင်မြင်။ ထို့ကြောင့် လမ်းထိပ်က ခြံကျယ်နှင့် နှစ်ထပ်တိုက်မြင့်ကို ဝယ်နိုင်ဖို့ နှစ်များစွာ ကြာမြင့်ခဲ့၏။

နောက်တော့ မိဘတွေကိုယ်တိုင် ခွင့်လွှတ်ပူးပေါင်းလာကြတာတွေဖြစ်ကာ ဘဝက ပြောင်းပြန်တိုးတက်သွားခဲ့တာဖြစ်သည်။

ဒေါ်စိန်မမ စကားပြောပုံက သားနဲ့ပတ်သက်လာမှ နောင်တရသံတွေဖြစ်လာသဖြင့် လင်မယားနှစ်ယောက် မျက်လုံးချင်း ဆုံသွား၏။

ဒေါ်စိန်မမက မျက်ဝန်းတို့ကို ချက်ချင်းရှုပ်သိမ်းပစ်၍

"ယောက်ျားလေးဆင်းရဲတာ ပြဿနာမရှိဘူး သား၊ သူနိုးတဲ့နေ့ သူနိုးဖြစ်မယ်၊ ဓားပြတိုက်တဲ့နေ့ ဓားပြ၊ ဒါပဲ၊ မိန်းကလေးက အရေးကြီးတယ်၊ သူ့ရဲ့နောက်မှာ ဆင်းရဲတာနဲ့ ပတ်သက်ပြီး တကယ်ဟုတ်ခဲ့တာတွေ၊ မဟုတ်ခဲ့တာတွေ၊ အငွေ့အသက်တွေ၊ အို… ရှောင်လို့မလွှတ်နိုင်ဘူး၊ အဲဒီကောင်မလေးကို ငါ လုံးဝလက်မခံဘူး၊ မင်းရဲ့အဘိုးတို့အားလုံးလည်း လက်ခံမှာမဟုတ်ဘူး၊ အဲဒီတော့ နောက်နှစ် မင်း မန္တလေးမှာ သွားနေရမယ်၊ အဲဒီမှာ ဖြေ၊ စံနဲ့ လုံးဝ ဖြတ်တောက်ပစ်ရမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ… မေမေကလည်း"

ဘာမှမဖြစ်သလိုနေခဲ့သော ခေါင်ရိပ် မျက်နှာနီမြန်းလာ၏။

"အဲဒီလောက် သိသိသာသာကြီးဖြစ်ဖို့မလိုပါဘူး မေမေ၊ သားတို့က…"

"ဟော့… ခုရှိးသားလည်း နောက်ကျ ငြိကြွတွယ်ကြမှာ၊ ဒါ သဘာဝတရား၊ ခုတည်းက ကြိုရှင်းမှကိုဖြစ်မှာ၊ ခေါင်ရိပ်… မင်း ငါ့ကို အူကြောင်ကြောင်မလုပ်နဲ့နော်၊ ကျောင်းမပြီးသေးဘဲ မိန်းမရသွားမယ်၊ ဘာမှတ်လဲ"

ခေါင်ရိပ်မျက်နှာ ချက်ချင်းပြုံးသွား၏။

"မေမေက တကယ်ပေးစားမှာလား၊ မေမေပြောသလို ရုပ်ရှင်ဆန်ဆန်တော့ မလုပ်နဲ့နော်၊ မြင်ဖူး သိဖူးအောင် ပြထားဦး"

"ခေါင်ရိပ်… မင်း… မင်းက မိဘကိုလှောင်တာလား"

"မေမေကလည်း"

"သား… သွားတော့"

ဦးထွန်းလူက သားအမိကြားဝင်၍ ခေါင်ရိပ်ကို ဖယ်ထုတ်လိုက်၏။ ဒေါ်စိန်မမက မကျေမနပ်ကြည့်သည်။





"ဒီလိုလူတန်းစားတွေကို မမ အရှုံးပေးခဲ့တာ တစ်ကြိမ်ဟာ ပထမဆုံးနဲ့ နောက်ဆုံးပဲ အစ်ကို၊ ဒီတစ်ခါ ထပ်ပြီး အရှုံးမပေးနိုင်ဘူး၊ မမသားကို မမစိတ်ကြိုက် စီရင်ဆုံးဖြတ်ခွင့်ပေးပါ"

စကားလုံးက တောင်းပန်ခြင်းဖြစ်ပေမယ့် လေသံက နာကြည်းသော မာကျောမှုတွေ ပါနေသည်။

လက်ဖက်ရည်ဇုံ့ချနေသည့်လက်တို့ မတည်ငြိမ်တာကို ဦးထွန်းလူက မျက်မှောင်ကုတ်ကြည့်၏။

"မင်းက အတိတ်နဲ့ပတ်သက်ပြီး နာကြည်းတာတွေ ရှိနေတာလား မမ၊ ငါ့တစ်ယောက်တည်းကိုလား၊ လူတစ်စုကိုလား"

ဒေါ်စိန်မမက ကိတ်မုန့်တစ်ချပ်ကို ကိုင်လိုက်ပြီးမှ ပြန်ချပစ်၏။

"ဘာကိုပဲဖြစ်ဖြစ် မမခံစားခဲ့ရတာကို မမ သိမ်းဆည်းထားနိုင်ပါတယ်၊ အားလုံးထဲမှာ ခိုင်မာနေတာက အစ်ကို့ကို မမ ချစ်နေဆဲဆိုတာပဲ၊ ဒါပေမယ့် အချစ်ရှိနေတာ သပ်သပ်၊ အားလုံးကို ဖုံးလွှမ်းဆေးကြောပစ်လို့မရဘူး"

ဒေါ်စိန်မမက ဦးထွန်းလူကို ပြန်စိုက်ကြည့်ကာ…

"ဘာလို့ပြန်မေးတာလဲ အစ်ကို၊ အချစ်တစ်ခုအပြင်



www.burmeseclassic.com

www.burmeseclassic.com



ဘာထပ်လိုချင်သေးလို့လဲ၊ မမရဲ့ခံစားချက်၊ အသိုင်းအဝိုင်း၊ မာန၊ အနာဂတ်အတွက် စိတ်ခံစားမှုအားလုံး အကုန်လိုချင်သေးလား”

“မမ”

အသက်တွေလည်း မငယ်ကြတော့ပါ။

ဒါပေမယ့် အသက်ထက်ပို၍ ပြင်းထန်ရင့်ရော်နေပြီ ဖြစ်သည့် ဒေါ်စိန်မမရင်ထဲက နာကြည်းမှုတွေကို သူ အနှုတ်တမဲ့...

ဦးထွန်းလူ မျက်ခုံးတွေ တွန့်ကုတ်လျက် ဒေါ်စိန်မမကို မယုံနိုင်အံ့ဩစွာ ကြည့်၏။

ဒေါ်စိန်မမက မျက်နှာလွှဲပစ်ပြီး ကိုတ်မုန့်ကိုင်ခဲ့သည့် လက်က လက်သုတ်ပဝါပေါ် ထပ်အုပ်ကိုင်၍ ဆုပ်ချေပစ်လိုက်သည်။

“သားကို ထပ်ပြီး ဒုတိယလူမဖြစ်စေရဘူး”

ဟု ပြောကာ နေရာမှ ထလိုက်၏။

“မင်း... အဲဒီလိုထမသွားနဲ့ မမ”

ဦးထွန်းလူက လိုက်ထရပ်၍ ကမန်းကတန်း တားသည်။ သားကိစ္စဆွေးနွေးနေတာဟာ မဟုတ်တော့ဘဲ အတိတ်က ဆွေးမြေ့မှုတွေကြားက သံတိုသံစတွေ ရောထွေးပါလာခဲ့ပြီ။





မျောက်ဖျက်ဆုပ်ချေပစ်ဖို့ လွယ်ကူမလား...

ဒေါ်စိန်မမက ခုံကို ခြေထောက်နဲ့တိုးရွှေ့ကာ ဘေးမှာ ထွက်ရပ်၏။

“မမ စကားမှားသွားတယ်လို့ပဲ မှတ်လိုက်ပါ အစ်ကို၊ သားနဲ့ပတ်သက်လို့ မဟုတ်ခဲ့ရင် မမ အားလုံးကို မေ့နိုင်တယ်၊ သားကိစ္စမှာ အစ်ကို ဘေးဖယ်နေပေးပါ”

ဒေါ်စိန်မမက ပြတ်သည်။

ဒီလိုပြတ်သားရဲရင့်သော အမူအရာမျိုးနှင့် သူ့ကို ဘယ်တုန်းကမှ မတုံ့ပြန်ခဲ့။

ဦးထွန်းလူ တောင့်တောင့်ငိုင်ငိုင်ကြီး ကျန်ခဲ့၏။

§ ॥ §



www.burmeseclassic.com

www.burmeseclassic.com

## အခန်း » ၄ «

"အန်တီ… စံရှိလား"

ကားသံကြားလိုက်ကတည်းက ခေါင်းရင်းတံခါးပေါက်ကနေ ကုန်းကြည့်လိုက်ပြီးသား။

အမေ့ကို မေးသံကြားလိုက်ရပြီး မကြာမီ ကိုယ့်ဆီရောက်လာတော့မှာကို သိပြီးသားမို့ စားပွဲကို ရှင်းနေသည့်လက်က ပို၍မြန်ဆန်သွားသည်။

စာအုပ်တွေကို ဆိုးဆိုးဆတ်ဆတ် ထပ်ပစ်ပြီး ဘုံးခနဲပစ်ချ၏။

ဘောလ်ပင်အနီ၊ အပြာ၊ ခဲတံ၊ ပိုက်ဆံအိတ်နှင့် ပစ္စည်းတိုတိုထွာထွာအားလုံးကို စားပွဲပေါ်ကနေ အံဆွဲထဲ အကုန်ဆွဲချ။





ဟုတ်တာရော မဟုတ်တာရော အားလုံးဆွဲသွင်းပြီး အံဆွဲကို ဒိုင်းခနဲထိုးထည့်ပစ်လိုက်၏။

"ဟ… လှတောင်မမြင်သေးဘူး၊ ဘယ်လိုဖြစ်တာလဲ"

ခေါင်ရိုပ်က နောက်ကနေ စားပွဲရှေ့မှာ သွားရပ်ကာ စံ့မျက်နှာကို မချိုမချဉ် ကြည့်သည်။

သူ့ကိုမကြည့်ဘူးဆို စံ ဒီလို ကြိုတင်နိမိတ်ပေးနေကျ…

"ဘာတွေဒေါသဖြစ်နေတာလဲ ပြော"

စားပွဲစွန်းမှာ လက်နှစ်ဖက်ထောက်၍ ပြုံးစစမျက်နှာနှင့် ခေါင်ရိုပ်ကို စံက မျက်မှောင်ကုတ်၍ ကြည့်သည်။

"ခေါင်ရိုပ်"

"ပြောလေ… နင့်ရှေ့ရောက်နေပြီ"

"နင် ငါ့ဆီလာရင် ကားနဲ့မလာနဲ့လို့ ဘယ်နှစ်ခါပြောရမလဲ"

"ဘာဖြစ်လို့လဲ၊ အန်တီတောင် ဘာမှမပြောဘူး၊ အဲဒီကိစ္စ နင်ပဲပွမ်းနေတာ"

"နင် ဘာမှလျှောက်ဆွဲထည့်မနေနဲ့၊ အမေ့ဆီလာတာလား၊ ငါ့ဆီလာတာလား"

"နင့်ဆီလာတာလေ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါဆို နောက်တစ်ခါ ကားနဲ့လာရင် နင်နဲ့ငါ လုံးဝမတွေ့ဘူး"

"အဲဒီလောက်တောင် ဖြစ်သွားနိုင်လား"

"ဖြစ်နိုင်တယ်၊ ဒါ ဆင်းရဲသားရပ်ကွက်၊ ကလေးတွေ လိုက်ကြည့်၊ ကောင်မလေးတွေ လိုက်မော့နေကြတာကို ခြေဖျားတစ်တောင်လောက်ကော့လျှောက်ချင်ရင် တန်ြုးလမ်းတွေထဲ လျှောက်မောင်း"

"ဟား ဟား..."

"ဘာရယ်တာလဲ"

ခေါင်ရိပ်က စုံအေးကိုလျှောက်လာပြီး ပခုံးချင်းထိရပ်သည်။

"စံ... နင် ငါ့ကိုဆို တကယ်နိုင်တယ်နော်"

"ဘာ"

စံ ဆတ်ခနဲ မော့ကြည့်၏။

"ဘာပြောပြော စပ်ဖြဲဖြဲ မချိုမချဉ်နဲ့၊ လုပ်ချင်ရာလုပ် လွှန်းလို့ အမြဲရန်ဖြစ်နေရတာ နိုင်တယ် ဟုတ်လား၊ သွားသေ လိုက်သွား၊ နိုင်တယ်ထင်ရင် လုံးဝမလာနဲ့၊ နင် ကိုယ်ပိုင်ကားကြီးနဲ့ ငါ့အိမ်ရှေ့ရောက်ရောက်လာတာ ငါ ရှက်တယ်"

"ဘာဆိုင်လဲ၊ ကားနဲ့ပဲလာလာ၊ ခြေထောက်နဲ့ပဲ





ဖြစ်ဖြစ် ခေါင်ရိပ်ပဲ"

"ဆိုင်တယ်၊ နင့်အမေကလည်း ငါ့ဆီလာတာ မကြိုက်ဘူး၊ ငါကလည်း ပိုတယ်၊ လူကုံထံဆိုတဲ့ အဆောင်အယောင်တွေနဲ့ နင့်လိုလူ အိမ်ရှေ့လာရပ်တာကို ဂုဏ်ယူနေမယ် မထင်နဲ့"

"စံ"

"ဘာလဲ"

"ဘာတွေလျှောက်ဖြစ်နေတာလဲကွာ၊ ဘလိုင်းကြီး... ငါ အိမ်ကနေလာတာမဟုတ်ဘူး၊ ဝင်းသူတို့ဆီကအပြန် လှည့်ဝင်လာတာ"

"အိမ်ပြန်ပြီးမှ ဒီကိုလာမယ်ဆိုရင် ပြန်ထွက်လို့မရတော့မှာစိုးလို့ဆိုတာ ထည့်ပြောလေ"

ခေါင်ရိပ် မျက်နှာတည်သွားသည်။

"သား... မင်းကို ငါ စိတ်ဆင်းရဲ အရှက်ရအောင် လုပ်ချင်ဘူးနော်၊ အဲဒီတော့ ငါ စိတ်ထိန်းလို့မရအောင် ဒေါသကို မဆွနဲ့၊ မင်း ဟိုတစ်ယောက်ဆီကို ရောက်သွားတယ် ကြားတာနဲ့ အိမ်ရှေ့ကနေ လာခေါ်ထုတ်မှာပဲ"

မေမေ တကယ်ပြောခဲ့သည်။

ဒါပေမယ့် ဒီစကား စုံဆီ ဘယ်လိုရောက်လာတာလဲ။



www.burmeseclassic.com

www.burmeseclassic.com



ခေါင်ရိုပ်မျက်နှာပေါ်က ပြောင်းလဲမှုတွေကို စိုက်ကြည့်နေရင်း ပို၍သေချာသွားပြီမှန်း နားလည်လိုက်ကာ စုံမျက်နှာ ပိုတင်းသွား၏။

"နှင့်အမေ ဘာတွေမှာပြီး ဘယ်လိုကျပ်ထားတယ်ဆိုတာ နင်ကပိုသိမှာပေါ့၊ ဒါပေမယ့် အဲဒီလိုဖြစ်မှ အတင်းအဖျင်း ပြောခွင့်ရမှာမို့လို့ တမင်စောင့်နေတဲ့လူတွေက နင့်အမေပြောတဲ့ တချို့တလေကို ငါ့နားထဲရောက်အောင် ပို့ကြတာ"

"အဲဒါကျတော့ ပတ်ဝန်းကျင်စကားနဲ့ နင်မပြောင်းလဲသင့်ဘူး၊ နင်နဲ့ငါခင်ကြတာ ဘယ်သူနဲ့မှမဆိုင်ဘူးလေ၊ ငါ့ပါးစပ်က ဘာမှမပြောဘဲ..."

"ရမလား၊ နင်ဟာ ခေါ်စိန့်မရဲ့သားပဲ၊ သူဌေးသား၊ နင့်အမေက နင့်ကို သူဌေးသမီးတွေနဲ့ ဟိုစကားစပ်... ဒီစကားစပ်..."

"လူကြီးချင်း ခင်မင်လို့စကြတာ၊ ဘာမှအတည်အတံ့မဟုတ်ဘူး"

"နင့်ကိုလည်း တည်လား၊ မတည်ဘူးလား ပြောနေတာ မဟုတ်ဘူး၊ နင့်အမေ ဂုဏ်မောက်တာကို ပြောတာ၊ နင်က ရွှေမင်းသားဖြစ်နေသမျှ နင် ဒီကိုလာတိုင်း လူသတိထားမိတယ်၊ ငါ သိက္ခာကျတယ်၊ ဒီမှာ ခေါင်ရိုပ်၊ အမေတို့ ဘာမှမပြောဘူးဆိုတာက ဘာမှမသိတာ၊ ပြီးတော့ ဟိုတုန်း





ကတည်းက ငယ်သူငယ်ချင်းတွေပဲ၊ အိမ်နီးချင်းနေခဲ့ဖူးတာပဲဆိုပြီး ခင်မင် ႁတာ"

"အဲဒီတော့ ငါက ဘာလုပ်ရမှာလဲ၊ မေမေ ဘယ်သဘောရှိတာ မရှိတာ ငါ ဘာမှလုပ်ယူလို့မရဘူး၊ အဲဒါနဲ့ပဲ ငါ့ကို ဒီစကားတွေပြောတာ ဘာလဲ"

"နင် နောက်ကိုမလာနဲ့"

"ဘာ"

"နင်လာနေသရွေ့ ငါက မျက်ခုံးလှုပ်နေရမှာ၊ ဘာဖြစ်လို့လဲဆိုတော့ နင့်အမေက ဒီအတိုင်းမနေဘဲ တစ်ခုခုလှုပ်ရှားလာရင် ငါကလည်း ငြိမ်နေမှာမဟုတ်လို့"

"တောက်"

ပြောင်လက်တောက်ပနေသော ဘောင်းဘီရှည်အနက်၊ ရှပ်လက်ရှည်အဖြူပွပွကို ဝတ်ထားသည့် ခေါင်ရိုပ်မျက်နှာက စတိုင်လ်ကျကျ ဖြီးလှန်ထားသော ဆံပင်ရှည်တို့ကြောင့် ရှင်းသန့်ချောမွေ့နေပါသည်။

သို့သော် နီညိုညိုအရောင်ပြောင်းလာသော ပါးပြင်နှစ်ဖက်နှင့် နှုတ်ခမ်းသားများကြောင့် ချောတာတွေက အကျည်းတန်သွားသည်။

ဘောင်းဘီထဲ လက်နှိုက်ထားလျက် ပခုံးချင်းတိုက်မိ



www.burmeseclassic.com

www.burmeseclassic.com



လိုက်တော့ စံက ဘေးရွေ့ရပ်လိုက်၏။

ထိုအခါ အသည်းယားလာကာ ခေါင်ရိုပ်က စုံ ပခုံးလေးနှစ်ဖက်ကို ဆတ်ခနဲ ဆွဲကိုင်လိုက်၍

"ကားနဲ့လာတာ မကြိုက်ဘူးဆိုတဲ့ စကားကနေ မလာနဲ့တော့ ပြောချလိုက်တာ ဘာလဲ စံ၊ နင်နဲ့ငါ မတည့်လိုက်၊ တည့်လိုက်၊ ကောက်ကြ၊ ကွေးကြဖြစ်နေကြရအောင် မူကြိုကျောင်းက ကလေးတွေမဟုတ်တော့ဘူး၊ မနေ့တစ်နေ့ကလို သူငယ်ချင်းဆိုတာလည်း မဟုတ်ဘူး"

စံက ခေါင်ရိုပ်ရင်ဘတ်ကို တအားတွန်းပစ်၍ ရုန်းထွက်၏။

"ဟုတ်တာပေါ့ မဟုတ်တော့ဘူး၊ နင့်ကို ငါ့သူငယ်ချင်းစာရင်းက ပယ်လိုက်ပြီ၊ ဒါမှ ရှုပ်နေတာတွေအားလုံး ရှင်းကုန်မှာ၊ နင်ပြန်တော့"

"စံ"

ခေါင်ရိုပ်က အံကြိတ်လျက်နှင့် အေးစက်စက်ခေါ်သည်။

"နင့်ဆီကို တစ်ပတ်လောက်မလာဘဲနေလို့ မေမေ့စကားကို နားထောင်သွားတာပဲဆိုပြီး ငါ့ကို စိတ်နာသွားတာလား"

စံ မှဲ့ပစ်လိုက်၍ ဘာမှမပြော။

တကယ် အဲဒီလိုပဲ ရင်ထဲမှာ တွေးခဲ့မိသေးသည်။





ချစ်လှပါသည်၊ ကြိုက်လှပါသည်ဟုပြောကာ မရမက အနမ်းခွေပြတိုက်ခဲ့သည်။

ရင်ခုန်တတ်အောင်လို့တဲ့လေ...

ကိုယ် တကယ်အိပ်ပျက်ခဲ့ရပေါ့ သူ ရောက်မလာတော့ပါ။ ဒီကြားထဲမှာ မကြားတကြား အပြောခံခဲ့ရတာတွေ နည်းသလား...

"တွဲနေတာပါဟာ၊ အလကား... ဘာမှမဟုတ်ပါဘူး၊ ဟိုက သူ့ကိုကြိုက်ပါလိမ့်မယ်"

"ဒေါ်စိန်မမကြီးက သိပ်ဘဝင်မြင့်တာ"

"သူကတော့ ဟိုကသူဌေးသားကိုး၊ တစ်ဖက်သတ်ကြိုက်နေတာ ဖြစ်ချင်ဖြစ်မှာပေါ့"

"ဒီကောင်မလေးက မမာရဲ့သမီးလေးမို့လား"

"စိန်မမနဲ့ တွေ့ဦးမယ်"

"ဘေးကပ် ခြံချင်းကပ်လျက်နေသွားတာတောင် ခင်ခင်မင်မင် ရင်းရင်းနှီးနှီး မဖြစ်ခဲ့ကြတာ သဘောမပေါက်ဘူး၊ ဟိုက ဘဝင်ကိုမြင့်တာ၊ ဘယ်ပတ်ဝန်းကျင်ကိုရောလို့လဲ"

"သားသမီးနဲ့ပတ်သက်ရင်ဖြစ်ကြမှာ သေချာတယ်"

လမ်းထိပ်မှာ ဈေးထွက်မဝယ်လိုက်နဲ့၊ နောက်ကျောလှည့်လိုက်တာနဲ့ အတင်းအဖျင်းသံတွေက ကပ်ပါလာသည်။



www.burmeseclassic.com

www.burmeseclassic.com



မိုးဘွက်လို့ ရေမရလို့ သောက်ရေကန်မှာ ရေစည်သွား တွန်း၊ ရွှယ်တူချင်း၊ ခေါင်းချင်းရိုက်၍ မဲ့ရွဲ့ပြောနေကြတာ သူမအကြောင်း။

ကားမှတ်တိုင်မှ ကားစောင့်နေရင်း...

လမ်းထဲကို ဝင်လာစဉ် လမ်းလျှောက်နေရင်း...

ကျောနောက်မှာ စကားသံတွေ တီးတိုးထွက်လာတာနဲ့ သူမအကြောင်းတွေးမိရင်း ရှက်လာသည်။

ကျောခိုင်းပစ်လို့လည်း မရ။

မကြားသလိုနေရအောင် ကြားနေရတာကို ဘယ်လို လုပ်မလဲ။ ခေါင်ရိပ်ဟာ ဟိုတုန်းကနှင့် လုံးဝခြားနားကာ ဖြူလာသည်။ ထွားကျိုင်းမြင့်မား၍ ချောမောလာခဲ့သည်။

သူကျတော့ ကိုယ်ပိုင်ကားကြီးပြောင်ပြောင်လက်လက် နှင့် အဝတ်အစားက ကြွရွနေသည်မို့ ချောသထက်ပိုချော၍ ပေါ်လွင်လှသည်။

စုံမှာတော့ လှတာလည်းမသိ။ လှချင်လို့လည်း လှစရာမရှိ။

"သူ့ကိုလား ဟိုကကြိုက်မှာ"

ဆိုသော စကားကြောင့် အံကြိတ်ထားရင်း မျက်ရည်ဝဲ မိသေးသည်။

ထိုအချိန်များမှာ သူရောက်မလာတော့ ပို၍ရှက်မိ၏။





လာစေချင်တာမဟုတ်ပေမယ့် တကယ်မလာတော့ ပို၍ရှက်ဖို့ကောင်းနေပြန်သည်။

ပြီးတော့ သူငယ်ချင်းမဟုတ်တော့ဘူးဆိုတာလည်းသူပဲ။

ချစ်တယ်လို့ပြောကာ ရိုးသားခြင်းကနေ ဆန်းပြား ရင်ခုန်တတ်အောင် ထိပါးရန်စသွားတာလည်း သူပါပဲ။

အားလုံးကို ခြုံငုံခံစားလိုက်တော့ ခေါင်ရိပ်နဲ့ သူမ ဘယ်လိုမှဆက်တွဲကြဖို့ မဖြစ်နိုင်တာကို နားလည်လာ၏။

အမေကတော့ ပြောသေးသည်။

"ဒီကောင်လေးက သမီးကို တော်တော်သံယောဇဉ် ကြီးသား" တဲ့။

မျက်နှာခပ်လွှဲလွှဲနှင့် လက်သီးဆုပ်အံကြိတ်နေသည့် စုံကို ခေါင်ရိပ်က ငြိမ်သက်၍ စောင့်ကြည့်နေ၏။

နှစ်ယောက်ကြားမှာ ကြာမြင့်စွာ တိတ်ဆိတ်နေပြီးမှ

"ငါပြောတဲ့ နင်နဲ့ငါ သူငယ်ချင်းမဟုတ်တော့ဘူး ဆိုတာ သူစိမ်းလိုပြတ်တောက်နေကြဖို့ မဟုတ်ဘူး၊ နင့်ကို ငါ ဖွင့်ပြောပြီးပြီ၊ ငါ့စိတ်ထဲမှာ နင်က ငါ့ရဲ့ချစ်သူ၊ အချစ်ဦး"

"ဟွန်း... ကိုယ့်ကိုယ်ကို သိပ်အထင်ကြီးမနေနဲ့၊ လမ်းကြိုလမ်းကြားက မိန်းမမို့ ငါ့ကိုပြန်ကြိုက်မှာပဲထင်ရင် ဒီလမ်းထဲမှာ မိန်းကလေးတွေ အများကြီးပဲ"



www.burmeseclassic.com

www.burmeseclassic.com



“စံ”

“ဖယ်… နင်လွှတ်နော်”

ဒေါသဖြစ်ဖြစ်နှင့် စံ အတင်းရုန်းပေမယ့် မရ။

ခေါင်ရိပ်က စုံလက်ကောက်ဝတ်လေးနှစ်ဖက်ကို မြဲမြံ
စွာ ဆုပ်ကိုင်ထားကာ ဒယိမ်းဒယိုင်ဖြစ်ကုန်ရင်း စုံကိုယ်လေး
ထရုံမှာ ကျောကပ်သွား၏။

“ခေါင်ရိပ်… နင်… နင် ငါ့အိမ်မှာ မနေစော်ကားနဲ့
နော်၊ ငါ့ကို အဲဒီလောက်အထင်မသေးနဲ့ သိလား၊ နင့်ကို ငါ
ဘယ်တော့မှခွင့်မလွှတ်ဘူး”

မျက်နှာတိုးကပ်လာသည့် ခေါင်ရိပ်ကို ဒေါသတကြီး
ပြောရင်း စံ မျက်နှာလေး ရှောင်လွှဲနေမိ၏။

“နင့်ကို ငါ ဘာမှမလုပ်ဘူး၊ ငြိမ်ငြိမ်နေ”

ဘာမှမလုပ်ဘူးဆိုသော်လည်း ဝေ့ဝဲနေသည့် သူ့
နှုတ်ခမ်းများက လေငွေ့နွေးကြောင့် စံ မျက်နှာကို စက်ကျိ
မတတ် လှည့်ထားရင်း မျက်လုံးတွေကို ဖိပိတ်ထားလိုက်မိ၏။

သူ မထိရဲအောင် နှုတ်ခမ်းကို နာနာကြည်းကြည်း
ဖိကိုက်ပြထားရုံမှလွဲ၍ ခုချိန်မှာ စံ ဘာမှမတတ်နိုင်။

ဒါပေမဲ့ ခေါင်ရိပ်က ဒီထက်ပိုတိုးမလာခဲ့ပါ။

“နင့်ကို ငါ ချစ်တယ်လို့ပြောပြီးပြီ၊ အဲဒါကို လက်





ကိုင်လိုက်ရလို့ ပခုံးဖက်လိုက်ရလို့ သွေးဆူပြီး ကယောင်
ကတမ်း ပြောခဲ့တာ မဟုတ်ဘူး၊ ငယ်ငယ်ကတည်းက ရစ်ဖွဲ့
နိုင်မြဲလာ ခဲ့တဲ့ သံယောဇဉ် ရိုးတွင်းချဉ်ဆီက ဖြစ်လာတဲ့အချစ်၊
ဘယ်သူ ဘာပြောပြော စံ၊ နင့်မိဘကိုလည်း ငါ ထည့်မတွက်
ဘူး၊ ငါ့မိဘကိုလည်း ဂရုမစိုက်နဲ့၊ နင်နဲ့ငါချစ်မှာ၊ နင်နဲ့ငါ
ပေါင်းရမှာ”

“မချစ်ဘူး၊ ပေါင်းလည်း မပေါင်းဘူး၊ ခေါင်ရိပ်…
နင် ဖယ်လို့ ငါပြောနေတယ်နော်၊ ဒေါ်စိန်မမနဲ့ သူ့သားကို
အတူတူပဲ ငါမြင်တယ်၊ လုံးဝမဆက်ဆံတော့ဘူးလို့ ဆုံးဖြတ်
ပြီးသား၊ လွှတ်”

“မလွှတ်နိုင်ဘူး”

နှစ်ယောက်ကြားမှာ ဘယ်လိုမှပြေလည်ဖွယ်မရှိတော့
သလို ဖြစ်လာဆဲ…

“မာရေ… အော့… ဘယ်သူမှမရှိဘူးလား”

ဦးမျိုးနိုင်၏ ခေါ်သံနှင့် ဆိုကြွားဘဲလ်သံ။

နေလည် ထမင်းစားပြန်လာတာ ဖြစ်၏။

အမေမရှိလို့သာ တုံ့ပြန်သံမကြားရတာဖြစ်မှန်း စံ
သိလိုက်၏။

“ဖယ်စမ်း”



www.burmeseclassic.com

www.burmeseclassic.com



စံ ဆောင့်ရန်းသည်။ ခေါင်ရိုပ်ကလည်း လွှတ်လိုက်၏။

သို့သော် အပြင်ထွက်ဖို့ပြင်သည့် စံ့လက်ကလေးကို ပြန်ဆွဲထား၍

"ဒီမှာ နှစ်ယောက်ပူးပြီး မထွက်နဲ့လေ၊ အသံပေးလိုက်"

"ဘာဖြစ်လဲ၊ နင် ဒီလိုပဲ ဝင်လာနေကျ၊ ဒါ အိပ်ခန်းမှ မဟုတ်တာ"

"မတူဘူး၊ အခု နင့်အမေ ဘယ်ဆင်းသွားလဲ မသိဘူး၊ နင့်အတွက်ပြောတာ၊ လာ... ထိုင်"

စံ သဘောပေါက်သွား၏။

နှစ်ယောက်သား စားပွဲတစ်ဖက်စီမှာ ထောင့်မှန်ကျ ထိုင်ချလိုက်ကြပြီး

"ဦးမျိုး... ဒီမှာ စံတို့ရှိတယ်၊ သီချင်းကူးနေလို့"

သီချင်းကူးနေလို့ဟု စံပြောချလိုက်တော့ ခေါင်ရိုပ်က ဘောင်းဘီအိတ်ထဲမှာပါလာသည့် MP4 ကို ချက်ချင်းထုတ်ယူလိုက်၏။

စာကြည့်ခန်းထဲမှာ ဒီလိုပဲ အတူရှိကာ စာကြည့်ကြ၊ သီချင်းကူးကြ မကြာခဏ ရှိဖူးသည်မို့ သီချင်းကူးနေတယ် ဆိုကတည်းက ခေါင်ရိုပ်ရှိနေမှန်း ဦးမျိုးနိုင် သိလိမ့်မည်။





"ဟော... ခေါင်ရိုပ် ရောက်နေသလား"

ထင်သည့်အတိုင်း တံခါးဝမှာ ချထားသည့် ခန်းဆီးစရုတ်ခနဲ ပင့်သွားကာ ဦးမျိုးနိုင်မျက်နှာကြီး ပြူထွက်လာ၏။

"ဟုတ်ကဲ့ ဦး၊ ကျွန်တော်ဝင်လာတော့ အန်တီရှိတယ်၊ ခေါင်းရင်းအိမ်သွားလား မသိဘူး"

ခေါင်ရိုပ်က ခပ်တည်တည်ပဲ လှည့်ပြော၏။

"အေး အေး... ဟုတ်လိမ့်မယ်၊ နေပစေကွာ၊ ဦး ဘာသာပဲ ခူးခပ်စားသွားတော့မယ်"

ဦးမျိုးနိုင်က ခန်းဆီးစကိုချပြီး အပြင်ရောက်သွားပြီးမှ...

"ဘာချက်လဲ သမီး ညည်းအမေ"

"ကြက်တောင်ပံချက်တယ် ဦးမျိုး"

"ကောင်းတယ်"

ဦးမျိုးနိုင်အသံ မီးဖိုချောင်ဘက်ရောက်သွားတော့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်မိသည်။

ခေါင်ရိုပ်က နှာခေါင်းတွန့်ပြတော့ စံ မျက်စောင်းထိုးသည်။

ရင်ထဲမှာ ဒေါသတွေ တကယ်ရှိနေသေးရဲ့လား...

၆ ॥ ၆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း » ၅ «

"အဲဒီကောင်မလေးက ဒေါ်စိန်မမ သားလေ၊ သူတွဲသွားတာ သူ့အမေပြောပြောနေတဲ့ ကောင်မလေးနေမှာပေါ့"

"ဟုတ်လား၊ ကောင်မလေးက ကိုယ်လုံးတော်တော်လှတာပဲ"

"ရုပ်ကလေးလည်း လှပါတယ်၊ အဲဒါကြောင့် ကောင်လေးက မခွာနိုင်တာပေါ့၊ ဒေါ်စိန်မမဆို အဲဒီသားကို တားလိုက်ရ၊ ချုပ်ချယ်ရ၊ ဘယ်လိုတားတား ဒါမျိုးက လွယ်မလား"

ဆိုက္ကားနင်းနေရင်း လမ်းတစ်ဖက်ကိုကြည့်လိုက်တော့ စံရယ်ပါ။ စုံဘေးမှာ ခေါင်ရိပ်...





ကိုယ့်ဆိုက္ကားမှာ ရှေ့နောက်ထိုင်လိုက်လာကြသည့် အမျိုးသမီးကြီးနဲ့ မိန်းမငယ်ဟာ သမီးယောက္ခမတော်သလား။

သားအမိလား မသိ။

မိန်းကလေးက ကိုယ်ဝန်နှင့် ဖြစ်သည်။

"ကောင်မလေးက တော်တော်ဆင်းရဲလို့လား အမေ"

"ဆင်းရဲလို့နေမှာပေါ့အေ၊ ဒေါ်စိန်မမက သူဌေးသမီးညာတတ် ချောချောလှလှဆို သူ့ချွေးမချည်းပဲ၊ ဒီကောင်မလေးကျမှ ခါးခါးသီးသီးပဲ"

အမျိုးသမီးကြီးကို ဦးမျိုးနိုင် တစ်ချက်တော့ ငုံ့ကြည့်ဖြစ်၏။ ရွှေငွေလက်ဝတ်ရတနာတွေနှင့် ခန့်ခန့်ညားညားပုံစံပဲဖြစ်ကာ ဒေါ်စိန်မမအိမ်မှာ အဝင်အထွက်ရှိသူလည်း ဖြစ်လိမ့်မည်။

စံနှင့်ပတ်သက်၍ ကြားရချက်က မကောင်း...

ဒေါ်စိန်မမတို့နှင့် အိမ်ချင်းကပ်လျက်နေခဲ့ဖူးသည်။ ကိုယ့်ဇနီးနှင့်လည်း ခေါ်ခေါ်ပြောပြော ရှိခဲ့ဖူး၏။

ဘယ်လောက်ထိ ရင်းနှီးသလဲ၊ မရင်းနှီးဘူးလဲ ဦးမျိုးနိုင် မသိပါ။

ဒီကပြောင်းသွားကြပြီး မိဘတွေနဲ့ ပြေလည်ကာ ပြန်သွားနေကြတာလည်း ဇနီးဖြစ်သူပြောသလောက်တော့ သူ



www.burmeseclassic.com

www.burmeseclassic.com



သိထားခါး

ခေါင်ရိုပ်ကလည်း စံ၏ ငယ်သူငယ်ချင်းလေးပဲ ဖြစ်သည်။

ဟိုတုန်းကလည်း အတူသွား၊ အတူစား…

ခုလည်း လက်တွဲမဖြုတ်ခဲ့။

သူသိခဲ့တာ ဒါပဲဖြစ်၏။

"သူတို့က သူငယ်ချင်းလား၊ ချစ်သူတွေလား"

"ဩော်… သူငယ်ချင်းဖြစ်ဖြစ်၊ ချစ်သူဖြစ်ဖြစ်၊ အခု သူငယ်ချင်းဆိုလည်း နောင် ချစ်ကြမှာပဲ၊ လူကြီးက သိတာပေါ့၊ ပြောပုံအရဆို သူ့သားက အဲဒီကောင်မလေးကို အတော်သံယောဇဉ်ကြီးတာတဲ့"

"အမေက ကောင်မလေးကို မြင်ဖူးထားတယ်ပေါ့"

"ဩော်… ငါကပွဲစားပဲအေ၊ သူတို့ကားတစ်စီးရောင်းတာ အရောင်းအဝယ်တည့်တော့ လိုင်စင်စာအုပ်လိုက်ရှာတာ၊ တွေ့တော့ စာအုပ်ကြားထဲမှာ ကောင်မလေးဓာတ်ပုံ ညှပ်ပါလာတာလေ"

"ဟုတ်လား"

"ဟုတ်ပ၊ ကိုယ်တစ်ပိုင်းပုံလေး၊ ဓာတ်ပုံထဲမှာ ခုထက် ပိုလှတယ်၊ အခုတွဲသွားတာမြင်တော့ သတိရလိုက်တာ၊ ငါတောင်ပြောလိုက်မိသေးတယ်၊ ကောင်မလေးက တော်တော်





လှတာပဲလို့၊ လှပေမယ့် ဆင်းရဲလိုက်တာမှ ကုန်းကောက်စရာ မရှိဘူးတဲ့၊ ပတွေးနဲ့နေရတာ ဆိုပဲ"

"ဩော်"

ဩော်ဆိုသည့်အသံကြီးက ဆိုက္ကားကို ဝိုင်းမှာပြန်ထိုး ပြီးသည်အထိ ပီပီသသကြီး နှိပ်စက်နေခဲ့၏။

နေလယ်ခင်းမို့ နေကလည်း ပူနေပြီ။

ဆိုက္ကားကို သစ်ပင်ရိပ်မှာ ထိုးလိုက်ပြီး ဆိုက္ကားပေါ်မှာပဲ ပက်လက်လှန်ကာ ဦးမျိုးနိုင် တိတ်ဆိတ်စွာ နေမိ၏။

စံနဲ့ခေါင်ရိုပ်ကို သူလုံးဝ သတိမထားမိခဲ့ပါ။

မြင်နေသမျှတော့ အလွန်သံယောဇဉ် ကြီးကြသော သူငယ်ချင်းပဲဖြစ်၏။

မသင်္ကာဖွယ် မတွေးမိသလို တွေးကြည့်တဲ့အထိလည်း သူစိတ်ဝင်တစား မကြည့်မိတာ အမှန်ပင်။

ဒီလိုသတင်းစကားတွေ ဖြစ်နေခဲ့တာ မာ မသိဘူးလား။ မာလည်းသူ့လိုပဲထင်သည်။

ခေါင်ရိုပ်အိမ်မှာ ရှိနေချိန်မှာတောင် နှစ်ယောက်ထည်းထားခဲ့ပြီး ဟိုဒီထွက်သွားတတ်သည်။

"ဘယ့်နှယ်လဲ၊ မျက်နှာမှာနေပြောက် ထိုးနေတာတောင် မရှေဘူး၊ ငိုင်လှချေလား ကိုမျိုးနိုင်ရဲ့"



www.burmeseclassic.com

www.burmeseclassic.com



ဦးငွေရကလည်း ဆိုက္ကားပြန်နားလာသည်။

ဦးငွေရသည် ဆိုက္ကားကို ဦးမျိုးနိုင်ဘေးမှာ ယှဉ်လျက်ထိုးရပ်ပြီး သေချာထိုင်လိုက်၍

"ခင်ဗျားကို မေးမယ်၊ မေးမယ်နဲ့ မမေးဖြစ်ဘူး"

ဟု စကားစလာသည်။

ထိုအကြောင်းသည် သူတွေးခဲ့သည့် စံနှင့် ခေါင်ရိပ်တို့အကြောင်းပဲ တိုက်ဆိုင်စွာဖြစ်နေခဲ့မည်ဟု အနည်းငယ်မျှမတွေးမိခဲ့။

"ဘာလဲ ကိုငွေရ"

ဦးမျိုးနိုင် လှဲနေရာကနေ ထထိုင်လိုက်တော့ ဆိုက္ကားပေါ်မှာ ယှဉ်လျက်ထိုင်နေပြီးသား ဖြစ်သွား၏။

ဦးငွေရက ခေါင်းမှာဆောင်းထားသည့် ဦးထုပ်ဝိုင်းကိုချွတ်လိုက်ကာ

"ခင်ဗျားတို့အိမ်ရှေ့မှာ တွေ့တွေ့နေရတဲ့ကားက ဒေါ်စိန်မရဲ့သား စီးတဲ့ကားလား"

ဦးမျိုးနိုင် မျက်မှောင်ကုတ်သွားသည်။

သူ ခေါင်းမညိတ်သေးဘဲ ဦးငွေရက ဆက်ပြော၏။

"ခင်ဗျားတို့သာ မသိတာ၊ ဒီကောင်လေးနဲ့ စံ့အကြောင်း လူတိုင်းလိုလို ပြောနေကြတာ"





ဦးမျိုးနိုင် စိုက်ကြည့်နေတာကို မလိုလားခြင်းဟု ယူဆတာ ဦးငွေရက အားနာသောအပြုံးကို ပြုံးသည်။

ဒါပေမယ့် သူ့စကားကိုတော့ မရပ်။

"ပတ်ဝန်းကျင်ကတော့ ပေါ်လွင်လာရင် ပြောမှာပဲ ဟုတ်လို့ပဲပေါ်ပေါ်၊ ပုပ်လို့ပဲပေါ်ပေါ်၊ ချောလို့ လှလို့ ရာလို့ရင်လည်း ပြောမှာပဲ၊ တကယ် အနေအထိုင်မတတ်လို့ ည်းနည်းကို များများကဲ့ရဲ့တာတွေဆိုရင် ဒါ ဖြေရှင်းလို့ရတာ ချီးလည်း မဟုတ်ဘူး၊ ကျုပ်တို့ရပ်ကွက်ငယ်တွေမှာ ဒါတွေက သိပ်ကိုဆိုးတာ"

"နေပါဦး ကိုငွေရ၊ ဘာတွေများကြားထားလို့လဲ"

မေးလိုက်ပြန်တော့လည်း ဘာမှမဟုတ်ပါဘူးဆိုသည့် အပြုံးနှင့်...

"ကျုပ်ကြားတာမဟုတ်ဘူး၊ လူတိုင်းပြောနေကြတာ"

ပြောလိုက်မှ ပိုဆိုးသွားသည်။

ကိုယ့်သမီးရင်းမဟုတ်ဘူးဆိုပေမယ့် ပထွေးပီပီနေခဲ့တာ မဟုတ်သောကြောင့် ဦးမျိုးနိုင် မျက်နှာကြီးနီသွားသည်။

တစ်ဖက်ကတော့ သူ့သမီးမှမဟုတ်ဘဲဆိုသောအတွေးနှင့် အားမနာ ပါးမနာ ပြောနေတာ ဖြစ်နိုင်သည်။

ဦးမျိုးနိုင်ခမျာ မျက်နှာတစ်ပြင်လုံး ရှိန်းဖိန်းနေခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



"သူတို့က သူငယ်ချင်းတွေပဲဗျာ၊ တစ်လမ်းတည်း အတူနေကြတဲ့ ခင်ဗျားလည်း သိတာပဲ၊ လမ်းထဲကိုနောက်မှ ပြောင်းရွှေ့ရောက်လာကြတဲ့ အိမ်ငှားတွေက လူသစ်တွေဆို တော့ ဘာမသိ ညာမသိပြောနေကြတာ"

"ဘာမသိ ညာမသိပေမယ့် ဘာမှတော်ကြတာ မဟုတ်ဘူးလေ၊ အစိက,က အဲဒါပဲ၊ ကောင်လေး၊ အရင် လမ်းထဲမှာ နေသွားဖူးတယ်ဆိုပေမယ့် အခု သူ့ဒွေးရပ်ကွက် ထဲ ရောက်သွားပြီ၊ ဒီရပ်ကွက်ထိပ်မှာဆိုပေမယ့် ရပ်ကွက်ထဲက ဆင်းရဲသားမှမဟုတ်တော့တာ၊ ငယ်ငယ်က ကလေး အခု အပျို လူပျိုတွေ ဖြစ်ကုန်ပြီ၊ ဒေါ်စိန်မမဆိုတာလည်း အတော် များများက သူ့အကြောင်း သိနေကြတာဆိုတော့ အခု ကလေး နှစ်ယောက်တွဲနေကြတာကို တစ်နေ့နေ့ ပြဿနာတက်မှာပဲဆို တဲ့ မျက်လုံးတွေနဲ့ကြည့်နေကြတာ"

"ကြည့်ကြည့်ဗျာ၊ သူတို့တွေ ရိုးသားနေကြတာကို သတိပေးလိုက်မှ အရောင်ဆိုးပေးသလို မဖြစ်စေချင်ဘူး"

ဦးမျိုးနိုင်က ကြာကြာဆက်ရှည်နေမှာစိုးသလို စကား ဖြတ်ဖို့ ကြိုးစားသည်။

"သူတို့ရိုးသားတယ်လို့ ခင်ဗျားက ဘာကိုကြည့်ပြီး ပြောတာလဲ ကိုမျိုး"





ဦးငွေရက မရမက ထပ်ပြော၏။

ဦးမျိုးနိုင် ဆတ်ခနဲ လှည့်ကြည့်ကာ…

"ခင်ဗျားကရော ဘာသိလို့လဲ"

ရန်လိုစကား မဟုတ်ပါ။ တကယ်အံ့သြ၍ သိချင်လို့ မေးလိုက်တာမျိုး…

ဂိတ်ထဲမှာ ဆိုက္ကားလည်း တစ်စီးမှမရှိ၊ ခေါ်သူလည်း မရှိတာမို့ နေပြောက်ထိုးနေသော ခပ်ကျဲကျဲသစ်ပင်ရိပ်အောက် မှာ စကားကမပြတ်။

နှစ်ယောက်လုံးပဲ ပတ်ဝန်းကျင်ကို သတိမရကြပေ။

"ကျုပ်လည်း မသိပါဘူး၊ ဒါပေမယ့် ကိုမျိုးရာ… ဒီအရွယ်နဲ့ ဒီအရွယ်၊ နှစ်ယောက်လုံး ချောချောလှလှလေး တွေ"

"ဒါလောက်နဲ့ဗျာ"

ဦးမျိုးနိုင်မျက်နှာက မကြည်လင်တော့ပါ။

"ဒီလောက်လေး မဟုတ်ဘူးလေ၊ ခင်ဗျား စဉ်းစား ကြည့်ပါလား၊ အခုဆို အနေနီးကြတော့တာမှ မဟုတ်တာ၊ ရပ်ကွက်ထိပ်နဲ့အထဲ ပတ်သွားရင် ကားမှတ်တိုင်သုံးခုလောက် ဖြတ်မောင်းလို့ရသေးတယ်၊ ဒါကို တကူးတကကြီးရောက် ရောက်လာတာ"

www.burmeseclassic.com



ဦးငွေရက မဟုတ်ဘူးလားဟုမေးသော မျက်လုံးနှ
စိုက်ကြည့်ပြီးမှ

"အကျည်းတန်လို့ လှတဲ့မိန်းကလေးကို ခယ
ဒူးထောက်နေတာမျိုးဆို မဆန်းပေမယ့် ကောင်လေးက ရုပ်ရှ
မင်းသားကျနေတာပဲ၊ ယယ်ယယ်ကတည်းက ကျုပ် အမှတ်တ
နေခဲ့တာ၊ ဟိုတလောကမှ လူပြောသူပြောကြားပြီး သတိထ
မိတယ်၊ လူနဲ့ကားနဲ့ အရောင်ဟပ်ပြီး လမ်းထဲဝင်ဝင်လာတေ
ဘယ်သူမှမပြောဘဲ နေမလား၊ ပြီးတော့ ခင်ဗျားပဲ တွေးကြည
ဦး၊ ဒီလောက်ချောနေတဲ့ သူဌေးသားက နေ့တိုင်းလိုလို လာ
သွားနေတာ သူငယ်ချင်းလိုခင်တာပါပြောတော့ ရယ်စရာဖြ
နေမှာပေါ့"

"အဲဒီတော့ ပြောပါဦး"

"ဒီလိုဗျာ... အခု သူများတွေပြောနေကြတာက
သူဌေးသားက အတည်ကြံမှာမဟုတ်ဘူးဆိုတာမျိုး၊ ဒေါ်စိန်မ
က ဘယ်လိုမှပေးစားမှာမဟုတ်ဘူး၊ ဘာညာနဲ့၊ ခင်ဗျားတို့က
သူဌေးမို့ အလိုတူငြိမ်နေကြတာ၊ တစ်နေ့နေ့ အရှက်ကွဲတေ
မှာ ဘာညာ..."

ဘာညာဆိုတာတွေမှာ ဘာတွေလဲ။

ဦးမျိုးနိုင် မျက်နှာကြီး သိသာစွာ တင်းမာလာ၏။





"ခင်ဗျားတွေးမိဖို့ပြောတာ ကိုမျိုး၊ ဒါ စိတ်ဆိုးစရာ
မဟုတ်ဘူး၊ မိဘဆိုတာ သားသမီးဘယ်လိုနေတယ်၊ ဘယ်လို
သွားတယ်၊ ပတ်ဝန်းကျင်နားမဆံ့မှ ကြားရတာ"

"ကျုပ်သမီးက သူ့ကိုယ်သူ ထိန်းသိမ်းတတ်တဲ့
မိန်းကလေးပါ"

ဦးမျိုးနိုင် မခံချင်စိတ်နှင့်ပြောတော့ ဦးငွေရ ပြုံး၍
စိုက်ကြည့်၏။

"ခင်ဗျားလိုပထွေးမျိုးကတော့ တကယ်ရှားပါတယ်၊
ဒါပေမယ့်ဗျာ... သမီးရဲ့အဖေဆိုတဲ့မျက်လုံးနဲ့ မကြည့်ဘဲ ဘေး
ကြည့်နဲ့ ကြည့်လိုက်၊ ဘာလုပ်ရမယ်ဆိုတာ ပေါ်လာလိမ့်မယ်"

"ဟင်"

ဦးမျိုးနိုင် နားမလည်ပါ။

ဦးငွေရက မျက်လုံးပြူးနှင့်ကြည့်နေသည့် ဦးမျိုးနိုင်
ကို ပြုံးပြ၍

"အရက်သမားစကားပဲ ပြောပြော၊ ဆင်းကြံကြံတယ်
ပဲဆိုဆို၊ ကိုယ်က ကျန်ခဲ့ရမယ်ဆိုရင် တစ်ရက်က နှစ်ရက်
ဖြစ်တာပေါ့၊ မဟုတ်ဘူးလား၊ ဘာပဲဖြစ်ဖြစ် နောက်ဆုတ်တာ
မကောင်းဘူး၊ ရှောင်ထွက်တာလည်း ကျုပ်တို့တော့ မကြိုက်
ဘူး၊ ကိုယ်ခြံဝင် ကိုယ့်နွားပေါ့ဗျ"



www.burmeseclassic.com

www.burmeseclassic.com



"ရိုင်းတယ်တော့မထင်နဲ့၊ ကျုပ်တို့ ယောက်ျားချင်းမို့ ပွင့်ပွင့်လင်းလင်းအကြံပေးတာ"

ဟုလည်း ကပ်ပြောလိုက်သေးသည်။

အရက်သမား၊ ဆိုက္ကားသမားဆိုပေမယ့် ခေါင်းထဲမှာ ထုပ်ပိုးနေပြီး ဦးဌေးရ ဘာကိုဆိုလိုမှန်းသိပေမယ့် နားမလည်သေး။ ဒါပေမယ့် သတိပေးဆုံးမဖို့တော့ လိုပြီဆိုတာကို တွေးမိသည်။

ကိုယ်က အမြင်လှမို့ထားတော့။ ဒါတွေ ဒီလောက် ပြောဆိုနေကြတာ မာက မသိဘူးလား။

ဇ ။ ဇ

## အခန်း ၆

"အန်တီ"

"ဟေ... ဟော... သားပါလား"

ခေါင်ရိပ်က ကားကို ရှေ့နည်းနည်းကျော်လိုက်ပြီးမှ ရပ်၏။

ပြီးတော့ ကားပေါ်ကနေ ကပျာကယာဆင်း၍ ဒေါ်မြမာလက်ထဲက ဆွဲခြင်းကို ပြောင်းယူလိုက်သည်။

"သား လိုက်ပို့ပါ့မယ်"

ခေါင်ရိပ်က သူ့ကိုယ်သူ 'ကျွန်တော်' 'သား' ဟု သုံးဖြင့် ကြိုသလို ပြောတတ်သူဖြစ်သည်။

"နေပါစေသားရယ်၊ နီးနီးလေးပဲရှိတော့တဲ့ဟာ ပေး...ပေး"

သစ္စာမှန်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဟာ… သားလည်း အန်တီတို့ခေါ်သွားမှာကို၊ အတူတူပဲ၊ လာပါ"

ခေါင်ရိုပ်က တစ်ဖက်ကနေ ဒေါ်မြမာလက်ကိုပါဆွဲ၍ ကားထဲ အတင်းဝင်နိုင်းသည်။

ဆွဲခြင်းကို ဒေါ်မြမာက ဘေးမှာထည့်ပေးပြီးမှ ရှေ့မှာ သွားထိုင်သည်။

"အန်တီ… စံရှိတယ်မို့လား"

"ရှိတာပေါ့ သားရဲ့၊ အန်တီဈေးကပြန်မှ သူ ချက်ပြုတ်ပြီး သွားမှာ"

"အဲဒီအလုပ်က ဘယ်လောက်တောင်ရလို့လဲ အန်တီ၊ ညမိုးချုပ်မှ ပြန်လာရတာဆို"

ကားမောင်းရင်း မှန်ထဲကနေ လှမ်းကြည့်၍ ခေါင်ရိုပ်က မေးသည်။ ဒေါ်မြမာကလည်း နောက်ကနေ မှန်ထဲကိုပဲ ကြည့်ဖြေ၏။

"ဒီလိုအလုပ်တွေကတော့ ဘယ်လောက်ရမှာလဲ သား ရယ်၊ ဒါပေမယ့် အိမ်မှာလည်း အလကားနေနေတာပဲ၊ စိတ်လည်း မများတော့ဘူး၊ ဝင်ငွေလည်းရအောင်၊ သူပြောတာ လည်း ဟုတ်နေတာတော့ အန်တီ ကြည့်နေလိုက်တာ"

"ညဘယ်နှစ်နာရီကျမှပြန်လာတာလဲ အန်တီ"





"အင်း… ခုနစ်နာရီခွဲလောက်မှ ပြန်ရောက်တယ်၊ ဖယ်ရီကတော့ ပို့ပေးပါတယ်၊ ဒါပေမယ့် လမ်းထိပ်မှာပဲ ဆင်းရ တာဆိုတော့ လမ်းလျှောက်လာရတာလည်း ဝေးတယ်လေ"

"အဲဒါပြောတာပေါ့ အန်တီ၊ အပြင်မှာက ပြဿနာ မရှိဘူး၊ ဒီလမ်းထဲရောက်မှ မှောင်မည်းနေတာ၊ လမ်းထဲက ကောင်တွေက ဟော့ဟော့ရမ်းရမ်းနဲ့၊ စံ့ကို အဲဒီအလုပ် မလုပ် နိုင်းပါနဲ့"

ဒေါ်မြမာက ရယ်နေသည်။

အိမ်ရှေ့မှာ ကားရပ်လိုက်တော့ ရေစည်သေးမှာ ဆန် ဆေးနေသည့် စံ့မျက်နှာက ကားကိုမြင်လိုက်မှ သိသာစွာ တင်းသွားသည်။

ထမင်းအိုးထဲ ရေထည့်ပြီး မီးဖိုချောင်ထဲဝင် မီးမွှေး နေတုန်း ခေါင်ရိုပ် အနားမှာ လာထိုင်၏။

နီပြာရောင်ဘောင်းဘီရှည်၊ အပြာနုနု စပို့ရှပ်ပွပွနှင့် နှုံးနေသည့်မျက်နှာပြင်က ပန်းနုရောင် သမ်းနေသေးသည်။

ခေါင်ရိုပ်ဟာ ဒီနှစ်ပိုင်းကျမှ ဝတ်စားနေလိုက်တာက အစ၊ ကိုယ့်ကိုယ်ကို နှစ်နေတာလည်း သိသာ၏။

ချောပါတယ်ပြောကြလို့ ပိုချောအောင် လုပ်နေတာ။ ချောလိုက်တာလို့ မကြားတကြားပြောကြတာလေးတွေ



www.burmeseclassic.com

www.burmeseclassic.com



ကို သာသာနေတာ။

ယောကျ်ားလေးဖြစ်ပြီး အလှအပ ပြင်တာဆင်တာ အထင်ကြီးဖို့မရှိ။

စံက နှုတ်ခမ်းလေးစေ့ထားရင်း မီးသွေးတွေ မီးဖိုထဲ ထည့်နေသည်။

နားတစ်ဖက်ကြားမှာ ဆံပင်တွေညှပ်သွင်းထားသော်လည်း တစ်ဖက်က ပါးပြင်လေးကို ဆံပင်တွေက အုပ်ကွယ်ထားသဖြင့် ခေါင်ရိုပ်ဘက်ကကြည့်တော့ ကော့ညွှတ်သည့် မျက်တောင်ဖျားလေးတွေကိုပဲ မြင်ရသည်။

"စံ"

စံက မော့မကြည့်ပါ။

"အန့်တီ မနိုင်မနင်းဖြစ်နေလို့ ငါလိုက်ပို့တာ"

"နင့်ကို ဘယ်သူက မေးနေလို့လဲ"

"မမေးပေမယ့် ဒီလောက်စူပွနေတဲ့မျက်နှာက ငါ့ကို ချစ်နေတာမှ မဖြစ်နိုင်တာ၊ တကယ်ပြောတာနော်၊ ကားနဲ့ ဟန်ကြီးပန်ကြီးလာတာ မဟုတ်ဘူး"

"လုပ်မနေနဲ့ မင်းသား၊ ဆွဲခြင်းတစ်လုံးကို မနိုင်စရာ ဘာမှမရှိဘူး၊ မနိုင်မနင်းဝယ်ရလောက်အောင်လည်း ငါတို့ မချမ်းသာသေးဘူး၊ နင်နဲ့ငါ ရန်မဖြစ်ချင်ဘူး ခေါင်ရိုပ်၊ ငြိမ်ငြိမ်





ထိုင်နေ၊ မဟုတ်ရင်လည်း ပြန်တော့"

ခေါင်ရိုပ် ကျွတ်ခနဲ စုတ်သပ်ကာ နီမြန်းနေသည့် လက်ဖဝါးနှစ်ဖက်ကို အမှိုက်ပွါယ်မဲ့ ဖိပွတ်နေ၏။

စံက မီးမွှေးပြီးတော့ တစ်ဖက်လှည့်၍ ဆွဲခြင်းကိုဖြေသည်။ ခေါင်ရိုပ်က ဆန်ဆေး၍ ချထားသည့်ထမင်းအိုးကို မီးသွေးမီးဖိုပေါ် ကောက်တင်လိုက်၏။

ထိုအခါ မီးခိုးတွေ အူထွက်နေသည့် မီးဖိုသည် အိုးတင်လိုက်မှ မီးခိုးတွေ ထွက်ပေါက်ကျဉ်းကျဉ်းနှင့် ပိတ်သိပ်ကန့်ထွက်လာ၏။

ကျောခိုင်း၍ ဆွဲခြင်းထဲက ပစ္စည်းတွေကို တစ်ခုချင်း ဆွဲထုတ်နေသော စံ ချောင်းတွေ ဆိုးတော့သည်။

"အဟွတ်… အဟွတ်… ဟာ… အမလေး… မွန်လိုက်တာ"

ဟု ပြောကာ နောက်လှည့်ကြည့်၏။

"အဟွတ်… အဟွတ်"

ခေါင်ရိုပ်လည်း ချောင်းတွေဆိုးကာ နောက်ဖေး ဗွတင်းပေါက်ကို ပြေးဖွင့်၏။

"ခေါင်ရိုပ်… နင် ဘာလုပ်တာလဲ အဲဒါ"

ပြောလည်းပြောရင်း စံက မီးဖိုပေါ်က ထမင်းအိုးကို



www.burmeseclassic.com

www.burmeseclassic.com



ပြန်ဆွဲချ၏။

"နင်မေ့နေတယ်မှတ်လို့ တင်လိုက်တာလေ၊ မီးမွှေးထားပြီး ထမင်းအိုးတည်ဖို့ မဟုတ်ဘူးလား၊ အဟွတ်... အဟွတ်"

"ဟဲ့... မီးမှမစွဲသေးတာ၊ အထဲမှာ ထင်းမကုန်သေးဘဲ တင်တော့ အိုးတွေမည်းကုန်မှာပေါ့"

"သိမှမသိတာ"

"မသိဘဲ ဘာလို့လုပ်လဲ"

"ခင်ဗျားမျက်နှာကြီး စူပုပ်နေလို့ ရှာကြံဖားတာပေါ့"

"ဟွန်း"

ဒေါသဖြစ်လို့မဟုတ်ဘဲ မျက်စောင်းထိုးလိုက်မိ၏။ ဒါကိုတော့ သိသည်။ လူလည်...

စုံမျက်နှာ နည်းနည်းပြေသွားသည်နှင့် ခုံပြားကလေးဆွဲ၍ ဘေးမှာကပ်ထိုင်၏။

"ဒါတွေ ဘာလုပ်ရမလဲ"

မုံညင်းရွက်တွေ ကိုင်မေးသည်။

"ဘာမှမလုပ်နဲ့၊ သိပ်လုပ်ချင်ရင် ဟိုမှာ ငါးသလောက်ထုပ်၊ ဟိုမှာ စဉ်းတီတုံး၊ သွားကိုင်ပေး"





ငါးထုပ်ကိုလှမ်းကြည့်ပြီး ခေါင်းရိပ် ရှုံ့မဲ့သွား၏။

"အဲဒါတော့ မပါဘူးလေ၊ ကိုင်မှမကိုင်တတ်တာ၊ မရက်စက်နဲ့နော်၊ တစ်ခုခုခိုင်းကြည့်၊ လုံးဝမငြင်းဘူး"

စံက ကြက်သွန်အဖြူ အနီတွေ ထုတ်ယူပြီး ရှေ့မှာချထားကာ...

"ဘာမှမလုပ်နဲ့တော့"

"စံ"

"ဘာလဲ"

"ရည်းစားစကားလေး ပြောမိတာနဲ့ ရှုံ့သူတွေကျနေတာပဲကွာ၊ လိမ္မာတယ် ကလေးက၊ ပြန်ခေါ်နော်"

စံက မော့မကြည့်...

ဘာမှမပြုပြင်၊ မလိမ်းဖြီးဘဲ ဒီတိုင်းလေးနေလည်း လှနေသည့် စုံမျက်နှာလေးကို ခေါင်းရိပ်က စူးစိုက်ကြည့်၏။

"စံ... ဒီညကစပြီး အလုပ်ကအပြန် ငါလာကြိုမယ်"

စံ ဖျတ်ခနဲ မော့လာသည်။

"ငါက ဖယ်ရီနဲ့ပြန်တာ၊ ဘာလုပ်ဖို့လဲ"

"ဖယ်ရီပေါ်က ဆင်းတော့လေ၊ အိမ်ထိလိုက်ပို့မယ်၊ တားနဲ့မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မလိုပါဘူး၊ ငါ့ကို လူပြော သူပြောခံရအောင် နင် ရှာကြံတွေးနေတာလားဟင်၊ ပြောလိုက်ရင် ဘာမှအဆင်ပြေဖို့ မရှိဘူး"

"နင်က ပြောင်းလဲနေတာကိုး၊ ငါက ဘာမှမဖြစ်ဘူး၊ ဟိုတုန်းကလိုပဲ ဝင်ထွက်သွားလာတာ"

"အခု လူတွေပြောနေကြတာ၊ မကြားချင်ယောင် ဆောင်လို့မှမရဘဲ၊ အဲဒါ နင် ကားကြီးတကားကားနဲ့ လာနေလို့၊ မင်းသားရှုံးအောင်ပြင်ပြီး ကြွရှုနေအောင် လုပ်လာလို့"

"ဖြစ်ရပြန်ပြီ"

"ဟုတ်တယ်၊ နင့်ပုံစံနဲ့ ငါ့ပုံစံ၊ အနေအထား အများကြီး ကွာဟနေတာ ပေါ်လွင်လာလေ အပြောခံရလေပဲ၊ ငါပြောမယ် ခေါင်ရိုပ်၊ နင် ငါ့ဆီကို မလာပါနဲ့ဟာ၊ ဒါမှမဟုတ်လည်း တခြားကို သွားလာချင်စိတ်ဖြစ်အောင် ရည်းစားထားလိုက်"

"ထားမလို့ ပြောထားတာပဲ၊ အဖြေမပေးသေးလို့"

စံ နှုတ်ခမ်းလေးကိုက်ပစ်လိုက်မိသည်။

ကြည့်လိုက်တော့ မျက်စိတစ်ဖက်မှိတ်ပြကာ ခေါင်ရိုပ်က ပြုံး၏။

စံ အံကြိတ်၍ ကိုင်ထားသည့်ဖားကို အသံမြည်အောင် ချပစ်လိုက်သည်။





"နင့်ကို ငါ လုံးဝမချစ်ဘူး၊ အဲဒါ အဖြေပဲ"

"လုံးဝမယုံလို့ ဆောရီးပဲ"

"ရတယ်လေ၊ ငါချစ်တဲ့တစ်ယောက်ကို တွဲပြရမှာပေါ့၊ လက်တွေ့ပြမယ်၊ စောင့်ကြည့်နေ"

"လုပ်ကြည့်လိုက်လေ၊ ငါကလည်း လက်တွေ့ပြမှာပါ"

ခေါင်ရိုပ်မျက်နှာမှာ အပြုံးတွေမရှိတော့ဘဲ တည်တင်းနေသည်။

မကြည်လင်သော စံ့မျက်ဝန်းလေးတွေကိုကြည့်ကာ ခေါင်ရိုပ်က မဲ့လိုက်၏။

"နင်ပြောတဲ့စကားကို ငါမလျှောင်ပါဘူး၊ ဒါပေမယ့် ငါပြောတာလည်း ပုံပြင်မဟုတ်ဘူးနော်"

စံတစ်ယောက်တည်း ကျန်နေခဲ့ရင်း မျက်ခုံးလေး နှစ်ဖက် တွန့်ကုတ်သည့်အထိ စဉ်းစားနေမိ၏။

ပြောတော့ ပြောလိုက်ပြီ။ တကယ်ရည်းစားထားပြရမှာလား။

ရည်းစားထားဖို့မှား အိပ်မက်ထဲမှာရော စိတ်ကူးထဲမှာပါ မရှိခဲ့။

ရင်ခုန်တတ်ခဲ့တာက အဲဒီလူဆိုးကြောင့်···

၆ ။ ၆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ။ ၇ ။

"မိဘစကားနားမထောင်တာနဲ့ လူဆိုးဖြစ်စရာလား မမေ ရာ၊ မွေးကတည်းက သေတဲ့အထိ မိဘစကားကို တသဝေ မတိမ်း မြေ့ဝယ်မကျနားထောင်တဲ့သူ ရှိဖူးသလား၊ အလောင်းတော် မဟာဇနကမင်းသားတောင်မှ မိခင်တားတဲ့ကြားက ပင်လယ်ပြင်ကို ဖွတ်ထွက်ခဲ့သေးတာ"

"ကြည့်စမ်း"

ဒေါ်စိန်မမ ဒေါသဖြစ်လွန်း၍ ပြောဖို့စကားကို ရှာတရက် အစရှာမရ။

ခေါင်ရိုပ်က ခေါင်းကိုရေသုတ်နေရင်း မှန်ထဲကနေ နောက်မှရပ်နေသော ဒေါ်စိန်မမမျက်နှာပေါ်က ဒေါသများကို မြင်မှ





"သားပြောတာက ဒီလိုပါ၊ မိဘနဲ့ သားသမီး အယူအဆလေးတွေ တိမ်းစောင်းကြ၊ စကားများကြဆိုတာ ရှိတတ်ကြတာပဲ၊ သားကျမှ လူဆိုးလို့ မေမေကပြောတာ ဘယ်ကောင်းမလဲ"

"မကောင်းလည်း ပြောရမှာပဲ၊ အယူအဆလေးတွေ တိမ်းစောင်းနေတာမဟုတ်ဘူး၊ မင်းက မိဘကို လုံးဝဆန့်ကျင်နေတာ၊ ဒီလမ်းမသွားနဲ့ဆိုသွားတယ်၊ ဒီလူမခေါ်ပါနဲ့ဆို ခေါ်တယ်၊ ငါ ဒါကို လုံးဝမကြိုက်တာသိရက်နဲ့ မင်း ဇွတ်တိုးလုပ်နေတာ၊ သက်သက်စိန်ခေါ်နေတာပဲ ခေါင်ရိုပ်"

"မဟုတ်ဘူး မေမေရာ"

ဘယ်လောက်ဆူဆူ၊ ဘယ်လိုတားတား ခေါင်ရိုပ် မျက်လွှာချ၊ ခေါင်းငုံ့၍ ဘာမှပြန်မပြောဘဲ နေလိုက်တာ ရှိချင်ရှိမည်။

ပြီးတော့ သွားမြဲသွား၊ လာမြဲလာ။

ကြာတော့လည်း ခေါင်ရိပ် ရေမိုးချိုးဝတ်စားပြီးဆို ဒေါ်စိန်မမ နောက်ကရောက်လာရတော့သည်။

"ဒါက ဘယ်လဲ၊ ဘယ်သွားဆိုလဲ"

ဘယ်လိုမေးမေး ဖြေပါလိမ့်မည်။ ဘာလုပ်မလို့၊ ဘာသွားဝယ်မလို့။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ခြေဦးလှည့်ပြီဆို စံရှိတဲ့ဆီ…

"ခေါင်ရိပ်"

"ဗျာ… မေမေ"

မျက်နှာရော လည်တိုင်တွေ၊ ရင်အုပ်ကျယ်တွေကိုပါ အသားလှသီ လျှောက်ပွတ်ရင်း မှန်ထဲက ခေါင်းဆတ်ထူး၏။

ဒေါ်စိန်မမ ရှေ့တိုးလျှောက်လာကာ…

"မေမေ့ကို မင်း ဖြေစမ်းပါ၊ စံကို မင်းချစ်နေသလား၊ ရည်းစားတွေ ဖြစ်နေကြပြီလားဟင်"

ချော့သလား၊ ခြောက်တာလား မသိ။

မေမေ့လေသံပျောက်ကျသွားတာက အဖျားခတ်မှာ ဇာတိရုပ်ပေါ်လာသေးသည်။

ခေါင်ရိပ်က ဘာမှမဟုတ်သလို ပြုံးလိုက်ပြီး စပို့ရုပ်လက်ရှည်ကို ခေါင်းကနေ စွပ်ချလိုက်၏။

"ဘာမှမဟုတ်ပါဘူး မေမေရာ၊ သူငယ်ချင်းပါ၊ ခုတလောလည်း သား သွားလို့လား"

"ည ည ပျောက်သွားတာရော"

"အဲဒါ ချိုကြီးတို့ဆီမှာ ဂစ်တာသွားတီးတာ"

ဒေါ်စိန်မမက မကျေနပ် ကျေနပ်နိုင်ပဲ ငြိမ်ကျသွား၏။

"ခေါင်ရိပ်ရှိလား"





သားအမိ စကားမပြတ်သွားစဉ် အသံစူးစူးလေးတစ်ချက် ဝင်လာ၏။

"ဟော… သံသာ၊ လာပြီ၊ မင်း သံသာနဲ့ ချိန်းထားလား"

"ဟား… မဟုတ်ဘူး၊ လုံးဝမဟုတ်ဘူး၊ မေမေ သူပြောတဲ့အတိုင်း ရေလိုက်ငါးလိုက်တွေ မပြောနဲ့နော်"

ခေါင်းဖြီးနေရင်း ပြုံးပြုံးပြုံပြုံ ထဖြစ်သွားသည့် ခေါင်ရိပ်ကို ဒေါ်စိန်မမက သူခိုးဖမ်းသည့်မျက်လုံးများနှင့် ကြည့်၏။

"ဘာဖြစ်တာလဲ အဲဒါ၊ သံသာ့ကို ငါက ချစ်တယ်၊ လက်မခံနိုင်စရာ ဘာမှမရှိဘူး"

"ဘာကိုလဲ မေမေ၊ ဘာလက်ခံတာလဲ၊ သံသာက သားနဲ့ မောင်နှမတော်သေးတယ်ဆို"

"တော်တယ်၊ ဒါပေမယ့် ဘယ်လိုဆွေမျိုးစပ်ကြည့်ရမှန်းတောင် မသိဘူး၊ ဘယ်နှစ်ဝမ်းကွဲတော်မှန်း လူကြီးတွေတောင် မသိတော့တာ၊ သူစိမ်းလို့ပြောလည်း ရတယ်၊ စိတ်ဝင်စားမယ်ဆို သံသာလေးက မဆိုးဘူးနော် သား၊ စီးပွားရေးတကျသိုလ် တက်နေတယ်၊ မေမေတို့ထက် ချမ်းသာတယ်၊ ရုပ်လည်း လှတယ်"



www.burmeseclassic.com

www.burmeseclassic.com



သူတစ်ခုခု ပြန်ပြောဖို့ အခွင့်အရေးမရခဲ့ပေ။

သံသာတ ခန်းဆီးစကို ဆတ်ခနဲ ဆွဲဖယ်ကြည့်ကာ…

“ဝင်လာမယ်နော်”

ဟု ပြောလို့မဆုံးသေးခင် လူက အထဲရောက်လာ၏။

တကယ်ဆို ဒါ ခေါင်ရိုပ်ရဲ့အိပ်ခန်း…

မေမေရှိလို့ပဲ ဝင်ဝင်၊ ဘာပဲဖြစ်ဖြစ် မျက်နှာတော့ ပူသွား၏။

ခေါင်ရိုပ် ဘီးကို ကပျာကယာချကာ အပြီးမသတ်ဘဲ ထားသည့် ဘောင်းဘီခါးပတ်ကို သေချာချိတ်လိုက်ရ၏။

“ဟား… မွေးလိုက်တာ၊ ကောင်းလိုက်တဲ့ ရေမွှေး၊ ကိုရိုပ်တို့ကတော့ တကယ့်မင်းသားပဲနော်၊ ဘီကိုတင်းထက် တောင် ချောသေးတယ်”

ပြောရင်း အနားမှာလာကပ်ကာ လက်နှစ်ဖက် နောက် မှာ ဆုပ်ထားလျက် ခါးလေးကုန်းသွားအောင် ငုံ့ကြည့်သည်။

မျက်နှာရှေ့မှာ သေချာဝင်လာမှ ခေါင်ရိုပ် မချိသွားပြုံးလိုက်ပြီး…

“ဘာလာလုပ်တာလဲ”

“အံမယ်… မေးပုံက”

ဟု ပြောကာ ခေါင်ရိုပ်ကိုယ်ကို ယိုင်ထွက်သွားအောင်





ကိုယ်လုံးနှင့် ပစ်တိုက်လိုက်၏။

“ဘဝသိပ်မြင့်မနေပါနဲ့၊ ထပ်မြင့်လို့ရအောင် ဒီမှာ ပြောပေးထားရတာ”

“ဘာလဲ”

“မနက်ဖြန် သူငယ်ချင်းတွေနဲ့ ဂျေဒိုးနပ်မှာဆုံကြဖို့ ချိန်းထားတယ်၊ အဲဒါ ကိုရိုပ်ရဲ့ပွဲပဲ၊ တစ်ဝိုင်းစာ ဒကာခံရမယ်”

“ဟာ… ငါနဲ့မှမသိတာ၊ ကြောင်တောင်တောင်နဲ့”

“ကိုရိုပ်က မသိပေမယ့် သူတို့က သိတယ်၊ သံသာ ကို နှစ်ခါသုံးခါ ကျောင်းလိုက်ပို့ဖူးတဲ့ဥစ္စာ၊ သိတာပေါ့၊ အခု သူတို့က ကိုရိုပ်နဲ့ခင်ချင်လို့တဲ့၊ အထင်မသေးနဲ့နော်၊ သံသာ့ သူငယ်ချင်းတွေက ချောချောလှလှလေးတွေ”

“တော်ပါဟာ”

ခေါင်ရိုပ် မျက်နှာမကြည်ပေမယ့် ဒေါ်စိန်မမကတော့ သဘောတွေကျနေသည်။

“သူငယ်ချင်းတွေကတောင် မေးနေကြသေးတယ်၊ နင့်အစ်ကိုက မတက်နိုင်တာလည်း မဟုတ်ဘဲနဲ့ ဘာဖြစ်လို့ အဝေးသင်ယူထားတာလဲတဲ့၊ ဟုတ်သားပဲ၊ ကိုရိုပ်က သူများ တွေ တက္ကသိုလ်ကျောင်းသားဖြစ်ချင်လွန်းလို့ အသေအလဲ ကြိုးစားခဲ့ကြရတာ၊ ကိုရိုပ်က ဂုဏ်ထူးနှစ်ခုနဲ့ အမှတ်လေးကို



www.burmeseclassic.com

www.burmeseclassic.com



ကျော်နဲ့အောင်တာ၊ အဝေးသင် ဘာလို့ယူတာလဲ”

သွားပြီ။

မေမေ့မျက်နှာကို လှမ်းမကြည့်မိအောင်နေရင်း ခေါင်ရိပ် သံသာကို ကြိတ်၍ကျိန်ဆဲနေမိလေသည်။

အဲဒီပြဿနာနဲ့ အမြဲရင်ဆိုင်နေခဲ့ရတာ ဒီကျောင်းမပြီး မချင်း အဆုံးအစမရှိတဲ့ကိစ္စ…

နားအေးပါးအေးလေးနေရတုန်း အစဖော်နေပြီ။

“ဟွန်း… အဲဒါမမေနဲ့ သမီးရေ၊ တုတ်ဆွဲပြီးမေးမေး ရိုက်ရင်တောင် ဘယ်လိုဖြေမလဲမသိဘူး၊ ဖြစ်စတုန်းကတော့ သူ့သူငယ်ချင်းတစ်ယောက် ကျောင်းဖွင့်ခါနီးမှဆုံးသွားတော့ ဒီကောင်မပါဘဲ တက္ကသိုလ်မတက်တော့ပါဘူးဆိုပြီး ဘယ်လိုမှ ကို ပြောမရတော့တာ”

“ဟုတ်တယ်”

“ဟုတ်ပ၊ သူ့အဖေကလည်း ဘွဲ့တစ်ခုခုရဖို့ အဓိက ပါကွာဆိုပြီး နောက်တော့ သူ့အလိုအတိုင်း ဖြစ်ပေးလိုက်တာ ပေါ့၊ သူကတော့ လိမ်တာပါ”

“ဘယ်လို”

“မေမေကလည်း”

“မင်း မဟုတ်လို့လား”





စသလို နောက်သလိုပြောနေရင်း ဒေါ်စိန်မမ လေသံ က မချိတရိ ဖြစ်လာ၏။

နောက်တော့မှ သိလိုက်ရတာက သေသွားတဲ့ကောင် လေးက ခေါင်ရိပ်နဲ့ ဘာမှမဆိုင်…

သူငယ်ချင်းလည်းမဟုတ်ဘဲအဓိက၊ ကစံ တက္ကသိုလ် မတက်နိုင်လို့ သူမတက်တဲ့အဖြစ်။

ကျောင်းမဖွင့်မချင်းမေးနေတုန်းကတော့ စံ ကျောင်း မတက်တော့ဘူး။ အပြင်အလုပ်ပဲ လုပ်မှာတဲ့။

“ဟဲ့… အဝေးသင်နဲ့ရော မတက်ဘူးတဲ့လား”

ဆိုတော့…

“အဝေးသင်လည်း ပိုက်ဆံကုန်ရတာပဲ မေမေရ၊ သူတို့မှာ အဲဒီလောက်မှမပြေလည်တာ”

တဲ့။

မထွေးလုပ်စာပဲရှိတာ၊ ဟုတ်မှာဟု တွက်ခဲ့မိ၏။

နောက်ကျမှ စာမေးပွဲအတူတူဖြေကြတော့…

“ဟုတ်တယ်လေ၊ စံလည်း သားနဲ့အတူတူပဲ”

“ဒါနဲ့ သူ့ အပြင်မှာအလုပ်လုပ်မှာဆို”

“အစက မပြေလည်လို့နေမှာပေါ့ မေမေရ၊ ကျောင်း



www.burmeseclassic.com

www.burmeseclassic.com



ဖွင့်ခါနီးမှ အဆင်ပြေလို့ဖြစ်မှာပေါ့”

တဲ့။

တွေးမိတိုင်း ဒီကိစ္စကို မကျေနပ်။

ကိုယ့်ဘဝအတွက် တစ်သက်မှာ တစ်ခါသာဖြစ်ခွင့်ရတဲ့ အလွတ်လပ်ဆုံး၊ ပျော်စရာအကောင်းဆုံး တက္ကသိုလ်တက်ဖို့အခွင့်အရေးကို ဆုံးရှုံးခံရတဲ့အထိ တွယ်တာခဲ့တဲ့ စံ။

“ဒါ ပေါ့သေးသေးမဟုတ်ဘူး အစ်ကို”

ဟု သူမပြောတော့ အဖြေဖြစ်သူက ဂရုတစိုက် မရှိ။

“ငယ်ငယ်ကတည်းက တခြားအပေါင်းအသင်းရှိခဲ့ကြတာမှ မဟုတ်တာ၊ ခင်တြွတာပေါ့ကွာ”

ဟု ဆိုသည်။

သူမမှာတော့ ကိုယ့်ကားကိုမောင်းပြီး တက္ကသိုလ်တက်စေချင်သည့် ဆန္ဒတွေမဖြစ်မြောက်နိုင်တော့တာမို့ ရင်ထဲမှာတနုံ့နုံ့။

ဒီကြားထဲ မကြားချင်သည့် စကားကိုပဲ သံသာက ထပ်ပြောပြန်ရာ

“ပြီးတော့ ပြောရဦးမယ် အန်တီသိလား ကိုရိပ်က ကောင်မလှလှလေး တစ်ယောက်နဲ့တွဲနေတာ သူကိုသိတဲ့တစ်ယောက်က သံသာတို့အုပ်စုထဲမှာ ရှိတယ်လေ…သူ





ကပြောတယ်…အဲဒီတစ်ယောက်ကို ငါသိတယ်…လေးတန်းတုန်းက အတူတက်ဖူးတယ်…နာမည်က ဘာတဲ့…စံ…”

“စံအိမ်တဲ့”

“ဟယ် ဟုတ်တယ် နာမည်ကတော့ ပျံနေတာပဲ အန်တီသိတယ်ပေါ့”

သိလိုက်တာမှလို့ အစချီပြီးပြောရလျှင်ဖြင့် ဆုံးတော့မည်မထင်

“ချစ်ဖို့တော့ တော်တော်ကောင်းတာ အန်တီရဲ့ အရုပ်ကမြင့်မြင့် ဆံပင်ကပခုံးအောက် ဝဝပျော့ပျော့လေး ကိုယ်လုံးက တအားလှတာပဲ အရမ်းပြင်ထားတာ မဟုတ်ဘဲကို ထင်းနေတာ”

“ဟဲ ဟဲ ဒါပဲလေ… သေသေချာချာ ရွေးထားတာဥမ္မာ”

“ဘာ”ဒေါ်စိန်မမ အသံကြီးဟိန်းထွက်လာမှ

“ဟာ မဟုတ်ဘူး ရွေးတာလေ…ဟဲ ဟဲ တစ်ဦးတည်းသောသူငယ်ချင်း လို့ပြောတာ”

အနားမှာ သံသာရှိနေလို့ပါ။

ဒေါ်စိန်မမမျက်နှာ ထိန်းချုပ်နေသည့် ကြားမှနီရဲကာနေ၏။

သံသာကလည်း သားအမိနှစ်ယောက်ကြားက အနေခြ



www.burmeseclassic.com

www.burmeseclassic.com



အနေကို အနည်းငယ် အကဲခတ်မိသွားကာ ဖုန်ဖြေသလိုလုပ်၍

"ကဲပါ အဲဒါတွေမပြောတော့ဘူး…ကိုရိပ် အခု ဘယ်သွားမလို့လဲ"

"သူငယ်ချင်းနဲ့ ချိန်းထားလို့"

"ဘယ်တော့လဲ၊ အချိန်ရသေးရင် ခဏလောက် သံသာကို လိုက်ပို့ပေးစမ်းပါ။"

"ဘယ်ကိုလဲ"

"သူငယ်ချင်းနဲ့ ချိန်းထားတာပဲ…ဟိုကျတော့ သူရောက်မနေရင် တစ်ယောက်တည်း ဖြစ်နေမှာစိုးလို့…"

"ဟာ…အဲဒါ…"

"ဘာပြောမလို့လဲ လိုက်ပို့ပေးလိုက်"

လေသံကပြင်းသည်။ တစ်ချက်လွှတ် အမိန့်ချပြီး မေမေချောကနဲလှည့်ထွက်သွား၏။

သူမျက်နှာ ရှုံ့မဲ့သွားတာကို ကြည့်၍ သံသာကရယ်၏။

ကြားဖူးသမျှထဲမှာ ထိုရယ်သံလောက် နားဝင်ဆိုးတာ မရှိ။

၆ ။ ၆



အခန်း ⏩ ၀ ⏪

ခါတိုင်း ဒီထိပ်မှာဆင်းတာ စံတစ်ယောက်တည်း ဖြစ်သည်။ ဒီနေ့ကျမှ နောက်တစ်ယောက် ဆင်းလာတာ တွေ့သဖြင့် လှည့်ကြည့်လိုက်မိတော့ အံ့ဩသွားမိသည်။

"ကိုငယ်ပါလား"

စက်ရုံက လက်ထောက်မန်နေဂျာ ကိုငယ်က စံ ဒီလို အံ့ဩသွားမှာကိုကြိုသိထားသည့်အပြုံးနှင့် ခေါင်းဆတ် လျှောက်လာသည်။

"တကယ်က ရှေ့မှတ်တိုင်မှာဆင်းပြီး ဆရာနိုင်းလိုက်တဲ့ ကိစ္စ သွားပေးဖို့ပါ၊ စံ ဒီမှာဆင်းလိုက်တာတွေ့လို့ လိုက်ဆင်းလာတာ"

"ရှင်"



www.burmeseclassic.com

www.burmeseclassic.com



စံက အနားရောက်လာသည့် ကိုငယ့်ကို နားမလည်သလို ဈောကြည့်၏။ မန်နေဂျာ ကိုငယ်လို့လည်း ခေါ်သည်။ ဂျာလေးလို့လည်း ခေါ်ကြသည်။

နာမည်အစအဆုံးကတော့ ဘာမှန်းမသိ။

စက်ရုံတစ်ရုံလုံးက ဒီလိုပဲခေါ်ကြတာမို့ စံလည်း ကိုငယ်ဆိုတာကိုပဲ သိ၏။

ဒါပေမယ့် စံ့ကိုပဲ အရေးပေးတတ်သည့် ကိုငယ့်ကို သူငယ်ချင်းတချို့က စကြသည်။

"တကယ်ပြောတာဟာ၊ သိသာတယ်၊ နင့်ကို ဂျာလေး ကြွေနေပြီ"

"နင် ဒီနေ့ မဆင်းတော့ဘူးမှတ်လို့ ကိုငယ် မျက်နှာ ပျက်နေတာဟာ၊ အရမ်းသိသာတာပဲ"

စသဖြင့် အချင်းချင်းကပ်၍ မနေတတ်အောင် စနေခဲ့ကြသည်။

ခုလည်း တမင်ဂကာဆင်းနေခဲ့တာပါဟု ရှင်းရှင်းကြီး ပြောလာသဖြင့် စံ မျက်နှာပူသွားမိသည်။

"စံ ဒီလမ်းထဲမှာနေတာလား"

နှစ်ယောက်သား ပခုံးချင်းယှဉ်လျှောက်လာရင်း မေးတော့ စံက ခေါင်းညိတ်၏။





"ဟုတ်တော့ ဟုတ်တယ်၊ အထဲမှာ ဆယ်လမ်းတောင် ရှိသေးတာလေ၊ စံတို့က နှစ်လမ်းဆိုတော့ ဒီထိပ်ကနေ အဝေးကြီး သွားရသေးတယ်"

"လမ်းက မှောင်လိုက်တာ၊ အလယ်ကျောက်လမ်းက ဘာလို့မဝင်တာလဲ"

"အဲဒီက ပိုဝေးလို့၊ ကိုငယ်က ဘယ်ထိသွားမှာလဲ"

စံ တည့်တည့်မေးလိုက်တော့ ကိုငယ်က မျက်နှာငယ်၍ ရယ်လိုက်၏။

စက်ရုံယူနီဖောင်းဖြစ်သည့် ကာကီရောင်ဘောင်းဘီရှည်၊ ရှပ်လက်တိုအဖြူနှင့် အသားဖြူသောကိုငယ့်ပုံစံက ကြည့်ကောင်းပါသည်။

စံက ကိုငယ့်ကိုတစ်ချက်ကြည့်၍ လမ်းကိုပြန်၍ မျက်နှာမူသည်။

အိမ်တွေထဲမှ ဖြာကျနေသည့် မီးရောင်ကလွဲ၍ လမ်းကြားလေးထဲမှာ ဘာမီးရောင်မှမရှိ။

"ကိုငယ်... ခဏလေးနော်၊ အမေ့အတွက် ဆေး နာမည် ဝင်မေးချင်လို့"

စံက အိမ်လေးတစ်အိမ်ထဲဝင်သွားတော့လည်း စကား မပြတ်လို့ ခဏရပ်၍ပြောနေရသော အချိန်မှာ ကိုငယ်



www.burmeseclassic.com

www.burmeseclassic.com



စိတ်ရှည်လက်ရှည် ရပ်စောင့်၏။

"ဆောရီးနော် ကိုယ်၊ မေးနေတာဖြေနေရတာနဲ့"

"ရပါတယ်၊ စုံအမေက နေမကောင်းလို့လား"

လမ်းကျဉ်းကလေးမို့ မညီမညာရွဲ့စောင်းနေသော အုတ်ကျိုးအုတ်ပဲ့လေးတွေကို ကုတ်ကပ်နင်းလျှောက်ရင်း တစ်ခါတလေ ပခုံးချင်းထိမိလိုက်၊ အရှိန်နှင့် တိုက်မိလိုက်…

လမ်းထဲက အိမ်နီးပါးနီးတချို့ အနားကကပ်ဖြတ်သွားကာ သေချာပြူးပြဲကြည့်ကြတာ ရှိသည်။

မသင့်တော်ဘူးဆိုတာသိပေမယ့် နှင်လွှတ်ရလောက်အောင် လူစားမျိုးမဟုတ်။

"စုံ"

"ရှင်"

"ဂျာကြီးကပြောတယ် သိလား၊ သူတို့လင်မယား နှစ်ယောက်လုံးက ပြောတာ"

"ဘာလဲဟင်"

"စုံက သိပ်လှတာပဲတဲ့၊ ဘယ်လိုကြည့်ကြည့် လှနေတာမျိုး၊ ပြင်ဆင်ခြယ်သမှုမရှိဘဲလှနေတာဆိုတော့ ထိုင်ကြည့်နေချင်အောင်လှတာတဲ့"

"ကိုယ်ကလည်း"





မှောင်မည်းမည်းထဲမှာသာမဟုတ်လျှင် စုံ တကယ်ကို အနေခက်အောင် ဖြစ်ရမှာပါ။

ဒီလူတွေဟာ တမင်မြှောက်ပင့်ပေါင်းကြမှာ မဟုတ်မှန်း သိထားပေမယ့် ကိုယ့်ကိုယ်ကို ဒီလောက်အထိ အထင်မရှိခဲ့ဘူးပေ။

"စုံ"

"ရှင်"

"ကျွန်တော့်ကို ဘယ်လိုထင်လဲဟင်"

"ဘာကိုလဲဟင်၊ ဘာကိုထင်ရမှာလဲ"

အိမ်ကိုမြန်မြန်ရောက်အောင် လျှောက်နေသည့် ခြေထောက်တို့က မြေပြင်ကိုနင်းနေမိမှန်းပင် မသိတော့။

"ဖြည်းဖြည်းလျှောက်ပါ စုံရယ်၊ ကျွန်တော်က ဆွဲမထားပါဘူး၊ ဒါပေမယ့် ဟို… ပြောချင်တာတော့ရှိတယ်၊ အဲဒါ ကြောင့်လည်း ကာယကံရှင် ကျေနပ်တာ၊ မကျေနပ်တာ မသိဘဲ ဒီည တမင်လိုက်လာခဲ့တာပါ"

"ဟို… စုံကလေ…"

"ခဏ… ခဏလေး စုံ၊ ကျွန်တော်ပြောတာ အရင်နားထောင်ပြီးမှ စုံပြောပါ၊ ဘာဖြစ်လို့လဲဆိုတော့ စုံ အနေနဲ့ ကျွန်တော့်ကို ဘယ်လိုမှလက်ခံတွေးပေးမှာမဟုတ်ဘူးဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သိတယ်၊ ကျွန်တော်ပြောတာလေးတွေကိုပဲ ဒီည သေချာ စဉ်းစားကြည့်ပေးပါ"

"စံကို ရည်းစားစကားပြောမလို့ဆိုရင်တော့..."

"ဟုတ်တော့ ဟုတ်တယ်၊ ဒါပေမဲ့ ဒီထက်လေးနက်ပါတယ် စံရယ်၊ ကျွန်တော်က..."

"ဟိုရှေ့က စံတို့အိမ်ပဲ ကိုယ်၊ လာဈေး... အိမ်ထဲဝင်ပါဦး၊ ကိုယ် အချိန်ရရင် စံ လက်ဖက်သုတ်ကျွေးပါ့မယ်"

အိမ်ရှေ့ရောက်အောင် သုတ်သုတ်လျှောက်ရင်း စံ ဝမ်းသာအားရပြောတော့ ကိုယ်က ခပ်သဲ့သဲ့ရယ်၏။

"ရပါတယ် စံရယ်၊ ပင်ပန်းလာတဲ့ဟာ၊ လက်ဖက်ထပ်မသုတ်ခိုင်းရက်ပါဘူး၊ ကျွန်တော်မပြောဖြစ်ခဲ့ပေမယ့် ဘာပြောမယ်ဆိုတာ စံ သိမှာပါ၊ သိတယ်မို့လားဟင်၊ လေးလေးနက်နက် မြတ်မြတ်နိုးနိုးပါ စံ၊ စဉ်းစားပေးပါနော်"

ဘယ်လိုမှမထင်မှတ်ဘဲ ရည်းစားစကားအပြောခံရခြင်းကြောင့် အနေခက်ခြင်းဒုက္ခထဲကနေ ဘယ်လိုရုန်းထွက်ရမှန်း မသိ။

အိမ်ထဲဝင်လိုက်ကတည်းက ကိုယ် ဘယ်လိုပြန်လှည့်သွားလဲဆိုတာကို နည်းနည်းလေးမှပင် စောင်းမကြည့်မိတော့။





"ဟော... ဟိုမှာ သမီးပြန်လာပြီ"

"ဟင်"

စံ အံ့သြသွား၏။

အိမ်မျက်နှာစာ ပြတင်းပေါက်မှာ ကျောပေးရပ်နေသည့် ခေါင်ရိုပ်။

အမေက ဧည့်ခန်းကုလားထိုင်မှာထိုင်နေရင်း ဝမ်းသာသွားသလို ခါးလေးမတ်သွား၏။

စားပွဲနားမှာ စံရပ်လိုက်တော့မှ ခေါင်ရိုပ်က မျက်နှာတင်းတင်းနှင့် လှည့်လာသည်။

"သမီး ဘယ်ဝင်နေတာလဲ၊ ခေါင်ရိုပ် ခုနက ရောက်တယ်၊ လမ်းမှာ သမီးကိုမတွေ့ဘူးတဲ့၊ ကျောက်လမ်းမကြီးဘက်က ဝင်လာလို့လား"

စံ ခေါင်ရိုပ်ကို ကြည့်လိုက်မိ၏။

ခေါင်ရိုပ်က ဖြေစမ်းဆိုသည့် မျက်နှာတင်းတင်းနှင့်။

"အမေပဲ အန်တီစိုးဆီက လိမ်းဆေးနာဆည်ဝင်မေးခဲ့စမ်းပါဆိုလို့ ဝင်မေးတာလေ"

"သြော်... ဟုတ်သားပဲ၊ ဟုတ်တယ် သားရဲ့"

ဒေါ်မြမာက ခုမှသတိရသွားသလို ခေါင်ရိုပ်ဘက်ကို လှည့်ရှင်းပြနေသည်။ ခေါင်ရိုပ်မျက်နှာက အနည်းငယ်မျှပင်



www.burmeseclassic.com

www.burmeseclassic.com



လျှောကျသွား။

ခေါ်မြမှာကိုလည်းမကြည့်ဘဲ စံ့ကို မကျေမနပ်ကြည့်ဆဲ...

စံက မျက်နှာလေးမော့၍ ဂရုမစိုက်သလို လုပ်ပြခဲ့သည်။ ပြတင်းပေါက်ကနေ ကိုယ် ပြန်လှည့်သွားတာကို ခေါင်ရိပ်မြင်လိုက်တာမှန်း သူမ သိသည်။

သူ့ရှေ့မှာ အမေ့ကို တမင်ထည့်မပြောဘဲနေလိုက်တာကလည်း ဖုံးကွယ်လိုက်သလို ထင်ရောက်စေပြီး ခေါင်ရိပ်ဒေါသတွေထန်ကျန်ခဲ့လိမ့်မည်။

တကယ်က ကိုယ်လိုက်ပို့တာ၊ ပြန်လှည့်သွားတာကို အမေ့ကိုပြောပြဖို့ဟာ သူ့ကြောင့်...

"စံ"

ညဘက်ဆို အိမ်ခြံထောင့်ရေစည်နားမှာ မှောင်ရိပ်ကျနေမြဲ...

ခြံထားသည့်တဘက်ကိုဖယ်၍ ခြံစည်းရိုးပေါ်တင်ပြီး ရေစည်ထဲက ရေခွက်ကို ကိုင်လိုက်ပြီးမှ...

"ဟင်... ဘာလာလုပ်တာလဲ ဒီကို၊ ရေချိုးမလို့ဟာ"

"သိတယ်"





ခေါင်ရိပ်က မှောင်ရိပ်တစ်ဝက်၊ အလင်းတစ်ဝက်ကိုယ်ပေါ်မှာကျလျက်။

ရှေ့မတိုးသော်လည်း နောက်ပြန်မလှည့်...

"သိရင်သွားလေ၊ မိန်းကလေးတစ်ယောက် ရေချိုးနေတာကို နင်က ရပ်ကြည့်မလို့လား"

"မချိုးနဲ့ဦးပေါ့၊ တဘက်ပြန်ခြုံလိုက်"

"အမယ်"

"မြန်မြန်ခြုံလိုက်စမ်းပါ၊ ငါ မေးစရာရှိလို့"

စံက ရေခွက်ကို စည်ထဲပြန်ပစ်ချ၍ တဘက်ကို ပြန်ဆွဲခြုံသည်။ အိမ်ပေါ်မှာ သူထိုင်နေလို့ လှည့်တောင်မကြည့်ဘဲ ဆင်းလာခဲ့တာ။

သူထွက်လိုက်လာမယ်လို့ မထင်...

"ဘာလဲ ပြော"

"ဟိုတစ်ယောက်က ဘယ်ကပါလာတာလဲ"

"စက်ရုံကပဲလေ၊ အတူပြန်လာတာ"

ခေါင်ရိပ်က ဘောင်းဘီထဲလက်နှိုက်ထားလျက် ခြေဖျားတစ်ချက်ထောက်သည်။

"နင်တို့ဖယ်ရီထွက်သွားတော့ ငါ လမ်းထိပ်မရောက်သေးဘူး၊ နင် ဖယ်ရီနဲ့ပါလာပြီး ဆေးဝင်မေးတာ ဟုတ်လို့



www.burmeseclassic.com

www.burmeseclassic.com



လား"

"ခေါင်ရိုပ်"

"ဘာလဲ"

"ပြောလေ... ပြောကြည့်လိုက်၊ နှင်က ဘာထင်လို့လဲ"

ခေါင်ရိုပ်ထံမှ ဟွန်းခနဲ မဲ့သံထွက်လာ၏။

"မြင်ရတဲ့ပုံကတော့ အသည်းအသန် မရိုးမသားကြိုးစားနေပုံပဲ၊ နှင့်ကို ပရိုပို့စ်လိုက်လုပ်နေတာမို့လား"

"ငါ့ရည်းစားလို့ရော မထင်ဘူးလား"

"ဘာလို့ထင်ရမှာလဲ၊ ဒီမှာ စံ၊ နှင့်ကို ငါ ဖွင့်ပြောပြီးပြီနော်၊ နှင်က ငါ့အတွက်ကလွဲပြီး ဘယ်သူ့ဆီမှ ရောက်ဖို့မရှိဘူး"

"အံမာ... ကြီးကြီးကျယ်ကျယ်၊ ငါကလည်း နှင်ကလွဲပြီး အားလုံးကို ဦးစားပေးစနစ်နဲ့ စဉ်းစားဖို့ဆုံးဖြတ်ပြီးသား"

"ငါက ဘာဖြစ်နေလို့လဲ"

"အောက်ခြေလွတ်နေတဲ့ သူဌေးပဂေးကြီးတွေမို့လို့၊ တစ်လောကလုံးမှာ နှင်တို့မိသားစုကလွဲရင် ချမ်းသာတဲ့လူမရှိတော့ဘူးဆိုရင်တောင် ဆင်းရဲရတာ အရသာလို့ အော်ဟစ်လိုက်ဦးမှာ၊ နှင်က သူဌေးသားပဲ"





"နှင် ဘာဖြစ်လို့ အဲဒီလိုရွဲ့တာ စောင်းတာတွေ ခုတလောကျမှဖြစ်လာတာလဲ စံ၊ စကားကောင်းပြောလို့မရဘူး၊ ကောင်းတာပြောလည်း အကောင်းမထင်ဘူး၊ နှင်နဲ့ငါ့ကြားမှာ သူဌေးဆိုတာကြီး ညှပ်ပါလာတာ ဘယ်ကစတာလဲ"

"နှင့်အိမ်က စတာလေ၊ နှင့်အမေ့ကလည်း ခုတလောကျမှ သံစုံမြည်လာတာပဲ၊ အဲဒီတော့ နှင်နားလည်ရင် နှင်ငါ့ကို ဘာတွေပြောခဲ့သလဲ၊ နှင့်ပုံစံ ဘယ်လိုပြောင်းလဲလာ သလဲ၊ အဲဒါတွေအားလုံး သိမ်းပွေ့နှုတ်ဆက်ပြီး နှင် လှည့်ပြန်တော့"

"ဘာမှမဆိုင်ဘူး၊ နှင် တမင်တကာကို အပြစ်ရှာနေတာ၊ ငယ်ငယ်ကတည်းက တွဲခဲ့၊ ခင်ခဲ့ကြတာလည်း ငါတို့ပဲ၊ အခု ငါချစ်ခဲ့တာလည်း နှင့်ကိုပဲ၊ ဘာတွေထူးဆန်းလို့လဲ၊ ဘယ်သူဘာပြောပြော ပေါင်းရမှာ နှင်နဲ့ငါ"

"တိုးတိုးပြော၊ အမေတို့ ကြားသွားလိမ့်မယ်"

"ကောင်းတာပဲ၊ တစ်ခါတည်း စေ့စပ်ထားလိုက်ရုံပဲ"

"ဆောရီး... နှင့်ကို ငါ ဘယ်တော့မှမစဉ်းစားဘူး"

"စံ"

"အို... ဘာလုပ်တာလဲ၊ လွှတ်"

အမှတ်တမဲ့ လက်ကိုဆောင့်ဆွဲလိုက်သဖြင့် ရှေ့ကိုလူက ငိုက်ပါသွားကာ ခြုံထားသည့် တဘက်စောင်က ရွှော



www.burmeseclassic.com

www.burmeseclassic.com



ခနဲ ကျသွား၏။

ရင်ဘတ်ချင်းထိမိမတတ်ဖြစ်သွားမှ စံ ထမီရင်ရှားကလေးနှင့်ဖြစ်နေတာကို သတိရကာ ခေါင်ရိုပ် မျက်လုံးပြူးသွား၏။

"ဆောရီး"

"ဘာဆောရီးလဲ၊ ချွေးစုတ်… ချွေးဝဲစား၊ သွား… ပါယ်"

စံ ဒေါသဖြစ်ဖြစ်နှင့် ဆောင့်တွန်းအော်ဟောက်သမျှ ခေါင်းငုံ့ခံရင်း ခေါင်ရိုပ်လှည့်ပြန်ရတော့သည်။

စံနှင့်ပတ်သက်လာတိုင်း သူ့ရင်ထဲမှာ ရယူလိုမှုကလွဲ၍ ဘာမှမရှိ။ ခက်ခဲလေ ပိုလိုချင်လေ…

အစက ရင်ထဲမှာ အချစ်တွေ ဒီလောက်ပြည့်သိပ်ကျပ်ခဲနေမှန်း မသိ။ ပြီးတော့ သူနဲ့ကိုယ် သူငယ်ချင်း..

အစက ရိုးသားတယ်။

အခု မရိုးသားတော့ဘူး။

မနေ့က သူငယ်ချင်း၊ ဒီနေ့ ချစ်သူ၊ ဘာဖြစ်လဲ။

အားလုံးက အလွယ်တကူ ကျော်လွှားသွားရုံပဲ ရှိသည်။ ခုကျတော့ ဒီလိုမဟုတ်ပါလား။

သူ့မျက်လုံးထဲမှာ မြင်နေမိသည်။





မှောင်ရိပ်ကျကျ ခြံဝမှာ စုံမျက်နှာများမှာ စကားတွေကမ်းပြောသွားသည့် လူရွယ်တစ်ယောက်၏ပုံရိပ်…

ပြီးတော့ စက်ရုံကလူတဲ့..

ဒီလူနဲ့ စံ နေ့စဉ်တွေ့နေကြမှာပေါ့။

ခေါင်ရိုပ် အမှောင်ထဲမှာ အံကြိတ်ပစ်လိုက်တာ ဘယ်သူမှမသိ။

※ ။ ※



www.burmeseclassic.com

www.burmeseclassic.com

## အခန်း » ၉ «

ဖယ်ရီပေါ်ကဆင်းလိုက်သည်နှင့် လက်ဖက်ရည်ဆိုင်ထဲက ထွက်လာသည့် ခေါင်ရိပ်ကို မြင်လိုက်ရသည်။

စုံခြေထောက်တွေ တုံ့ခနဲ ဖြစ်သွား၏

သူမနောက်မှာ ကိုငယ်နဲ့···

"လာလေ စံ၊ ကျွန်တော် ဟိုနေကလို အိမ်များထိ မလိုက်တော့ပါဘူး"

ကိုငယ့်ကို လမ်းကြားထဲအထိလည်း မလိုက်စေချင်ပါ။ ဒါပေမယ့် ကိုငယ့်ကိုအုပ်ချုပ်နေတဲ့ လူကြီးလည်းဖြစ်နေသည်။

လမ်းမှာလည်း စကားကောင်းကောင်း မပြောဖြစ်ခဲ့၊





ကိုငယ် ဆင်းနေခဲ့မှာ စိုးတထိတ်ထိတ်နှင့် ဖြစ်နေဆဲ တကယ်ဆင်းနေခဲ့၍ စိတ်ညစ်နေမိဆဲ···

"အန်တီ ကြိုခိုင်းလိုက်တာ"

ခေါင်ရိပ်မျက်နှာက ဆိုင်ခန်းတွေထဲက မီးရောင်နှင့် ခပ်ရဲရဲ သုန်မှုန်နေမိ၏။ မျက်ဝန်းတို့က ကိုငယ့်ကို မကြည်ကြည်နှင့်။

ကိုငယ့်ခမျာ စံနဲ့ခေါင်ရိပ် ဘယ်လိုသက်ဆိုင်နေမှန်း မသိဘဲ စံ့ကိုကြည့်လိုက်၊ ခေါင်ရိပ်ကို ကြည့်လိုက်။

"သြော်··· ဟို··· ကိုငယ် သွားစရာရှိရင် သွားတော့လေ၊ အဟွန်း··· စံ သွားတော့မယ်နော်"

ခေါင်ရိပ်ကို ကျေနပ်၍ လက်ခံလိုက်တာမဟုတ်။

ခေါင်ရိပ်နဲ့တွဲနေကျက တစ်သက်လုံးကတည်းက မဆန်းပြားသော ကိစ္စ။

နောက်တစ်ယောက်နှင့် တွဲနေပြန်ပြီဟု အပြောမခံရဖို့ ဆင်ခြင်လိုက်တာဖြစ်သည်။

နောက်ညတွေမှာလည်း ဒီလို၊ ဒီဟာအကြောင်းတွေရှိ၍ လိုက်မပို့ဖို့အကြောင်း ကိုငယ့်ကို ပြောပြရပါမည်။

"နောက်ညတွေ ငါလာစောင့်နေမယ် အဲဒီဘဲကို နင်ပြောထားနော်၊ ထပ်ပါလာတာတွေ့ရင် ငါ့လက်သီးက အားနာ



www.burmeseclassic.com

www.burmeseclassic.com



တတ်မှာ မဟုတ်ဘူး''

အတူယှဉ်လျှောက်လာရင်း ခေါင်ရိုပ်က ကြိမ်းဝါးနေသည်။

''ဒီမှာ ခေါင်ရိုပ်၊ နင့်စကားကို နားထောင်ချင်လွန်းလို့ မဟုတ်ဘူးနော်၊ သိပ်သွေးကြွမသွားနဲ့၊ ငါ ဆင်ခြင်သင့်တယ် ထင်လို့ ဆုံးဖြတ်လိုက်တာ၊ ဒီညကလေး ဒီနားကနေ အိမ်ကို ပို့ခွင့်ရတာများ ပိုင်ပြီမှတ်နေသလား၊ ကိုငယ်က တစ်နေကုန် ငါ့နားမှာပဲ ရှိနေတာ''

''တောက်''

ခေါင်ရိုပ်က မမြင်မစမ်းလမ်းမှာ ဘာကိုမှန်းမသိဘဲ ခြေတစ်ဖက်နှင့်လွှဲကန်ပစ်၍ တက်ခေါက်သည်။

''အိမ်မှာ မေမေတို့က တစ်မျိုး၊ ဒီရောက်ရင် တစ်မျိုး၊ ရှုပ်နေတာပဲ''

''ရှင်းချင် နင်မလာနဲ့ပေါ့၊ ရုပ်ရှင်ထဲမှာလို နင့်ကို မိန်းမတွေ ဘာတွေ မပေးစားဘူးလား၊ ပေးစားရင် ယူလိုက်၊ အားလုံး အေးသွားလိမ့်မယ်''

''မပေးစားဘူး၊ ပေးစားတာနဲ့ ငါဘာလုပ်သွားနိုင်တယ်ဆိုတာ မေမေတို့သိတယ်၊ မသိတဲ့နင်ပဲ သတိထားနေ၊ ငါ့ကို စိတ်တိုအောင် ကျပ်ကျပ်လုပ်သလား၊ သူငယ်ချင်းကနေ





ရည်းစားတောင်မဖြစ်လိုက်ရဘဲ ငါ့မိန်းမဖြစ်သွားလိမ့်မယ်''

''ကြည့်စမ်း''

စံ တုံ့ခနဲ ရပ်ပစ်လိုက်၏။

ခေါင်ရိုပ်ကလည်း ရပ်ပစ်လိုက်ပြီး စံနှင့် ထိကပ်မတတ် ရှေ့မှာလာရပ်ကာ...

''ဘာလဲ... ပါးရိုက်ချင်လား၊ ရိုက်လိုက်''

စံ ခေါင်ရိုပ်ကို စူးစိုက်ကြည့်၍ လက်သီးဆုပ်သည်။

''ဟွန်း... ငါက ခံလိုက်ရပြီးရင်တော့ ပြန်ယူမှာပဲ၊ ရိုက်လေ''

မော့ကြည့်နေရာမှ စံ ချာခနဲ လှည့်ထွက်ခဲ့သည်။

ခေါင်ရိုပ်က မီအောင် လျှောက်လိုက်လာ၍

''စံ''

''...''

''ဆောရီး၊ ငါ ဒေါသဖြစ်နေတာနဲ့ ဆက်သွားလို့ပါ၊ ငါ တောင်းပန်ပါတယ်နော်၊ စိတ်မဆိုးနဲ့''

စံ စကားတစ်လုံးမှမပြောဘဲ မှောင်ထဲမှာ ဘောက်ဆတ်ဆတ် လျှောက်သွားနေတာ ခေါင်ရိုပ်ကို နည်းနည်းလေးမှ ပြန်ငဲ့မကြည့်။

ထိုစဉ်...



www.burmeseclassic.com

www.burmeseclassic.com



"အမေ့"

"စံ"

အုတ်ခဲကျိုးကို တစ်ခြမ်းပဲနင်းမိကာ လိမ့်ထွက်သွားသဖြင့် စံ ပုံပျက်ပန်းပျက် ယိုင်ထွက်သွား၏။

ခေါင်ရိုပ် အမိအရ ဖမ်းဆွဲသည်။

နှစ်ယောက်လုံး ဒယိမ်းဒယိုင်နှင့် လမ်းဘေးမှာ ခွေကျသွားလေသည်။

စံက အောက်က...

ခေါင်ရိုပ်ကိုယ်လုံးကြီးပိကာ စံ အားခနဲအော်လိုက်မိ၏။

"စံ... စံ ဆောရီး"

ခေါင်ရိုပ် ကမန်းကတန်း ပြန်ကျုံးထ၍ စံ့ကို တွဲထူပေးသည်။

"အား... နာတယ်"

"ဘယ်ကနာတာလဲ၊ ခြေထောက်ကလား"

"ဟုတ်တယ်၊ နင် ဒူးနဲ့ဖိချလိုက်တာ၊ အရိုးကျိုးသွားပြီလား မသိဘူး၊ အား... သေပါပြီ"

စံ သူ့လက်မောင်းနှစ်ဖက်ကို ဆုပ်ကိုင်လျက် ညွတ်ကျသွားတော့ ခေါင်ရိုပ်က ပြန်တွဲထားကာ...





"ထောက်လို့မရတော့ဘူးလား"

"မသိဘူး၊ မှောင်ကြီးမည်းကြီးထဲမှာ ဒုက္ခပါပဲ၊ အဲဒါ နင့်ကြောင့်၊ ငါ့ဟာငါ လဲသွားရင် ဘာမှဖြစ်မှာမဟုတ်ဘူး၊ နင့်ကိုယ်ကြီး ဖိချလိုက်လို့"

"ငါလည်း မိမလားလို့ လှမ်းဆွဲတာပဲ၊ ဘယ်လိုမှ ထိန်းမရတော့လို့"

နှစ်ယောက်သား ချစ်တာတွေ၊ ကြင်နာတာတွေ၊ မာနတွေ လည်း ခဏတော့မေ့သွားကြသည်။

တကယ့်ကို အလွှန်ခင်တွယ်ခဲ့ကြသည့် ဟိုတုန်းက အတိုင်းပါပဲ။

"ငါ့ကိုတွဲလျှောက်ကြည့်"

"မတွဲချင်ပါဘူး၊ သူများတွေမြင်ရင် ဘယ်လိုပြောမလဲ၊ ငါခြေထောက်နာတာ ဘယ်သူမှသိတာ မဟုတ်ဘူး"

"သိသိ မသိသိ၊ အနာခံပြီးတော့ လျှောက်စရာလား၊ လူတွေကိုပဲ ခေါင်းထဲတော်တော်ထည့်၊ ခုပဲ မျက်ရည်ကျပြီ"

"နာလို့"

"နာနေတာကို ပြောတာပဲ၊ နင်ဒိုရင် ငါကလည်း တရားခံမတွေ့ရင် နံရံကိုပဲဖြစ်ဖြစ် လက်သီးနဲ့ထိုးချင်တာ"

www.burmeseclassic.com



စံ မျက်ရည်တွေမသုတ်ဖြစ်ဘဲ ခေါင်ရိုပ်ကို မော့ကြည့်လိုက်မိသည်။ သူ အပိုမပြောဘူးဆိုတာ စံ သိတာပေါ့။

ငယ်ငယ်ကတည်းက စံအတွက်နဲ့ဆို တစ်လောကလုံးကို စိန်ခေါ်ရဲခဲ့တဲ့ ခေါင်ရိုပ်…

ငယ်ငယ်ကလည်း ငယ်လို့…

ရှစ်တန်း၊ ကိုးတန်း အရွယ်ရိုင်းကလေးတွေမှာ စကြေနောက်ကြေ ဖြစ်လာတော့လည်း စံ့ကို ဘယ်သူစောင်းကြည့်တာမှ မကြိုက်သည့် ခေါင်ရိုပ်…

မိန်းကလေးချင်းရန်ဖြစ်လို့ စံငိုတာတောင် အဲဒီကောင်မလေးကို ဆောင့်တွန်းပစ်လို့ ကျောင်းအုပ်ကြီးရုံးခန်းရောက်ခဲ့ရသေးသည်။

ထိုကိစ္စများမှအစပျိုး၍ ဒေါ်စိန်မမရင်ထဲမှာ စံ့အပေါ် မလိုလားခြင်းများက ခိုတွယ်လာခဲ့ခြင်းဖြစ်သည်။

နောက်ဆုံး အိမ်ပြောင်းသွားကြတာတောင် ကလေးချင်းဝေးအောင်ဆိုသည့်အသံတစ်ရပ် ထွက်ခဲ့ပါသေးသည်။

ဒါပေမယ့်ဘယ်ကိုရောက်ရောက် ခေါင်ရိုပ်နဲ့ စံက ခွဲခြား လို့မရခဲ့ပေ။

“လာ… ငါ့လက်ကိုနိုထား”

ငြိမ်ကျသွားသည့် စံ့လက်မောင်းလေးကို ဖေးတွဲကာ





ခေါင်ရိုပ်က လူကြီးဆန်နေသည်။

ထိုအချိန်လေးမှာ ခေါင်ရိုပ်လက်ပေါ်မှာ ထပ်ဆုပ်ထားရသည့် ကြည်နူးခြင်းဟာ ဘာနဲ့မှမတူ…

ဒါဟာ ဖြူစင်ခြင်းလား… မရိုးသားခြင်းလား…

စံ မတွေးချင်။

အားလုံးကို မေ့ထားနိုင်သည့်အချိန်တွေဟာ အသာယာဆုံး…

၆ ॥ ၆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ⏩ ၁၀ ⏪

"မမာ"

"ဟင်...ရှင်"

နောက်မှခေါ်သံကြောင့် ကိုယ့်ကိုခေါ်မှန်းလည်း သိကာဒေါ်မြမာ လှည့်ကိုမမြင်သေးဘဲ ထူးပြီးမှ လှည့်ကြည့်မိ၏။

"ဩော်"

ဒေါ်စိန်မမ

စိတ်ထဲမှာ ထင့်ခနဲတော့ဖြစ်သွားမိသည်။

ဒေါ်စိန်မမ မျက်နှာက ခင်မင်နှစ်လို၍ နှုတ်ဆက်လာတာ မဟုတ်မှန်း သေချာနေရကာ..





"မမာ ဈေးဝယ်လို့ပြီးပြီလား၊ ခဏလောက် အချိန်ရမလား"

ကားပေါ်ကနေ မေးဝံ့က မျက်မှန်ကိုတစ်ချက်ပင့်၍ လှကို စုန်ချီဆန်ချီကြည့်လေသည်။

နှာခေါင်းခပ်ရှုံ့ရှုံ့နှင့် နှုတ်ခမ်းကို ခပ်လွန့်လွန့်ရေ လျှက်မျက်ဝန်းတို့မှာ အခြေအနေဓိဟန်တာ ကိုလည်းသိသည်။

ဒါပေမယ့် ဒေါ်မြမာက အစကတည်းက တစ်ဖက်သား အပေါ် အလွန်သည်းခံနိုင်တဲ့လူပါ။

"ဝယ်လို့ပြီးပါပြီ... ရပါတယ်...ဘယ်ကို လိုက်ရမှာလဲ"

"ဩော်..ဟို..."

ဒေါ်စိန်မမက သားရေဖိနပ်ပါးလေး ထိပ်ဦးမှာ ရွံ့ဗွက်တွေ ပေနေသော ဒေါ်မြမာခြေထောက်ကို သိသာအောင် ရှုံ့မဲ့ကြည့်ကာ အားနာပြုံးနှင့် ပြန်မော့၏။

"စားသောက်ဆိုင် တစ်ခုခုကိုသွားရအောင် ဟို... မမာခြေထောက်မှာ ရွှံ့တွေနဲ့ဆိုတော့..."

"ဩော်...ရပါတယ်..ကျွန်မဒီအတိုင်းပဲ လျှောက်လိုက်မယ်လေ..ဘယ်ဆီသွားမှာလို့လဲ၊ ဟိုရှေ့နားက မုန့်ဟင်းခါးဆိုင်လောက်ဆိုရလား"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မြမေ လက်ညှိုးထိုးပြသည့်ဆိုင်ကို မျက်မှန်ပင့်၍ တစ်ချက်လှမ်းကြည့်ကာ ဒေါ်စိန်မမက ခေါင်းခါ၏။

"အို...လမ်းဘေးဆိုင်ကြီးမှာ မကောင်းပါဘူး"

နောက်မှာ စားပွဲခုံတွေချထားတာပဲ ဟုဒေါ်မြမာက မပြောဖြစ်လိုက်ပါ။

"ကိုကိုမောင်...ဟိုဘက်ကွေ့ထိမောင်း စူပါမားကက် အောက်ထပ်က ဒေလီစတားကို"

ရှေ့ကဒရိုင်ဘာကို ပြောပြီးမှဆွဲခြင်း အလေးကြီးနှင့် ရပ်နေရသည့် ဒေါ်မြမာ့ကို ကြည့်ကာ

"ဖြည်းဖြည်းမောင်းမယ်နော် လိုက်ခဲ့သိလား"

ခေါင်းညိတ်၍လိုက်လာခဲ့ရတာ တောက်လျှောက် ဆယ်မိနစ် နီးပါးကြာမှ ကားရပ်သွားသည့် လမ်းဘက်ကို ကူးခဲ့၍ဆွဲခြင်းတောင်း ကိုင်ထားသည့်လက်ဖျားတို့က ညိုပုပ် တုန်ချိနေကြပြီ။

"မမာ ဘာစားမလဲ၊ ဒီမှာ အကုန်ရတယ်၊ ကြိုက်တာမှာ"

"မစားတော့ပါဘူး၊ အိမ်က စားလာပြီးမှ ထွက်လာတာ"

ဒေါ်စိန်မမက ငွေပြောင်လက်လှသည့် အစိမ်းပုပ်ရောင် Gucci အိတ်ကို စားပွဲပေါ်တင်၍ ပြုံးလိုက်သည်။

"ဘာပဲဖြစ်ဖြစ် အရည်လေးဖြစ်ဖြစ်တော့ ဝင်မှာပါ။





ကျွန်မတို့ကျတော့ မိုးလင်းတာနဲ့ လက်ဖက်ရည်၊ ကော်ဖီ ဒါမှ မဟုတ် ပန်းသီးတစ်စိပ်လောက်ပဲ စားဖြစ်တာ၊ သွားတဲ့ လာတဲ့ အခါ ဒီလိုပဲ ကိစ္စရှိလို့၊ မိတ်ဆွေနဲ့ဆုံလို့ တစ်ခုခုနဲ့ စားဖြစ် သောက်ဖြစ်ရင် မျိုချလို့ရတာပဲလေ၊ ဟုတ်မှာပါ၊ မမာတို့ကျ တော့ အိပ်ရာထတာနဲ့ ထမင်းကြမ်းကြော်စားရမှ တင်းတိမ်ကြ တယ်ဆိုတာမျိုးကို၊ အဟွန်း... အဲဒီရမ်ကွက်ထဲက နေမှု စားမှုတွေကို ကျွန်မ သိပါတယ်"

ဒေါ်စိန်မမက ရယ်နေသည်။

ဒေါ်မြမာ နှုတ်ခမ်းမှာ ရယ်မြူးရိပ်မထင်ပါ။ သို့သော် မဲ့ကျမသွားအောင် ထိန်းချုပ်နေရလျက်...

ပန်းသီးစားသူတွေဟာ ဒီလိုပဲလားဟု ရှုမြင်သုံးသပ် ရင်း နားလည်အောင် ကြိုးစားနေရသည်။

သူကတော့ ပန်းသီးစားသည်။

ကိုယ်ကတော့ ထမင်းကြမ်းနဲ့ ပဲပြုတ်ဆီဆမ်း...

ဆီမရှိလို့ မဆမ်းနိုင်တာလည်း ရှိဦးမှာနော်လို့ ထည့် မပြောတာကိုပဲ ကျေးဇူးတင်ရပါဦးမည်။

ဒေါ်စိန်မမ ဘယ်ခရီးသွားဖို့၊ ဘယ်လိုခြေလှမ်းပြင် လိုက်တာမှန်း ဒေါ်မြမာ နားလည်သွား၏။

အိမ်နီးချင်းအဖြစ် နေခဲ့ဖူးတဲ့ကာလအတွင်းမှာ ဒီနို



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာချင်းဆိုင် တရင်းတနှီး စကားပြောခဲ့ဖူးတာမရှိ။

ဒေါ်စိန်မမဟာ ဟိုတုန်းကတည်းက ရပ်ကွက်ထဲက လူတွေကို အထက်စီးကကြည့်ခဲ့သည့် မိန်းမတစ်ယောက်။

ဒေါ်စိန်မမကလည်း အားနာပါးနာ လျှော့ပေါ့ပြောဆိုဖို့ စိတ်ကူးရှိပုံမရဘဲ…

"ကျွန်မတို့ဆို အိမ်တွင်းရေးတွေ ရှုပ်ထွေးနေတဲ့ ခဏလေး အဲဒီထဲမှာသွားနေမိတာ အရမ်းကို စိတ်ညစ်ရတာပဲ၊ မမြင်ဘူးတာတွေမြင်ရ၊ မကြားဘူးတာတွေ ကြားရ သိလား၊ အဆင့်အတန်းဆိုတာ လူနေမှုစရိုက်က စတာ၊ အဲဒီလမ်းကြို လမ်းကြားထဲမှာ ကလေးချင်း မိုးမွှန်အောင်ဆဲကြ၊ လင်မယား ရန်ဖြစ်တိုင်း 'ငါကိုင်တုတ်' တာတွေ ကြားရ၊ ကိုယ့်ကလေးကို အဲဒီစရိုက်တွေကူးပြီး အဆင့်အတန်းမရှိဖြစ်မှာစိုးလို့ သိပ်မာနကြီးတဲ့ အစ်ကိုတောင်မှ သူ့သားရှေ့ရေးအတွက်နဲ့ ယောက္ခမအရိပ်ထဲရောက်သွားတာ၊ အဟွန်း…"

ဒေါ်စိန်မမက သူမအကြောင်းပြောနေသလိုမျိုး ရယ်မောလျက် ပေါ့ပါးစွာ ပြောနေတာဖြစ်သည်။

ဒေါ်မြမာရင်ထဲမှာတော့ စကားလုံးတိုင်းဟာ အမှည့်ခြွေ ခြွေချနေသော တံချူတံထိပ်များလို…

"သမီးလေးစံက ကိုယ့်သားနဲ့ အခင်ဆုံး၊ အတွဲဆုံး





ဆိုတော့ ကျွန်မတို့ပြောင်းလာကြတော့ ပူမိသေးတယ် သိလား၊ မိန်းကလေးဆိုတော့ ပိုဆိုးတာပေါ့၊ ဒါပေမယ့် မမာတို့ကျတော့ ဒီလိုရှန်းထွက်ဖို့က ဘယ်ဖြစ်နိုင်မလဲနော်၊ ကျွန်မတို့က မိဘမျိုးရိုးကတည်းက အနိုင်အမာ အားကိုးရှိခဲ့တာ၊ မမာတို့က အခြေခံ ဘာမှမှမရှိဘဲ"

မျက်နှာကို စေ့စေ့ကြည့်၍ ပြော၏။

ဒေါ်မြမာ မချိုပြုံးနှင့် ဘာစကားမှမထွက်နိုင်အောင် ရင်ထဲမှာ ဆို့ကျပ်နေခဲ့၏။

သူတို့ချမ်းသာတဲ့မျိုးရိုးဆိုတာ မှန်နေတာပဲ။

ကိုယ့်ဘဝအခြေအမြစ်မရှိတာလည်း မှားမှမမှားတာ။ 'ကျွန်မက လူချမ်းသာ'၊ 'ရှင်က လူဆင်းရဲ' ဆိုတဲ့ လက်မထောင် ရင်ကော့ကြွားတာမျိုး တော်ရုံလူမလုပ်နိုင်၊ မလုပ်ရက်ကြပါ။

ဒါပေမယ့်သူမက လုပ်နိုင်၊ လုပ်ရက်လို့ ပြောပြီပဲ။

ကိုယ့်မှာ တားဆီးခွင့်မရှိ။ ဒီလိုမနိမ့်ပါနဲ့လို့ ထပြီးရန်လုပ်ရမှာလား။

ဒေါ်မြမာ နှုတ်ခမ်းစေ့ထားမိဆဲပါ။

"အစ်ကိုလည်းလေ… ဘယ်နေရာမှာပဲ မာနကြီးကြီး၊ သူ့သားရဲ့ရှေ့ရေးဖြစ်လာတော့ မာနမကြီးနိုင်တော့ဘူး၊ လူ



www.burmeseclassic.com

www.burmeseclassic.com



တစ်သောက်ရဲ့အဆင့်အတန်းက ပတ်ဝန်းကျင်စရိုက်လက္ခဏာ ပေါ်မှာ အခြေခံကျတာပဲလေ”

“မစိန်… ကျွန်မနဲ့စကားပြောချင်တယ်ဆိုတာ ဘာလဲ မသိဘူး၊ ဟို… ကျွန်မ ခွမ်းလောင်းအမီ ပြန်ရမှာမို့ပါ”

ဒေါ်စိန်မမက ပြုံး၏။

ဒီလောက်တောင် ခံနိုင်ရည်မရှိတော့ဘူးဆိုသည့် မဲ့ပြုံး…

သူမကိုယ်တိုင်ပဲ စားသောက်စရာတွေမှာလိုက်ပြီးမှ

“သားလေ… မမာတို့တူပေါ့၊ သူ့ကို မိုးကုတ်က ရတနာကုန်သည် ဦးမြတ်ရှင်ရဲ့သမီးလေးနဲ့ စေ့စပ်ပေးမလို့ဟာ၊ စေ့စပ်တာကိုတော့ မငြင်းဘူး၊ ဒါပေမယ့် နေ့တာဆိုင်တာ လည်း မဆင်ခြင်၊ ကောင်မလေးဘက်က မကျေနပ်ဘူးပေါ့”

ဒေါ်မြမာ နားမလည်ပါ။

မျက်မှောင်ကုတ်လိုက်တော့ ဒေါ်စိန်မမကပြုံး၍ အားတက်သရောပြောချင်ဇောနှင့် ကိုယ်ကို ခပ်မတ်မတ်ပြင်၏။

“သားက မမာသမီးနဲ့ ဟိုတုန်းကလိုပဲ တွဲနေ၊ သွား နေတာပဲဆိုတော့ ငယ်ငယ်ကလို ကြည့်မကောင်းတော့ဘူးလေ၊ မြင်နေကျက အကြောင်းမဟုတ်ပေမယ့် ခုမှသိတဲ့ သံသာ အဲ… သံသာဆိုတာက ဦးမြတ်ရှင်ရဲ့သမီးလေးပါ၊ သံသာမြတ်ရှင်





တဲ့၊ အားလုံးကတော့ သူ့ကို မြတ်ရှင်လို့လည်း ခေါ်ကြတယ်၊ ကျွန်မကတော့ သူ့အသံလေးကြားရင်ကိုပဲ ချစ်လွန်းလို့ သံသာ လို့ ခေါ်လိုက်တာ”

ပြော၍ ရယ်သေးသည်။

“သံသာက သူနဲ့စေ့စပ်မယ်ဆိုရင်, စေ့စပ်မယ့်သူက သူ့လိုပဲ ရည်းစားဦး၊ အချစ်ဦးဖြစ်မှတဲ့၊ ကဲ… လူငယ်တွေ ဘယ်လောက်စိတ်ကူးယဉ်သလဲဆိုတာ”

“ခေါင်ရိပ်က ချစ်သူရှိနေလို့လား”

လွှတ်ခနဲမေးမိပြီးမှ ဒီစကားတစ်ခွန်းကြောင့် အားလုံး သွားပြီဆိုတာကို သိလိုက်ရ၏။

ဒေါ်မြမာ နှုတ်ခမ်းသားဖျားပင် တုန်လေသည်။

“ဘယ်ကလာရှိရမှာလဲ၊ သားက စံနဲ့ပဲတွဲနေတာ ဥစ္စာ၊ အဲဒါကို ဆင်ခြင်စေချင်တာလေ၊ သံသာကတော့ ချစ်သူ တွေလို့ ထင်နေတာ၊ မဟုတ်ရင် ခေါ်လာပြီးရှင်းတဲ့၊ စံ့ကို ခေါ်ရှင်းလိုက်ဖို့က လွယ်ပါတယ်၊ ဒါပေမယ့် ကိုယ့်သားနဲ့တွဲ နေတာ ဒီလိုအဆင့်အတန်းလောက်ပဲလားဆိုတဲ့ အထင်မျိုး သံသာတို့စိတ်ထဲ ရောက်သွားမှာစိုးတယ်၊ သူတို့က အရမ်းမြင့် တာ မမာရဲ့၊ မမာတို့ဆင်းရဲပေမယ့် ကလေးချင်းခင်ကြတဲ့ ဟိစ္စမှာ ကျွန်မတို့က နားလည်ပါတယ်၊ သူတို့က ခင်တာက



www.burmeseclassic.com

www.burmeseclassic.com



သပ်သပ်၊ ခေါင်းစည်းတာက သပ်သပ်လို့ထင်မှာ မဟုတ်ဘူး၊ ဒီလိုအဆင့်လောက်ပဲမှန်းထားပြီးတော့များ ငါ့ကို စေ့စပ်ရဲသေး တယ်ဆိုတာမျိုး ကျွန်မသားလေးကို အထင်သေးသွားမှာ စိုးလို့"

"အဲဒါ ကျွန်မ ဘယ်အပိုင်းကပါပေးရမလဲ ပြောပါ မစိန်"

"ဒီလိုပါ၊ ကျွန်မပြောတာကို နည်းနည်းတော့ သည်းခံ နားထောင်ပေးပါနော်၊ ဟို… မှန်တာပြောရင် နားငင်ဆိုး ဘယ်ဆိုတဲ့စကား ရှိတယ်မို့လား၊ နှိမ့်ချတယ်လို့မထင်ပါနဲ့၊ ခမာတို့မှာလည်း ဆင်းရဲပေမယ့် လူချမ်းသာတွေ နှိမ့်ချဆက်ဆံ တာကို မခံဘူးဆိုတဲ့ မာနတော့ရှိနေမှာပဲ၊ ကျွန်မတို့ကလည်း မနှိမ့်ချချင်ပါဘူး၊ ဒါအထူးပြောနေဖို့မလိုတဲ့ကိစ္စပဲဟာ၊ တစ်နေ့ နေ့မှာ ကိုယ်နဲ့နီးစပ်အပ်စပ်တဲ့ ပတ်ဝန်းကျင်မှာပဲ ကျင်လည် ကြရမှာ"

ဒေါ်စိန်မမက စကားရပ်ပြီး ဒေါ်မြမာကို ကြည့်သည်။

သူမမျက်နှာမှာ ဟန်ဆောင်အပြုံးတို့မရှိတော့ဘဲ ရင် ထဲမှာ တကယ်ပြောဖို့ သယ်ပိုးလာသည့် ခံစားချက်များနှင့် စကားလုံးတွေ အုံကြွစပေါ်လာ၏။

"ကလေးတွေ ခင်ခင်မင်မင်ရှိနေကြတာကို မတားဆီး ပဲ ကြည့်နေပေးခဲ့တာကို ကျွန်မတို့ဘက်က အရမ်းကို သဘော





ထား ကြီးထားခဲ့တာပါ၊ သားလေးကို ကျွန်မတို့က အမြင့်ဆုံး အကောင်းဆုံး မျှော်မှန်းထားခဲ့တာ"

"ဒါကတော့ ဘယ်မိဘမဆို ဒီလိုပါပဲ မစိန်၊ သားသမီးကို ပြာပူကြီးထဲခုန်ချဖို့ ဘယ်မိဘမှ မတိုက်တွန်းဘူး"

"ဒါပေမယ့်ထိုက်တန်ရုံဆိုတာ ရှိတယ်၊ ကျွန်မတို့ မျှော်မှန်းတာက ထိုက်သင့်တဲ့အဆင့်အတန်းတစ်ခုပါပဲ၊ ကိုယ့် အဆင့်ထဲကနေ သားလေးပြုတ်ကျမသွားစေချင်တာ၊ မမာတို့ အနေအထားနဲ့ကျတော့ မိန်းကလေးရှင်လည်း ဖြစ်တယ်၊ ပြီးတော့ နွမ်းပါးတယ်လေ၊ အောက်ကိုပြုတ်ကျရင်မကောင်း သလို အထက်ကိုတက်ဖို့ဆိုတာ အောက်ခြေခိုင်မှ နောက်ခြေ လွှတ်လို့ရမှာ၊ အမြင့်ကိုမှန်းပြီး ခြေထောက်အောက်ကိုမကြည့် ရင် အဖြစ်ဆိုးသွားမှာပေါ့၊ ကိုယ့်သမီးလေးလို သဘောထားပြီး ကျွန်မ ပြောတာပါ၊ ဒါကြောင့်လည်း သံသာက ရှင်းပါ၊ ခေါ်ပါဆိုတော့ စုံကို ကျွန်မ မခေါ်နိုင်းတာပေါ့"

စကားမတတ်လို့လား…

ဒါမှမဟုတ် ဆင်းရဲနေသည့်ကိုယ့်အဖြစ်ကို အားငယ် ကြေကွဲနေမိ၍လား…

ဒေါ်မြမာ ပါးစပ်က ဒေါ်စိန်မမကဲ့သို့ သွယ်ဝိုက်၍ သော်လည်းကောင်း၊ တည့်တည့်နှိမ့်ချ၍သော်လည်းကောင်း၊



www.burmeseclassic.com

www.burmeseclassic.com



အမျိုးမျိုးပြောဆိုနေသည့် စကားလုံးမျိုးတွေ တစ်လုံးမှ တုံ့ပြန်မထွက်နိုင်ခဲ့ပေ။

သမီးလေးအတွက် ထိခိုက်ဆို့နင့်ကာ ရင်ထဲမှာ တင်းကျပ်လာသော်လည်း ပြောလိုက်မှ ကိုယ်မဲ့ အောက်စည်းပြန်ရောက်သွားရမည့်အဖြစ်အတွက် စကားလုံးရွေးရင်းနှင့်သာ။

"ကျောင်းတွေလည်း ပြီးတော့မယ်လေ၊ ကိုယ့်လမ်းကိုယ်လျှောက်ကြရတော့မှာဆိုတော့ ငယ်ငယ်ကလို မနေထိုင်သင့်ကြတာ ကျွန်မတို့မိဘတွေက ပြောဆိုသတိပေးသင့်တာတော့ ကြာပါပြီ၊ ဒါပေမယ့် မမာဟို့လည်း အမှတ်တမဲ့ပဲ၊ ကျွန်မတို့လည်း ဒီလိုပဲပေါ့၊ အဟွန်း... ခုကျတော့ ကိုယ်တွေကသာ အမှတ်တမဲ့၊ ပတ်ဝန်းကျင်က ပြောကုန်ကြပြီ၊ မမာတို့မကြားမိဘူး ထင်တယ်"

မကြားချင်ယောင်ဆောင်နေတာ မဟုတ်လားဟု အမေးခံလိုက်သလို စူးလက်သည့်မျက်လုံးများကို ဒေါ်မြမာ ဝမ်းနည်းစွာ မြင်နေရ၏။

မကြားချင်ယောင်ဆောင်နေခဲ့တာ မဟုတ်ပါ။ ဒါပေမယ့် ပတ်ဝန်းကျင်စကားသံတွေကို ဒေါ်မြမာ ကြားနေပါ၏။

ဦးမျိုးနိုင်ကလည်း သတိပေးဖူးသည်။





'သူတို့က ငယ်သူငယ်ချင်းတွေပဲ' ဟု ပြန်ပြောခဲ့မိသည်။

ထိုအတွေးနဲ့ပဲ မကြားသလိုနေခဲ့တာ ရင်ထဲမှာ ဘာကြံစည်မှုမှ မရှိခဲ့ပါ။

"ကျွန်မတို့ကတော့ အဲဒီလိုအလေအလွင့်စကားတွေ ပြောတတ်ဆိုတတ်ကြတဲ့နေရာနဲ့ ဝေးနေတော့ သူများတွေပြောကြလို့ နားမဆံ့မှ ကြားရတာပါ၊ သံသာက တွဲတာ သွားတာမြင်တယ်ဆိုမှ စံနဲ့တွဲနေတုန်းလားလို့ သားကိုမေးရတယ်၊ ဟုတ်တယ်ဆိုတော့ တော်တော်ကို အံ့သြသွားတာ သိလား၊ သံသာက ညည့်သည်၊ ဒါတောင်မှ သားနဲ့စံ တွဲနေတာကို မြင် တယ်၊ ကောင်မလေးဘက်က သူဌေးသားမို့လို့ တစ်နေ့နေ့ အပိုင်ဖမ်းဖို့စောင့်နေတာ၊ ဘာညာဆိုတာတွေလည်း ကြားနေတယ်"

"အို... ကျွန်မတို့ အဲဒီလို အောက်တန်းမကျဘူး"

ဒီစကားတစ်ခွန်းက ခါးသီးစွာ ဆောင့်ခုန်ထွက်သွား၏။ မာနကြောင့် မျက်ရည်များပင် ဝေ့လာခဲ့သည်။

ဒါပေမယ့် ဒေါ်မြမာ ဒေါသတကြီး ထထွက်သွားခဲ့ဖို့ကို မေ့နေဆဲ။

"ဟုတ်ပါတယ်၊ ကျွန်မတို့ကလည်း နားလည်တယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် ပတ်ဝန်းကျင်က ဒီလိုဆိုးဆိုးဝါးဝါး ဝေဖန်နေကြတဲ့အထိ ကလေးတွေ တွဲသွားနေထိုင်တာကို ကြည့်နေကြတာတော့ အံ့သြစရာပဲ''

ဒေါ်စိန်မမျက်နှာမှာ ပျော့ပျောင်းမှုမရှိတော့။ အချိုသတ် ဟန်ဆောင်ပြုံးရယ်နေဖို့ စိတ်ကူးမရှိတော့ဘူး ထင်သည်။

''တကယ်တော့ ခုလို ကလေးတွေပြဿနာဖြစ်လာလို့ မိဘတွေ မျက်နှာငယ်၊ အရှက်ရတယ်ဆိုတာ ကာကွယ်မှုတွေ မရှိခဲ့ကြလို့ပါ၊ မရရင် အရင်း၊ ရရင်အမြတ်ဆိုသလို ကြည့်နေလိုက်တာမျိုး…''

''အဲဒီလောက်စော်ကားရရင် ကျေနပ်ပါ မစိန်၊ မတားဆီးခဲ့မိတာက ကလေးတွေရဲ့ ခင်တွယ်မှုကို ငယ်ငယ်တုန်းကအတိုင်းပဲ ရိုးရိုးလေးပဲ မြင်ပေးခဲ့လို့ပါ၊ ကျွန်မတို့ရင်ထဲမှာ သူ့ဒွေးနဲ့ ခမည်းခမက်ဖြစ်ချင်တဲ့ ကောက်ကွေ့ကြံစည်မှု လုံးဝမရှိခဲ့ဘူး''

''ဒါဆိုလည်း မမာ စိတ်ဆိုးဖို့မလိုပါဘူး၊ ကျွန်မက စုံကို ချိုးဖဲ့ဖို့သက်သက်ပြောချင်တာ မဟုတ်ဘူး၊ ဒါပေမယ့် တစ်ထောင်ကများတယ်လို့ပြောမယ်ဆိုရင် တစ်ရာက နည်းတယ်ဆိုတာ ဖော်ပြရမှာပဲ၊ စာသင်ခန်းထဲမှာ ဆင်းရဲသား၊ သူဌေး၊ အရာရှိအရာခံ သားသမီးအားလုံး တပြေးညီတည်း





အတူစာသင်ကြရတာ မှန်တယ်၊ ကျောင်းဝိုင်းထဲမှာ လက်ချင်းချိတ်ပြီး ဝိုင်းကြီးပတ်ပက်ဆော့ကြတာလည်း သိပ်ကိုဖြူစင်လှပတဲ့ မြင်ကွင်းလေးပါပဲ၊ ဒါပေမယ့် ဘဝခရီးကို လျှောက်လှမ်းဖို့ လက်ချင်းဆက်ကြတဲ့အခါ ရွှေနဲ့ရွှေသား ဂဟေထားတာပဲ ကောင်းတယ်၊ မြကို ရွှေနဲ့မကွပ်ဘဲ ကြေးနဲ့ကွပ်ထားရင် လှပ တင့်တယ်မလား''

ဒေါ်မြမာ ဆွဲခြင်းကို တင်းကျပ်စွာဆုပ်ကိုင်၍ နေရာမှ ထရပ်လိုက်သည်။

''မမာတို့ ထပ်ပြီးအမှတ်တမဲ့ မနေဖြစ်အောင် ကျွန်မပြောတာကို ဆုံးအောင်နားထောင်သွားပါဦး၊ ခုချိန်မှာ သားနဲ့ သံသာရဲ့ကိစ္စအတွက် ကျွန်မတို့ဘာသာ ဖြေရှင်းပေးသွားလို့ရသေးတယ်၊ ရပ်သင့်တာရပ်ပြီး သွားသင့်တာက ဆက်သွားရုံပဲ၊ ဒါမှမဟုတ်ရင်တော့ ရုပ်ရှင်တွေထဲကလို ကောင်လေးရဲ့ မိဘတွေစီးတဲ့ကား ကိုယ့်အိမ်ရှေ့ရောက်လာတဲ့အခါ ခုလို နှစ်မျက်နှာတည်း ရှင်းကြသလိုဖြစ်မှာ မဟုတ်ဘူး၊ အကျယ်တဝင့်ဖြစ်မကုန်တာပဲ ကောင်းပါတယ်''

ဒေါ်မြမာ အသားဆတ်ဆတ်တုန်လျက် မျက်ရည်တစ်စက် ပေါက်ခနဲကျ၏။

၆ ။ ၆



www.burmeseclassic.com

www.burmeseclassic.com

## အခန်း » ၁၁ «

"တောက်"

အမေငိုထားတာ စံ သိသည်။

ဒေါ်စိန်မမနဲ့ တွေ့ခဲ့သည်တဲ့။

ဘာတွေပြောလိုက်သလဲဆိုတာ သေသေချာချာ ပြန်မပြောပေမယ့် အလွန်အေးဆေးစွာနေတတ်သည့် အမေမျက်ရည်ကျရတဲ့အထိ ပြောလိုက်တဲ့စကားတွေဟာ သာယာနာပျော်ဖွယ် မဟုတ်နိုင်။

"နောက်နေ့ကစပြီး အပြင်မှာလည်း မတွဲနဲ့၊ အိမ်ကိုလည်း မလာပါစေနဲ့တော့ သမီးရယ်၊ ညည်း ခေါင်ရိုပ်နဲ့ လုံးဝမဆက်ဆံနဲ့တော့"

ပြောတော့ အမေ့အသံတွေ တုန်နေသည်။





"ဘာဖြစ်လို့လဲ၊ အဲဒါတွေ စံသိတယ် အမေ၊ ခုလည်း သူ့ကို စံ ခွဲထုတ်နေတာပဲ၊ ဒီကောင် ဖွတ်ကြီးသွားလာနေတာ၊ ပြောစမ်းပါ အမေ၊ သူ့အမေက ဘာပြောလိုက်လို့လဲ"

"ဘာပြောပြော မမေးနဲ့အေ၊ နည်းနည်းပဲဖြစ်ဖြစ်၊ များများပဲပြောပြော မိန်းကလေးရှင်ပဲ အရှက်ကွဲရတာ"

အမေ့ခမျာ ဘြူမြူစိတ်ဆင်းရဲနေခဲ့တာတောင် ဒီကောင်လေး လာရင် ငါပြောတော့မယ်ဆိုသည့် တင်းမာမှု မရှိနိုင်သေး။

"လူကြီးတွေကဖြစ်နေတာ၊ ကလေးတွေကို ငါမပြောချင်ဘူး"

ဟု ခေါင်းခါနေသည်သာ။

ဒီကိစ္စ ပြင်းပြင်းထန်ထန်ဖြစ်ခဲ့ပြီမှန်း စံ သိနေသည်။

ကိုယ့်အခန်းလေးထဲမှာ ခေါက်တုံ့ခေါက်ပြန်လျှောက်ရင်း လမ်းထိပ်ထွက်သွားသည့် အမေ့ကျောပြင်ကို ပြတင်းပေါက်ကနေ လိုက်ကြည့်နေမိသည်။

"သံသာဆိုတဲ့ ကောင်မလေးနဲ့ စေ့စပ်တော့မှာတဲ့"

"မိုးကုတ်က ရတနာကုန်သည်သမီး" တဲ့။

"ရိုးရိုး မရိုးရိုး မတွဲပါနဲ့အေ၊ အဆက်ဖြတ်လိုက်ပါတော့"

အမေပြောသွားရှာတာ ဝမ်းပန်းတနည်း…



www.burmeseclassic.com

www.burmeseclassic.com



ခေါင်ရိပ်နှင့်ပတ်သက်၍ ဘာမှမပြောဆို၊ မတားဆီးခဲ့ဖူးသည့် အမေရယ်ပါ။

ဒါဟာ သူ့ဒွေးသားမို့လို့ မဟုတ်။

မူလတန်းကျောင်းတုန်းက လက်ချင်းချိတ်၍ အိမ်ပေါ်ပြေးပါလာဖူးသော ခေါင်ရိပ်ပေါက်စလေးကို ချစ်စနိုးကြည့်တတ်သော ကြည့်နူးပြုံးနှင့်သာ ဖြစ်သည်။

မေမေ့ကိုမှ တွေ့ဆုံပြောဆိုလိုက်သည့် ဒေါ်စိန်မမကို စံ လုံးဝမကျေနပ်။

သံသာတဲ့လား…

ဘာဖြစ်လဲ၊ ဟွန့်…

ဒီလောက်ဖြစ်နေတာ စံ ရှဲ့ပြမယ် ကြည့်။

နေ့စဉ် ညစဉ် ကိုယ့်ခြေရင်းမှာ ဝပ်စင်းခယနေခဲ့တာ သူ့သား။

ကိုယ်က မက်မောတယ်လို့ ထင်စရာလား။

ပိုက်ဆံအိတ်ပြားလေးကို ကောက်ယူကာ အထဲမှ ပိုက်ဆံကိုသေချာစစ်၍ စံ အပြင်ထွက်လာခဲ့၏။

နောက်မှ ဘာဖြစ်ဖြစ်။ မပေးချင်တာကို ယူပြဖို့၊ ပြီးတော့ သူတို့ရှေ့မှာ စံ ဘာလဲဆိုတာ ဒီထက်သိအောင်ပြဖို့။

"စံ"





"ရှင်"

"လာဦး"

မီးဖိုခန်းလေးထဲမှာ တစ်ယောက်တည်း ထမင်းချူးထည့်နေသည့် ဦးမျိုးနိုင်က လှမ်းခေါ်သည်။

လက်က နာရီလေးကိုငုံ့ကြည့်ကာ စံက စိတ်မရှည်သည့် မျက်နှာနှင့်လှည့်ကြည့်လိုက်ပြီး…

"ဘာလုပ်မလို့လဲ ဦးမျိုး၊ စံ သွားစရာရှိလို့"

"အဲဒီသွားစရာကိုပဲ ပြောချင်တာ၊ လာဦး"

စံက အခန်းလေးထဲ ဝင်သွားကာ ထမင်းစားပွဲဘေးမှာ တင်ပလ္လင်ခွေထိုင်ချလိုက်တာ စိတ်ပျက်လက်ပျက်။

"ကဲ… မြန်မြန်ပြော၊ စိတ်ရှုပ်ရတဲ့အထဲ"

"ရှုပ်ဖို့မလိုပါဘူး၊ ငါပြောတာကို ညည်းနားထောင်၊ မနက်က အလုပ်သွားခါနီးမှ သားအမိစကားပြောပြီး တစ်မနက်လုံး အခန်းအောင်းနေတယ်၊ အခုထွက်လာတာ ဘယ်ကိုလဲ"

"သွားစရာရှိလို့"

ဦးမျိုးနိုင်က ထမင်းစားမလို့ အကျအနထိုင်ကာ လက်ဆေးခွက်ဆီလှမ်းပြီးမှ လက်ကို ပြန်ရုတ်၏။

"ဒေါ်စိန်မမ ညည်းအမေနဲ့တွေ့တဲ့ကိစ္စကို မနေ့ကဈေးကပြန်ကတည်းက ညည်းအမေ ငါ့ကိုပြောတာ"



www.burmeseclassic.com

www.burmeseclassic.com



စံ့မျက်နှာ စိတ်ဝင်တစား ဖြစ်လာ၏။

"ဒါဆို ဟိုက ဘာတွေပြောလိုက်လဲ ဦးမျိုးသိလား"

"မပြောပေမယ့် သူ တအားငိုတဲ့ဟာ ငါ ခန့်မှန်းမိတာပေါ့၊ ဒီအရေတွေမြင်လို့ ဟိုရက်ပိုင်းကတည်းက ငါ သတိပေးသားပဲ ညည်းအမေက ဒီကောင်လေးကို မပြောရက်ဘူးတဲ့ လေ၊ ညည်းကို သူ မနေ့ကမပြောတာက ညည်းရှေ့မှာ အဲဒီလို တအားငိုမိမှာစိုးလို့"

စံ မျက်နှာလေး နီရဲလာကာ...

"ခုလည်း စံ့ကိုပြောတော့ အမေ မျက်ရည်တွေလည် နေတယ် ဦးမျိုးရဲ့"

"ပြီးသွားပြီ၊ ပြောခဲ့တာ ခံခဲ့ရတာတွေ ထားခဲ့လိုက်၊ အဲဒါကို ညည်းက အခု ဘာလုပ်ဖို့လဲ"

ဦးမျိုးနိုင်မေးပုံက စံ ဘာလုပ်ဖို့ထွက်လာတာမှန်း သိနေသလိုပါ။ ဘာမှမဖြေဘဲ ပြန်ကြည့်နေသည့် စံ့မျက်ဝန်းလေးတွေကို မြင်တော့... ဦးမျိုးနိုင် ခေါင်းဆတ်ညိတ်၏။

"မလုပ်နဲ့ သမီး၊ ဦးမျိုးက အကောင်းပြောတာ၊ ငါ့ကို ညည်း သူစိမ်းဆိုတဲ့မျက်လုံးနဲ့ မမြင်နဲ့၊ ပထွေး... အဲ... မိဘဆိုတဲ့ မျက်လုံးနဲ့လည်း မမြင်နဲ့၊ မိန်းကလေးသူငယ်ချင်းဖြစ်ဖြစ်၊ ညီအစ်မဖြစ်ဖြစ် အဲဒီလို သဘောထား"





စံက နာခံသော မျက်နှာလေးနှင့် ခပ်ငုံ့ငုံ့ နားထောင်နေ၏။

"ဒေါသဖြစ်စရာမို့ ဒေါသဖြစ်တာ ထားလိုက်၊ ပေါက်ကွဲလွယ်တာ မကောင်းဘူး သမီးရဲ့၊ မျိုသိပ်အောင့်အည်းနိုင်လေ ကောင်းလေပဲ၊ မျိုသိပ်ဖို့ဆိုတာ သူများအနိုင်ကျင့်တာကို ကြိတ်မှိတ်ခံနေဖို့ကို ပြောတာမဟုတ်ဘူး၊ ငါ ဘယ်လို တုံ့ပြန်မလဲဆိုတာ သွေးအေးအေးနဲ့စဉ်းစား၊ လူတစ်ယောက်ကို တုတ်နဲ့ထရိုက်လည်း သွေးထွက်နိုင်တာပဲ၊ ဓားနဲ့ခုတ်လို့ သေသလို တုတ်နဲ့ရိုက်လို့လည်း သေတာပဲ၊ ဝုန်းဒိုင်းဆို အဲဒီလို ထပြီး တုံ့ပြန်လိုက်ရင် သူလည်းသေမယ်၊ ကိုယ်လည်း အပြစ်ခံရမယ်၊ လူ့ပဲ သမီးရယ်... ဦးနှောက်က အလကားထားတာမှ မဟုတ်ဘဲ၊ နာတတ်ရင် ဓားသွားထက် လျှာစောင်းက ပိုထက်ပါတယ်၊ ရိုက်တာ သတ်တာထက် ပိုပြီးထိချက်ပြင်းအောင် တုံ့ပြန်လို့ရတဲ့နည်းတွေ အများကြီးပဲ၊ တစ်ခုပဲရှိတယ်၊ ကိုယ့်စိတ်ကို ဖမ်းဆုပ်ထားနိုင်အောင်သာ ကြိုးစား၊ ဘာဖြစ်လို့ လဲဆိုတော့ နှလုံးသားဆိုတာ လူတစ်ယောက်ရဲ့ အနူးညံ့ဆုံးအပိုင်း၊ ကလဲ့စားချေတယ်ဆိုတာ မလွယ်ဘူး သမီးရဲ့"

စံ ခေါင်းညိတ်သည်။

နာခံတာ မဟုတ်တော့ စိန်ခေါ်တာပဲ ဖြစ်သည်။

"ကိုယ်ခံလိုက်ရတော့ သူက ကျေနပ်နေတာပဲ၊ ကိုယ့်



www.burmeseclassic.com

www.burmeseclassic.com



အလှည့်ကျတော့မှ ဘာဖြစ်လို့ နှုးညံ့သွားရမှာလဲ၊ ဦးမျိုး ကြည့်နေစမ်းပါ''

''ကြည့်တော့နေချင်ပါတယ်၊ ဒါပေမယ့် မိဘနေရာက ပြန်ဝင်ပြီးဆုံးမရမယ်ဆိုရင် သမီး မခံချင်စိတ်နဲ့ သူ့သားကို ငါ ရအောင်ယူပြမယ်လို့ ဆုံးဖြတ်ထားတာကို ဖျက်လိုက်ပါ''

''ဟာင်''

ကိုယ့်စိတ်ကူးကို ဦးမျိုးနိုင် ဒီလောက်ထိ အနီးစပ်ဆုံး ဖော်ထုတ်နိုင်လိမ့်မည်ဟု စံ လုံးဝမထင်ခဲ့မိပေ။

ဦးမျိုးနိုင်က တည်ကြည်သော မျက်နှာနှင့်...

''ခေါင်ရိုပ် သမီးကို ဘယ်လောက်ထိ ဒူးထောက်အောက်ကျို့နေတယ်ဆိုတာ သမီးက ပိုသိမှာပေါ့၊ သိလို့လည်း ဒေါ်စိန်မမကို မာနချိုးဖို့ ကြံစည်တာ၊ ဒါပေမယ့် ဆူးနဲ့ဖက်ရဲ့ သဘောဟာ ယောက်ျားနဲ့မိန်းမ သဘာဝကို မပြောင်းလဲတဲ့ တရားနဲ့ သတိပေးနေတာပဲ၊ ညည်း အဲဒါကို မမေ့နဲ့၊ လာနိုးပါဆိုရင် ခေါင်ရိုပ်က နိုးမှာပဲ၊ တရားဝင် တခမ်းတနား တင့်တင့်တယ်တယ် မဟုတ်ဘဲ သူ့မိန်းမအဖြစ် အရင်ဆုံး ဘဝကို ပုံအပ်ရမှာက သမီး၊ ဒေါ်စိန်မမက အသိအမှတ်မပြုဘဲ သူ့ချွေးမအဖြစ် သေးနုပ်သိမ်ငယ်စွာ အရင်ဆုံးလျှောက်ရမှာ၊ နောက်ပိုင်းမှာ ညည်း ခေါင်ရိုပ်ကို ဘယ်လိုပုံစံနဲ့ကိုင်တွယ်





အနိုင်ယူပြီး ပညာပြကလဲ့စားချေချေ၊ အခုလောလောဆယ် ဒေါ်စိန်မမ ဟောဒီအိမ်ရှေ့ကို ရောက်လာမယ်၊ ညည်းအမေကို အခုပြောပြီးခဲ့တဲ့စကားတွေထက် အဆပေါင်းများစွာသာတဲ့ ချိုးဖဲ့နှိမ်ချတဲ့စကားတွေပြောပြီး အရှက်ခွဲတော့မယ်''

စံ ပင့်သက်ရှိုက်၍ ကိုယ်ကို မတ်လိုက်သည်။

''စံ အဲဒါတွေကို တွေးပြီးပြီ ဦးမျိုး၊ တစ်ခုကိုလိုချင်ရင် တစ်ခုကိုတော့ ပေးရမှာပဲ၊ စံလိုချင်တာဟာ သူ့သားကို သူဖိနှိပ်ချုပ်ကိုင်ထားလို့မရဘူးဆိုတာပဲ၊ သူမတော်ချင်ပေမယ့် စံက သူ့ချွေးမ ဖြစ်ကိုဖြစ်ရမယ်''

''မဟုတ်သေးဘူး သမီး၊ သမီး တကယ်ပဲ ခေါင်ရိုပ်အပေါ်မှာ စိုးမိုးနိုင်တယ်ဆိုရင် ဟောဒီမိဘအရိပ်မှာ တခမ်းတနား ထိုင်စောင့်နေရုံပဲ၊ သူ့မိဘကိုယ်တိုင် လာတောင်းရမ်းပေးရတဲ့အထိ သမီးဆွဲဆောင်နိုင်အောင် ကြိုးစားရမှာ''

စံက နာကြည်းမှုပါသော အပြုံးမဲ့မဲ့လေးနှင့် မျက်နှာလေးကို ဆတ်ခနဲ မော့လိုက်သည်။

''စံက ဒေဝစ္ဆရာတစ်ပါးမှ မဟုတ်ဘဲ ဦးမျိုးရယ်၊ မြင်တဲ့ယောက်ျား ရူးသွပ်မူးလဲသွားလောက်အောင် ညှို့ငင်လုပ်နေတဲ့ စွမ်းပကားလည်း မရှိဘူး၊ မသေချာတဲ့နည်းကို စံ မသုံးဘူး၊ ဒါပေမယ့် စံ မှားနိုင်တဲ့ခြေလှမ်းတွေကို ကြိုသိထား



www.burmeseclassic.com

www.burmeseclassic.com



ပါတယ်၊ ထပ်မရှုံးစေရဘူး"

ပြောပြီး စံက ထရပ်လိုက်၏။

"စံ… ဦးမျိုးက သိနေပြီးမှ ရှောင်ထွက်သွားတာကို ထိုင်ကြည့်နေပေးလိုက်ရမှာတော့ မကောင်းဘူးထင်တယ်"

စံက ရယ်၍ ပြန်ငုံ့ကြည့်သည်။

"ပြောဆိုမရတဲ့မိန်းကလေးလို့ပြောပြီး တက်တစ်ချက် လောက် ခေါက်လိုက်ပါ၊ ဦးမျိုး နေပျော်သွားမှာပါ"

"အေး… ကောင်းရော"

စံ လှည့်ထွက်လာခဲ့သည်။

တံခါးနားရောက်ခါနီးမှ နောက်ပြန်လှည့်ကာ…

"အချိန်မကုန်မချင်း ဦးမျိုး အမေနဲ့မတွေ့ဖို့ ရှောင်နေနော်၊ မညာချင်ရင်ပြောတာ၊ အမေ လုံးဝမသိစေနဲ့၊ သိသွားရင် စံကပြောမှာ၊ ဦးမျိုးပဲ မြှောက်ပေးပြီးတော့လို့"

"ဟော… ဟော… အဲဒါ…"

ဦးမျိုးနိုင် စကားမဆုံးခင် စံ ခြေလှမ်းကျဲကျဲနှင့် ဆင်းထွက်လာခဲ့သည်။

ရင်ထဲမှာ အစီအစဉ်တွေက ပထမ… ဒုတိယ… တတိယ…

၆ ။ ၆



အခန်း ⏩ ၁၂ ⏪

"လာပြီ"

ဟန်းဖုန်းကိုပိတ်၍ ကားပေါ်ပြေးတက်ခဲ့တော့ မှာထားသည့် စားစရာတွေလည်း မရောက်သေး။

ထိုအတွက် ထောင်တန်တွေဆွဲထုတ်၍ စားပွဲပေါ်မှာ တင်ပေးထားခဲ့တာ ဘယ်နှစ်ရွက်မှန်းလည်း မသိ။

"ခေါင်ရိပ်… နင် အခု ငါ့ဆီမြန်မြန်လာခဲ့စမ်းပါ"

တဲ့။

စံ ငိုနေသလား မသိ။

ဘာဖြစ်လို့လဲ။ ဘယ်တုန်းကမှ သူ့ဟန်းဖုန်းကို မဆက်ဘူးခဲ့။



www.burmeseclassic.com

www.burmeseclassic.com



စံ ဘာတွေဖြစ်နေလို့လဲဆိုသည့် ပူပန်မှုက ကားကို ထိန်းထိန်းသိမ်းသိမ်းမောင်းဖို့ပင် ကိုယ့်ကိုယ်ကို ခဏခဏ သတိပေးနေရသည်။

တကယ်ဆို ဒီဆိုင်မှာ သူငယ်ချင်းနဲ့ဆုံပြီး သွားဖို့ ပြင်ဆင်ခဲ့တာက လမ်းကြောင်းတစ်ခု…

စံပြောသည့်နေရာရောက်တော့ ထမီစကတ်အတို၊ ရှပ်အင်္ကျီအနီကွက်လေးနှင့် စံရပ်နေတာကို သူ လှမ်းမြင်လိုက်၏။

"စံ… လာ တက်လေ"

သူ ကားထိုးရပ်ပြီးခေါ်သော်လည်း စံ ရှောရှော ရှုရှု တက်လာ၏။ နောက်ထပ် ထူးဆန်းစွာ သူ့ ကားမောင်းရင်း ကြည့်မိပြန်သည်။

စံ သူ့ကားကို မစီးခဲ့တာ ကြာပြီ။

"ကားကြီးတကားကားနဲ့ မုန်းလွန်းလို့"

ဟု ပြောဖူးသည်။

"နင့်ကားကိုလား၊ ဟွန်း… ဘယ်တော့မှမစီးဘူး"

ဟုလည်း မဲ့ရွဲ့ခဲ့ဖူးသည်။

ခေါင်ရိပ်က ကားကို ထင်ရာစွတ်မောင်းနေရင်း တောင့်တောင့်လေးငြိမ်သက်နေသည့် စံ့ကို ခဏခဏ လှည့်ကြည့်သည်။





"စံ"

စံက မျက်နှာမလှည့်ဘဲ တားမှန်ထဲက သူ့မျက်နှာသိ မျက်ဝန်းလေးတွေ ပို့၏။ စံ့မျက်ဝန်းမှာ မျက်ရည်တွေနဲ့ပါ လား…

"စံ"

ကားသည် အလိုက်တသိ ဖြည်းဆင်းသွားကာ လူသူ ကင်းရှင်း၍ အေးချမ်းသောနေရာလေးမှာ တုံ့ခနဲ ရပ်သွား၏။

"စံ… ဘာဖြစ်လို့လဲဟင်၊ ပြောစမ်းပါ၊ အရမ်းခံစားနေရတဲ့ မျက်နှာကြီးနဲ့ကွာ၊ ဘာဖြစ်တာလဲ၊ ငါ့ကို ပြောစမ်းပါ"

သူ စံ့ဘေးကိုတိုးထိုင်ကာ တင်းကျပ်နေအောင် ဆုပ်ထားသည့် စံ့လက်သီးဆုပ်လေးကို ဆုပ်ကိုင်လိုက်၏။

စံက ဖျတ်ခနဲ ခါချလိုက်ပြီး…

"နင့်ကို ငါသိပ်မုန်းတယ် ခေါင်ရိပ်"

"ဟောဗျာ"

ခေါင်ရိပ် နားမလည်နိုင်သည့်မျက်နှာနှင့် စံ့ကို ငေးသည်။

"အင်းပါ၊ မုန်းပါ၊ အခု ငါ့ကိုမုန်းလို့ငိုတာလား၊ မုန်းလို့ငိုရတယ်ဆိုတာရှိလား၊ ဘာလဲ… ငါ့ကို အဒီလိုပြောပြီး အားရပါးရငိုချင်လို့လား၊ ဆုရိုက်ပစ်ဦးမလား"



www.burmeseclassic.com

www.burmeseclassic.com



"ခေါင်ရိပ်နော်… ငါ့ကိုမလှောင်နဲ့နော်"

"လာပြန်ပြီ၊ ဒီမှာ နင်လုပ်သမျှ ခံပေးမလို့မေးနေတာ၊ မှန်းတယ်ဆို၊ ကဲ… ငိုမှာလား၊ ရိုက်ချင်လား၊ ဘာဖြစ်လို့ ဒီလောက်မုန်းတာလဲဆိုတာ နောက်မှမေးမယ်၊ အခု ကြိုက်သလိုလုပ်၊ ရပြီ"

စံ့မျက်နှာလေး ငေးခနဲ တစ်ချက်ဖြစ်သွားသည်။

သို့သော် မျက်နှာကို တစ်ဘက်လှည့်ပစ်လိုက်ပြီး အံကြိတ်၏။

"ငါမျက်ရည်ကျရတာ နင့်ကိုမုန်းလို့မဟုတ်ဘူး၊ ဒါပေမယ့် နင့်ကြောင့်…"

"အင်းပါ… ပြောပါ"

စံက ခေါင်ရိပ်ကို စူးစူးဝါးဝါး မော့ကြည့်ပြီး ရင်ဘတ်က အင်္ကျီစကို ဆတ်ခနဲ ဆောင့်ဆွဲလိုက်၏။

"နင့်အမေလေ… နင့်အမေ ငါ့အမေကို ဘာတွေပြောသွားလဲ သိလား"

"ဟင်"

ခေါင်ရိပ် မျက်နှာပျက်သွားစဉ်မှာ စံ မျက်ရည်တွေ ပိုးပိုးပေါက်ပေါက် ကျလာ၏။

စံသည် ဝမ်းနည်းကြေကွဲစွာ ရှိုက်ကြီးတငင်ငိုယိုခြင်း





မဟုတ်ဘဲ အံကြိတ်လျက် စိမ်းစိမ်းကားကားကြည့်ရင်းမှ အသံတိတ်ကျသော မျက်ရည်များနှင့်…

"နင့်အမေက ငါလိုမိန်းမနဲ့ နင့်ကို သဘောမတူဘူးတဲ့၊ သမီးရှင်တစ်ယောက်ကို မျက်နှာတည့်တည့်ကြည့်ပြီး စော်ကားသွားတာ၊ ငါ့အမေဟာ တိရစ္ဆာန်တစ်ကောင် ဝင်မွှေဖျက်ဆီးသွားလို့ ကျန်ခဲ့တဲ့ ပျိုးခင်းတစ်ခင်းလိုမျက်နှာနဲ့…"

ခေါင်ရိပ် မျက်လွှာချ၍ ငြိမ်သက်နေလေသည်။

"ခေါင်ရိပ်… နင် ငါ့ကိုကြည့်စမ်းပါ၊ ငါ့ရင်ထဲမှာ ဘာတွေဖြစ်နေပြီလဲ သိလား"

"မသိဘူး၊ ပြောလေ… အဲဒါ ငါ့မှာအပြစ်ရှိတယ်ဆိုရင် နင် ဘယ်လိုဖြစ်စေချင်သလဲ"

"အပြစ်ရှိတယ်ဆိုရင်လို့ မပြောနဲ့၊ အဲဒါ နင် ငါ့ဆီကို ပြောမရ ဆိုမရ သွားလာဝင်ထွက်နေလို့၊ ငါဟုတ်ခဲ့တာမဟုတ်ဘဲနဲ့ သူဌေးသားကို အပိုင်ကြံတယ်လို့ စွပ်စွဲခံရတာ၊ အဲဒါ နင့်ကြောင့်"

"အချစ်ဆိုတာ စည်းကမ်းသတ်မှတ်ချက်နဲ့ တိုင်းတာတွက်ချက်ပြီးမှ ဖြစ်လာတာမဟုတ်ဘူး စံ၊ ငါပြောခဲ့ပြီးသားပဲ၊ ဘာကိုမှဂရုမစိုက်ဘူးလို့"

"အဲဒီထဲမှာ နင့်အမေပါသလား"



www.burmeseclassic.com

www.burmeseclassic.com



"ဘာပဲဖြစ်ဖြစ်"

စံက စူးစိုက်ကြည့်၏။

"ဒါဆို နင် အခု ငါ့ကိုယူရဲလား"

"ဘာ"

ခေါင်ရိပ်မျက်နှာ အတော်ခန့် မော့လာ၏။

"စံ"

"မယူနိုင်ဘူးလား၊ လန့်သွားတာလား၊ မိုက်ရူးရဲ့ ဆန်ဆန် ချစ်စကားတွေပြောပြီး နင့်စိတ်ကူးထဲမှာ တာဝယ်က နင့်အမေလိုပဲလား"

"နင် ငါ့ကိုမစော်ကားနဲ့"

"ကိုးကွယ်ဖို့ လုံးဝစိတ်ကူးမရှိဘူး ခေါင်ရိပ်၊ တစ်ခု ထပ်ပြောမယ်၊ အဲဒါ ငါ့ရဲ့စစ်ဆင်ရေးထဲမှာ ခြေနီတိုက်ခိုက်တာ မလုပ်ချင်လို့၊ နင့်ကို ကြည့်ရာမှာ၊ အခု နင်တာကယ်ပြောသလို မှန်ခဲ့ရင် နင့်နောက်ကို ငါလိုက်မယ်"

ခေါင်ရိပ်က စိုက်ကြည့်နေ၏။

စံက အေးစက်စူးရှစွာ စိုက်ကြည့်၍ မှာသည်။

"ငါ နင့်ကိုလက်ထပ်မှာက နင့်အမေကြောင့်ပဲ၊ နောက်မှ အသုံးချခံရတာတို့၊ လိမ်တာ ညာတာတို့ ဘာညာ လက်ညှိုးထိုးပြီး ရင်ဘတ်ထုမနေနဲ့၊ နင် ငါ့ကိုယူရင် နင့်အမေ





နဲ့ ရင်ဆိုင်ရမယ်၊ သူ့ကွယ်ရာကိုခေါ်သွားပြီး ပေါင်းသင်းမှုမျိုး ကို ငါ လက်မခံဘူးနော်၊ ချစ်ကြ၊ လွမ်းကြလို့ တို့နှစ်ကိုယ် တဲအိုပျက်မှာနေရ နေရဆိုတာမျိုး မဟုတ်ဘူး၊ ရင်ဆိုင်ချင်တာ၊ နင့်အမေကြောင့် ငါ နင့်ကိုယူမှာ"

စကားရပ်၍ ခဏစောင့်သည်။

ခေါင်ရိပ်က နှုတ်ခမ်းတင်းတင်းစေ့နေဆဲ...၊

"ငါနဲ့ နင့်အမေကြားမှာ နင်ကတော့ စိတ်ညစ်ရမှာ ပဲ၊ ငါ့ပစ်မှတ်က နင်မဟုတ်ပေမယ့် နင်က မြားနောက်က လေးညှို့ဖြစ်နေတယ်၊ စိတ်တော့မကောင်းဘူး၊ ဒါပေမယ့် ငါနဲ့ ငါ့မိဘဘက်က ကျိုးကြေစုတ်ပြတ်သွားတဲ့ ဂုဏ်သိက္ခာအတွက် ဒီလောက်တော့ ငါရသင့်တယ်လို့ ယူဆတယ်၊ ခေါင်းခါရင် လည်း ရတယ်နော်၊ နင့်ဘက်က ငြင်းခွင့်ရှိနေလို့ ငါက ကြေညာတာ"

စံက ပစ်ပစ်နှစ်နှစ် မှုဗစ်လိုက်ကာ...၊

"အဲဒီတော့လည်း သားအမိနှစ်ယောက်လုံး ဒီလိုချည်း ပါလားလို့ စုတ်သပ်လှည့်ပြန်ရုံပါပဲ၊ ငါညံ့လို့ခံလိုက်ရတယ် လို့ သတ်မှတ်ပြီး နင့်တော့နောက်မှာ အေးအေးရပ်နေခဲ့မှာပါ"

"နင်ပြောချင်တဲ့အဓိကတွေ ကုန်ပြီလား"

"နီး... အဓိက လုံးဝမပါသေးဘူး"

www.burmeseclassic.com



"ကုန်အောင်ပြော"

"နှင် ငါ့ကိုယူဖို့ဆုံးဖြတ်ပြီး ခေါင်းညိတ်လိုက်တာနဲ့ ငါဖြစ်ချင်သမျှဆန္ဒအားလုံး လိုက်လျောသည်းခံပါ့မယ်လို့ ကတိပြုပြီးသားဖြစ်တယ်၊ အဲဒါကြောင့်..."

"ဘာလဲ၊ အမေ့ကို ခိုးသားတွေရိုက်ပါတယ်ဆိုပြီး ငါက ပြန်သတ်ပေးရဦးမှာလား"

စံက မျက်ရည်ပြည့်လျှံသော မျက်ဝန်းများနှင့် မော့၍ ရယ်ချလိုက်သည်။

ပါးပြင်ထက်သို့ မျက်ရည်စက်တို့ လူးလိမ့်ဆင်းကျ ကုန်၏။

"ခေါင်ရိပ်ရယ်... အဲဒီလို ဥပါယ်တံမျဉ်တွေမသုံး ချင်လို့ နှင့်ကို ငါ စားနဲ့ထိုးမှာပါ၊ ရင်ကိုခွဲမှာပါလို့ နှင့်ရှေ့ မှာထိုင်ပြီး ပြောင်ပြောင်ပြောနေတာပေါ့၊ ငါ့အမေယူခဲ့ရတာ ထက် နှစ်ဆ နှင့်အမေကို ငါ ပြန်ပေးချင်တယ်၊ အဲဒီအတွက် နှင့်ကို ငါယူဖို့ဆုံးဖြတ်မှာ၊ ကဲ... နှင်ဖြေလို့ရပြီ၊ အများကြီး မလိုဘူးနော်၊ ရက်စ်အော်နိုးပဲ"

ခေါင်ရိပ်က အောက်မေးဖျားလှုပ်သွားသည်ထိ အံကြိတ်ပစ်လိုက်၏။

ပြီးတော့ စံကို စိုက်ကြည့်ကာ...

"နှင်က အသုံးချဖို့ဆုံးဖြတ်တာပဲ၊ ငါကတော့ ရက်စ်





အော်နိုးနဲ့ မဖြေနိုင်ဘူး၊ နှင့်ကို ငါ သိပ်ချစ်တယ်"

စံက ဆတ်ခနဲ လွှင့်ခါသွားအောင် ဆံပင်တွေကို လက်နဲ့ ဆွဲခါပစ်လိုက်ပြီး...

"ငါကတော့ ညာမှာမဟုတ်ဘူး၊ နှင်သိပ်မချစ်တတ် ဖို့ ကြိုးစားထား"

§ ။ §



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ⏩ ၁၃ ⏪

ဒေါ်စိန်မမ ငိုနှုန်းခနဲ ထရပ်လိုက်သည်။

ဦးထွန်းလူ ကတော့ ဘာမှမပြောပါ။

"မင်းတို့ကို ငါပွဲရုံကြီးမှာ နေခွင့်ပြုထားတာတောင် လွန်လှပြီ၊ ငါသဘောတူလို့ ပေးစားထားတာ မဟုတ်ဘူး၊ လုံးဝသဘောမတူဘူး"

"မေမေသဘောမတူပေမယ့် သားချစ်လို့ နိုးပြေးခဲ့ပြီးပြီ၊ မေမေ ချွေးမမတော်နိုင်ပေမယ့် ကျွန်တော့်မိန်းမဆိုတာ လူတိုင်းက သတ်မှတ်ပြီးကြပြီ၊ မိသားဖသားပီပီ တောင်းရမ်းပေးဖို့အပြင် မေမေက ဘယ်လိုထပ်ပြီး ဥပေက္ခာထားဦးမှာလဲ"





"မင်း ငါ့ကိုမေးဖို့မလိုဘူး၊ ဒါ သူချွဲတဲ့လမ်း၊ ယောက်ျားလေးရှင်ဘက်က သဘောမတူမှန်းသိလျက်နဲ့ နိုးရာလိုက်ပြေးရဲတဲ့ မိန်းကလေး၊ သူဌေးချွေးမဖြစ်ဖို့ကြိုးစားတဲ့ ကိစ္စ၊ ငါက ဖြစ်ခွင့်မပေးနိုင်ဘူး"

ဒေါ်စိန်မမက ပြောပြီး ဦးထွန်းလူကို တစ်ချက်ကြည့်၏။ ပြီးတော့ တဖြည်းဖြည်း ပြန်ထိုင်၍

"ဒါဟာ မိန်းမတစ်ယောက်ရဲ့ဂုဏ်သိက္ခာ"

"အဲဒါကို သူသိန်းတယ် မေမေ၊ သားနိုးလို့ သူလိုက်လာတာ၊ ဒါပေမယ့်…"

ခေါင်ရိုပ်မျက်နှာ ညို့တက်သွား၏။ ပြီးမှ

"သူ… သူနဲ့ကျွန်တော် ခုချိန်ထိ အကြင်လင်မယား မဟုတ်သေးဘူး"

"ဘာ… ဘယ်လို"

ဦးထွန်းလူရော ဒေါ်စိန်မမပါ မျက်ခုံးတွေပင့် ခေါင်းထောင်သွားကြ၏။

နိုးပြေးသွားကြတာ ငါးရက်ရှိနေပြီ။ ဗုဏ်ထမ်တစ်ခါသာ ရောက်လာသည်။ သွားတောင်းပေးပါတဲ့။

သူမ ခါးခါးသီးသီး အော်လွှတ်လိုက်၏။

ငါးရက်မြောက်

www.burmeseclassic.com



ဒေါ်စိန်မမမျက်နှာမှာ မာနကြောင့် နီရဲတင်းမာနေသလို သားမျက်နှာကို မယုံနိုင်သလိုကြည့်ကာ အံ့သြခြင်း၊ သနားခြင်းများနှင့်...

"မင်း... မင်းတို့တကယ်..."

ဟု တအံ့တသြမေးတာ အဆုံးမသတ်နိုင်။

ဦးထွန်းလူ တောင့်နေသည့်ခါးကြီးကို ပြန်လျှော့ချကာ လက်ဖဝါးချင်းပွတ်၏။ ပြီးတော့ ဘယ်တော့မှ ကုန်အောင် မသောက်တတ်သည့် သံပရာရည်လက်စနှင့် ဖန်ခွက်ကို ယောင်နနနှင့် ပြန်ကိုင်မိသည်။

သတိရမှ ပြန်ချကာ ပန်းကန်ဝိုင်းကလေးထဲက လက်သုတ်ပဝါခေါက်လေးဆီ လက်က လှမ်းမိပြန်၏။

နောက်ဆုံး ထိုလက်ဟာ တိုက်ပုံအင်္ကျီရင်ဘတ်စ နှစ်ဖက်မှာ အဆုံးသတ်လေသည်။

ဒေါ်စိန်မမ နှုတ်ခမ်းတစ်ချက်ကိုက်လျက်...

"လုံးဝအဓိပ္ပါယ်မရှိဘူး၊ သူက ဘာအမျိုးမျိုးတာလဲ"

"သူက ရိုးသားစွာ ထိန်းသိမ်းတာပါ မေမေ၊ မေမေက တားမြစ်တာတွေ၊ ထိန်းချုပ်တာတွေလုပ်လာလို့ သူ့ကို မရမက ခိုးယူခဲ့တာက ကျွန်တော်၊ အဲဒီအတွက် မေမေ ကျွန်တော့်မျက်နှာကိုထောက်ထားပြီး အန်တီ့ဆီမှာ သွားတောင်း





ပေးပါ၊ မင်္ဂလာပွဲ ကျင်းပပေးပါ"

"ဘာလဲ၊ သူက ဒီလိုပဲ ပြောလိုက်ပါတဲ့လား"

ခေါင်းရိုပ် မျက်နှာပျက်ပျက်နှင့် ထရပ်လိုက်၏။

"ဘယ်သားသမီးမဆို မိဘကိုပဲ အားကိုးကြတာပါပဲ မေမေ၊ သူလည်း အမှားတစ်ခုလုပ်ခဲ့ပြီး သူ့မိဘရဲ့ခွင့်လွှတ်မှုကို လိုချင်သလို ကျွန်တော်လည်း မေမေ ဝတ္တရားကျေစွာ ဆောင်ရွက်ပေးမယ်လို့ မျှော်လင့်ခဲ့တာပါပဲ၊ မေမေက လုံးဝ ဆောင်ရွက်မပေးနိုင်ဘူးဆိုရင် ရပါတယ်၊ ကျွန်တော် သွားတော့မယ်"

ကျွန်တော်တဲ့... အမြဲတမ်း 'သား' လို့ပဲ ပြောနေကျ။ ဒေါ်စိန်မမ ကြေကွဲသွားလေသည်။

"သား"

ခေါ်သံသည် ဆို့နင့်ကြေကွဲစွာ စူးရှသွား၏။

ပြီးတော့ သူမပါ လိုက်ထရပ်ကာ...

"သူ့မိဘက အလွယ်တကူ ခွင့်လွှတ်မှာပေါ့၊ သူ့ခြေနဲ့ ခမည်းခမက်တော်ရမှာကိုး၊ ငါက ဘယ်လိုပီတိမျိုးနဲ့ ဒီမိန်းကလေးကို လက်ခံရမှာလဲ"

"ရပါတယ် မေမေ၊ ကျွန်တော့်ကိစ္စကို မေမေ မေ့ထားလိုက်ပါ"



www.burmeseclassic.com

www.burmeseclassic.com



ကြည့်စမ်း...

ကျောက်ရိုင်းထွက်ခွာသွားသည့် သားကိုငေးကြည့်ကာ မခံရပ်နိုင်သော မာနများက အုံကြွလာကြ၏။

သို့သော်...

"မင်းမာနတွေကြောင့် ကိုယ့်သားပဲ လောင်မြိုက်နေရတာ မမ၊ ငါတို့တွေက သားရဲ့မိဘ၊ အဲဒါ ပြန်စဉ်းစား"

ဦးထွန်းလှ၏ အဆုံးသတ်စကားများမှာ...

§ ॥ §



အခန်း » ၁၄ «

"လုံးဝလွှတ်မခံဘူး၊ သူ့မိဘက ကျွန်တော်တို့ကို စကားနဲ့ စော်ကားထားတာ အများကြီးပဲ၊ ဒီတို့မှာ ကိုယ့်သမီး လည်း မိုက်တာပဲ၊ မိဘမျက်နှာကို ပြာပုံထဲထိရောက်အောင် ထိုးနှစ်ပစ်ခဲ့တာ၊ ကိုယ့်သမီးတို့ရော သူ့သားကိုရော လုံးဝ အသိအမှတ်မပြုဘူး"

"ကိုမျိုးနိုင်"

"မရိုးအသာနေ စကဲ ငါ့သမီးပဲ၊ ငါ ဆုံးဖြတ်မယ်၊ ဒီမှာ... ကျုပ်သမီး ဘယ်ဘဝရောက်ရောက် တစ်ယောက်တည်း ပြန်လာပါစေ၊ အချိန်မရွေးဘဲလို့ ပြောပေးစမ်းပါ၊ ဒီလိုအုပ်စုကိုတော့ ဘယ်တော့မှ ဆွေမျိုးမတော်ဘူး"

www.burmeseclassic.com



ကြားဝင်စေ့စပ်ပေးကြသည့် လူကြီးတွေ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကြ၏။

အိမ်ကလေးပေါ်မှာ လူကြီးငါးယောက်··

"ဒေါ်စိန်မမက, ကလေးတွေမင်္ဂလာကိစ္စအတွက် အဝ်နှံတောင်းရမ်းချင်ပါသတဲ့ ခင်ဗျာ၊ အဲဒါ သမီးရှင်ဘက်က အဆင်ပြေနိုင်မယ့် နေ့ကောင်းရက်သာ တစ်ရက်ရက်ကို သတ်မှတ်အကြောင်းပြန်ပေးပါ"

တဲ့။

လူကြီးတွေက အကြိုစေ့စပ်ကြတာပါ။

ဒီကဒ ခေါင်းညိတ်သည့်ရက်မှာ ဒေါ်စိန်မမကိုယ်တိုင် ရောက်လာလိမ့်မည်။

ဒါပေမယ့် ဒေါ်မြမာ ဘယ်လိုအကြောင်းပြန်ရမည် မှန်း မဆုံးဖြတ်ရသေးမီ ဦးမျိုးနိုင်က ကျယ်ကျယ်လောင်လောင် ပြောချပစ်လိုက်ပြီ။

"လူကြီးမင်းများကို လေးစားပါတယ်ဗျာ၊ ကျုပ် အခု ရည်ရွယ်ပြောတာက သားရှင်ကိုတိုက်ရိုက်ပါ၊ ခင်ဗျားတို့နဲ့ မဆိုင်ပါဘူး၊ ရိုင်းပျတာပါသွားရင် ခွင့်လွှတ်ကြပါ"

လူကြီးတွေက ခေါင်းညိတ်ပြန်သွားကြသည်။

"ရှင် ဘယ်လိုပြောချလိုက်တာလဲ ကိုမျိုး၊ ဟိုမှာ





ကျွန်မသမီးလေး သူ့စိမ်းတွေကြားထဲမှာ ဘယ်လောက်မျက်နှာငယ်မလဲ"

"မငယ်ဘူး"

"ဘာမငယ်ရမှာလဲ၊ ပြီးတော့ စိန်မမက အပြောက ဆိုးပါဘိသနဲ့၊ သူလိုမိန်းမက ဒီလိုအောက်ကျခံလာတာ"

"အဲဒါ ဘာဖြစ်လဲ"

ဦးမျိုးနိုင်အကြည့်က ပေစောင်းစောင်း။

"သူလိုမိန်းမရော ဘာဂရုစိုက်ရမှာလဲ၊ သူ့သားနဲ့ ကိုယ့်သမီးညားတာ၊ ပေးကြရတာဆတူပဲ၊ ဘယ်သူပိုနစ်နာသလဲ"

"ဘာပဲဖြစ်ဖြစ် မိန်းကလေးရှင်ဘက်က အရှုံး"

"ဘာမှရှုံးစရာမရှိဘူး၊ အမြတ်ရအောင်ကို ထပ်ယူရဦးမှာ၊ အဲဒါ ရွှေငွေမဟုတ်ဘူး၊ မာန"

ဒီလူ ဘာတွေဆေးစားမှားသွားတာလဲ။

ဒေါ်မြမာ အငေးသားကြည့်မိတော့သည်။

ဦးမျိုးနိုင်ဟာ အရက်သောက်လာသည့်အခါ သူမအပေါ် ပြဿနာရှာတတ်သည်ကလွဲလျှင် သားအမိကြား မိန်းမလို မိန်းမရ ဝင်ဝင်ပါတာမျိုး မရှိခဲ့။

အထူးသဖြင့် သမီးကို ဂရုတစိုက်ရှိတတ်တာတောင် သိပ်ပရောပရီနေခဲ့သူ မဟုတ်ပေ။



www.burmeseclassic.com

www.burmeseclassic.com



သမီးအတွက် ခုလိုမျိုး ရေ့ကဝင်ပါခဲ့ဆုံးဖြတ်လိုက်တာမျိုး ဘယ်တုန်းက မရှိခဲ့သူ။

ခုကျမှ…

သူမမှာ ဦးမျိုးနိုင်စကားကို မလွန်ဆန်နိုင်၍မဟုတ်ဘဲ ဒီလူ ဘယ်လိုစိတ်ကူးအကြံအစည်တွေနဲ့ ဇွတ်ကြီးဝင်ပြောနေရတာလဲဟု တွေးရင်းနဲ့ပဲ သူပြောတဲ့အတိုင်း အတည်ဖြစ်သွားခဲ့ရသည်။

"သမီးကို ငါ့သမီးလို ငါချစ်တာ မင်းယုံတယ်မို့လား၊ ငါ့သမီး ဆင်းရဲသောကရောက်အောင် ဘယ်တော့မှမလုပ်ဘူး၊ အဲဒါကို ယုံယုံကြည်ကြည်နဲ့ မင်းနေလိုက်၊ ဒီမိန်းမကြောင့် မင်းငိုခဲ့ရတဲ့မျက်ရည်တွေကို ငါနဲ့ ငါ့သမီးက ပြန်ယူမှာ"

ဟု နောက်ဆုံးပြောကာ မဲ့ရွဲ့နေသေးသည်။

ဘုရား…

ဒေါ်မြမှာ ဘုရားတမိပါ၏။

စိတ်ကူးက သေးသေးမဟုတ်ပါလား။

ငါ့သမီးလေးခမျာ သူစိမ်းတွေမျက်နှာကြားမှာ… ပူပင်နေရတာက သမီးလေးအတွက်ပဲ ဖြစ်လေသည်။

၆ ။ ၆



## အခန်း » ၁၅ «

"ငါက သားသမီးကိုမဖြတ်နိုင်လို့ အိမ်မှာလည်း ပြန်ခေါ်ထားပြီးပြီ၊ စေ့စပ်ဖို့လည်း ကမ်းလှမ်းခဲ့တယ်၊ ဟိုက လက်မခံတာကြည့်စမ်း၊ စိန်မမဆိုတဲ့မျက်နှာကို ဘယ်သွားထားရမလဲ"

ညှော်ခန်းဆီ ဒေါ်စိန်မမအသံက စူးခနဲ…

"ခေါင်ရိုပ်… ငါ ဝတ္တရားကျေပြီနော်၊ နောက်ထပ် မင်းအမေ့ကို လက်ညှိုးမထိုးနဲ့၊ သူတောင်မှ သူ့သမီးမျက်နှာကို မငဲ့ဘဲ ပထွေးစကားနဲ့ စွန့်ပစ်နိုင်သေးတာ၊ ငါ့ဘက်က သားရှင်၊ ဒီထက်အောက်ကျို့ဖို့ ဘာမှမရှိဘူး"

စကားသံတွေ တိတ်ကျသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



သိပ်မကြာလိုက်ဘဲ ခြေသံကြားရ၏။

အသံတွေကိုကြားရအောင် တံခါးနားမှာကပ်ရပ်နေသည့် ကိုယ်ကိုခွာကာ စံ ပြတင်းတံခါးနား ပြောက်သွား၏။

ခေါင်ရိုပ် တံခါးဖွင့်ပြီး အခန်းထဲ ဝင်လာသည်။

"စံ"

သူ စံရပ်နေသည့်နောက်က တံခါးဘောင်မှာ လက်ထောက်၍ နောက်ကနေ ပခုံးစွန်းကလေးကို ဆုပ်ကိုင်လိုက်သည်။

"အန့်တီက မေမေ့ကို စိတ်နာနေတယ် ထင်တယ်၊ ဦးမျိုးကလည်း ပြန်အပ်တာကို လုံးဝလက်မခံဘူးတဲ့၊ လောလောဆယ် မင်္ဂလာကိစ္စကိုပဲဖြစ်မြောက်ဖို့ ကြိုးစားရအောင်နော်၊ ဖေဖေက ပြောတယ်၊ နေ့ကောင်းရက်သာရွေးပြီး ခြံထဲမှာ ညှိခံပွဲလုပ်မယ်တဲ့"

စံက သူ့လက်ကို ဖယ်ချပစ်လိုက်ပြီး မော့ကြည့်၏။

"ငါကတော့ မိဘမဲ့မျက်နှာငယ်စွာနဲ့ နင့်လက်ကိုချိတ်ပြီး ညှိခံရမယ်ပေါ့"

"အဲဒါ မျက်နှာငယ်ရမှာမဟုတ်ပါဘူး၊ မိဘသဘောမတူကြလို့ ဒီလိုပဲ တစ်ဖက်သတ်တည်းနဲ့ ပြီးသွားကြရတဲ့ မင်္ဂလာပွဲတွေ ရှိတာပဲ၊ နင့်မိဘက သဘောမတူတဲ့ဘက်ကပါ





ဘာမျက်နှာငယ်စရာရှိလဲ"

"အဲဒါ ငါမသိဘူး၊ ငါ… ငါဆုံးဖြတ်ခဲ့တုန်းက မေမေတို့ဘက်က ဆုံးဖြတ်ချက်တွေမပါဘဲ ငါ တဇွတ်ထိုးလုပ်ခဲ့တာ၊ အခု ဒီလိုဖြစ်လာတော့ ငါ ပိုပြီးရင်နာတယ်၊ အမေ ခွင့်လွှတ်တာကို ငါ မြင်ချင်တယ်၊ နင့်လိုပဲ ငါကလည်း တစ်ဦးတည်းသောသမီးပဲ ခေါင်ရိုပ်၊ တစ်သက်မှာ တစ်မင်္ဂလာပြုရတဲ့ ဒီပွဲမှာ ငါ့အမေ ငါ့နားမှာရှိစေချင်တယ်၊ အမေသဘောမတူဘဲ ငါ မင်္ဂလာမဆောင်ချင်ဘူး"

"စံ"

ခေါင်ရိုပ်က စံ့ကိုယ်လေးကို ဆွဲလှည့်ပစ်လိုက်၏။

အတင်းအကျပ် သိမ်းပွေ့လိုက်တော့ မျက်နှာချင်းကထိလုမတတ်…

"လက်မှတ်မထိုးနိုင်တာနဲ့၊ မင်္ဂလာမဆောင်ချင်တာနဲ့၊ နင်ဖြစ်ချင်သမျှ စောင့်ခဲ့ရတာ ငါ ဘယ်လောက်ထိ သည်းခံနေရဦးမှာလဲ စံ၊ မိန်းမယူထားပြီး အလှကြည့်နေရတဲ့ ငါ့ဒုက္ခကို နင် ကိုယ်ချင်းစာတတ်မှာမဟုတ်ဘူး၊ နင်ကမှ ငါ့ကိုချစ်ဘဲ"

"နင့်ကို ငါ အလစ်မှာ နောက်ကျောကနေ ဓားနဲ့ထိုးခဲ့တာမဟုတ်ဘူး ခေါင်ရိုပ်၊ နင်သဘောတူခဲ့တဲ့ကိစ္စ၊ ပြောပြီး



www.burmeseclassic.com

www.burmeseclassic.com



သား၊ ခေါင်းညိတ်ပြီးရင် ဘွာခတ်ကြေး”

“ဘွာခတ်ချင်လို့မဟုတ်ဘူး၊ ငါ နင့်ကို ပိုင်ဆိုင်ခွင့်ရရင် အားလုံးနဲ့လဲပစ်နိုင်တယ်ဆိုတဲ့စိတ်နဲ့ နင်ပစ်တဲ့ မြှားကွင်းထဲ ငါ ဖွတ်ဝင်ခဲ့တာ၊ ခုလည်း နင့်သဘောကျ မေမေ့အိမ်ပေါ် ငါတို့ရောက်နေပြီ၊ ဒီထဲမှာ နင်နဲ့ငါ့အတွက် မင်္ဂလာခန်းဝင်ပစ္စည်းအားလုံး မေမေပြင်ဆင်ထည့်ထားပေးပြီးပြီ”

စံက သူ့ကိုယ်ကို တအားပြန်တွန်းပစ်လိုက်ပြီး…

“ဘာလဲ၊ နှစ်ယောက်အိပ်ခုတင်ကြီးပေါ် မွေ့ရာကြီးခင်းပေးထားတာနဲ့ပဲ နင်နဲ့ငါ အတူအိပ်ရမှာလား”

“မဟုတ်ဘူးလေ၊ အခု နင်လည်း အန့်တို့ရင်ခွင်ထဲက သမီးမဟုတ်ဘူး၊ ငါလည်း မေမေ့သား ကျောင်းသားလေး မဟုတ်ဘူး၊ ငါက နင့်ယောကျ်ား၊ နင်ကလည်း ငါ့မိန်းမပဲ၊ ခိုးပြေးခဲ့ပြီးရင် လင်မယား”

“ဘယ်သူက သတ်မှတ်လိုက်တာလဲ”

“စံ… နင်…”

“ဘာလဲ၊ ဒေါသတွေ သိပ်ဖြစ်နေလား”

“ငါ နင့်ကို အလိုလိုက်ခဲ့တာ တော်ရောပေါ့ စံ၊ ကိုယ်ချစ်တဲ့မိန်းမတစ်ယောက်ကို ကိုယ်ပိုင်ပြီးမှ ကြည့်နေရုံနဲ့ ကျေနပ်ခဲ့ရတာ၊ ဘယ်လောက်ကြာပြီလဲ”





စံ မျက်နှာလွှဲပစ်လိုက်သည်။

မျက်ဝန်းက စာတွေကို သူဖတ်နိုင်မှာ စိုးပါ၏။

“မတတ်နိုင်ဘူး၊ အမေတို့ဘက်က လုံးဝကျေနပ်မှ ငါမင်္ဂလာပွဲလုပ်မှာ… လူသိရှင်ကြားမင်္ဂလာပွဲ မကျင်းပရသေးဘဲ နင့်ကို ငါ မပေါင်းနိုင်ဘူး”

“တောက်”

တက်ခေါက်ပေမယ့် သူ မတတ်နိုင်။

စံက ခပ်လှမ်းလှမ်းထိ လျှောက်သွားပြီးမှ…

“နင်ခေါင်းညိတ်လိုက်တာနဲ့ ငါပြောသမျှ၊ ဖြစ်ချင်သမျှကို လိုက်လျောဖို့သဘောတူပြီး [illegible] နဲ့ ငါပြောခဲ့ပြီးသား”

စံ တကယ်အသည်းမာပါသည်။

ညဘက်ကျတော့ မှန်တင်ခုံရှေ့မှာထိုင်လျက် ထည့်ပေးထားသည့် အလှပြင်ပစ္စည်းတွေကို တစ်ခုချင်း ထုတ်ကြည့်နေသည်။

ခေါင်ရိပ် အပြင်ကပြန်လာတော့ အခန်းထဲဝင်လာပြီး အဝတ်ဗီရိုနားလျှောက်သွား၏။

ဗီရိုကိုဖွင့်လိုက်ပြီးမှ ပြန်လှည့်ကြည့်ကာ…

“စံ ငါ နေ့လယ်ကချွတ်ပစ်ခဲ့တဲ့ ကုတ်အင်္ကျီ ဘယ်



www.burmeseclassic.com

www.burmeseclassic.com



နားမှာ ထားခဲ့မိလဲ"

ကောက်ချိတ်ချိတ် စုပုပ်ပုပ် ခေါင်ရိုပ်မျက်နှာကို သမင်လည်ပြန်လှည့်ကြည့်ပြီး စံက မထိတထိ ပြုံး၏။

"ခေါင်ရင်းက ချိတ်စင်ထဲမှာကြည့်၊ ချိတ်ဘော့ ချိတ်ထားလိုက်တာပဲ၊ စည်းမရှိ ကမ်းမရှိ အိပ်ရာခြေရင်းမှာ ပုံချထားခဲ့ပြီးတော့"

စံ ဒီဘက်ပြန်လှည့်ပြီး ပြုံးမိသည်။

ကျေနပ်လွန်း၍ မဟုတ်ပါ။

သူမရင်ထဲမှာလည်း သာယာနေခဲ့တာ မဟုတ်။ ခိုးရာလိုက်ခဲ့ပြီးမှ ဒီမှာကိုယ့်ကို ဂုဏ်စွန်းအောင် ထိန်းသိမ်းရှောင်ရှားနေရတာ လွယ်သည့်ကိစ္စမဟုတ်။

ထို့ပြင် တစ်ခါတစ်ခါ ဖွတ်တရွတ်ဆန်ချင်သော ခေါင်ရိုပ်မျက်နှာပေါ်က မာနတွေကြောင့် ထိတ်ရလန့်ရ ဖြစ်မိပြန်သည်။

အစကတည်းကသာ စကားနဲ့တုတ်ချည်မထားခဲ့လျှင် ဘယ်လိုမှမလွယ်။

"နင့်ကတိကို နင်တည်လေ၊ နင် ယောက်ျားမဟုတ်ဘူးလား"

"နင့်ကို ငါ တစ်သက်လုံးမုန်းပြီမှတ်"





သူ့ရင်ထဲကိုရောက်စေမယ့် စကားတွေနဲ့ အမျိုးမျိုး တိုက်ဖျက်နေရ၏။ ပြီးတော့ ကိုယ်ဟာ တစ်သက်လုံးမှာ ယောက်ျားလေးတစ်ယောက်နှင့် အရင်းနှီးဆုံး ဒီနေ့ထိ ပူးတွဲသွားလာခဲ့ဖူးတာ ခေါင်ရိုပ်တစ်ယောက်တည်း။

သံယောဇဉ်ဆိုတာ ရှိတာပေါ့။

ဒါပေမယ့်...

"မတွေ့ဘူး၊ လာကြည့်ပေးဦး"

ခေါင်ရိုပ်အသံကြောင့် အတွေးက ပြတ်တောက်သွား၏။ ကိုင်ထားသည့် မိတ်ကပ်ဘူးကို မှန်တင်ခုံပေါ်မှာ ပြန်ချထားလိုက်ပြီး ထလာခဲ့၏။

ဖန်းနုရောင် တဆက်တည်း ဂါဝန်ပျော့ပျော့လက်ပြတ်လေးနှင့် ခေါင်းလျှော်ထားစ မခြောက်တခြောက်ဆံပင်လေးတွေ ဖြန့်ချထားတာ သေချာဖြီးထားတာမျိုးမဟုတ်။

သို့သော်...

ထူးထူးခြားခြား ပါးပြင်လေးမှာ ပါးကွက်လေးနှစ်ဖက်နှင့်။ မျက်ခုံးလေးတွေ၊ မျက်တောင်လေးတွေ ထင်းနေသည်။

နှုတ်ခမ်းလွှာလေးတွေက ရဲနေ၏။

ခေါင်ရိုပ်ရင်ထဲမှာ ပြောင်းဆန်လှုပ်ရှားသွားစေအောင် လှနေသော စံသည် သူ့မျက်နှာရှေ့မှာရပ်လျက် အင်္ကျီချိတ်တွေ



www.burmeseclassic.com

www.burmeseclassic.com



ကို ဆွဲဖွင့်၏။

သနပ်ခါးနံ့သင်းသင်းလေးနှင့် ထောင့်ချိုးညီနေသော နှုတ်ခမ်းပြည့်ပြည့်ရဲရဲလေးတွေကို သေးတို့တ်ကနေ ငုံမိုးကြည့်ရင်း သူ သတိလစ်သွားသည်။

စံကိုယ်လုံးလေးကို တင်းကျပ်စွာ ပွေ့ဖက်ထားလိုက်မိကာ...

"ခေါင်ရိပ်... နင်... နင်..."

"ချစ်တယ်"

"အို... မသိဘူး၊ လွှတ်... လွှတ်လို့ ပြောနေတယ်"

"မလွှတ်နိုင်ဘူး"

သူ့ ဖွတ်တရွတ်ရှေ့တိုးတော့ တိမ်းဆုတ်ရှောင်ဖယ်ရင်း စံ ဒယိမ်းဒယိုင် ပြိုလဲသွားကာ နှစ်ယောက်အိပ်မွေ့ရာကြီးပေါ်သို့...

"ခေါင်ရိပ်... နင်... နင် မယုတ်မာနဲ့၊ လွှတ်နော်၊ ဟင့်အင်း"

ထိုစဉ် မီးရောင် မှုန်ဝါးခဲ့ မှောင်ကျသွားပြီး...

"လွှတ်... ဖယ်နော်၊ ငါပြောပြီးသား၊ ကဲဟယ်"

ပြင်းထန်သော ထိခတ်သံတစ်ချက် စူးရှစွာ ထွက်ပေါ်





လာသည်။ မီးရောင်တွေ ဖွေးခနဲ ပြန်လင်းလာ၏။

စံသည် မီးဖွင့်လိုက်ပြီး မွေ့ရာပေါ်ကနေ အတင်းရုန်းထသည်။

ခေါင်ရိပ်က စံ့လက်ကလေးတစ်ဖက်ကို ဆောင့်ဆွဲလိုက်၏။ စံ့ကိုယ်လေး မွေ့ရာပေါ် ပြန်ကျသွားလေသည်။

"နင် သိပ်ရက်စက်တယ် စံ"

ခုံးနှစ်ဖက်ကို တင်းကျပ်စွာ ဆောင့်ခါ၍ မျက်နှာချင်းဆိုင်လိုက်တော့ ပါးပြင်တစ်ဖက်မှာ လက်ဝါးရာတိုင်း နီရဲညိုပုပ်နေတာက မီးရောင်ကြောင့် ထင်းနေသည်။

ထို့ပြင် ခေါင်ရိပ်မျက်ဝန်းမှာ မျက်ရည်တွေ ဝေ့နေ၏။

စံ့မျက်ရည်က ပါးပြင်ထက်သို့ ဖြတ်ဆင်းလာသည်။ သို့သော် စံက တစ်ချက်ကလေးမှ မျက်နှာမလွှဲ။

"နင်နဲ့ငါ ဒီလိုလုပ်ခဲ့ကြတာ ခုလိုအပြစ်မျိုးတွေ ဘာမှ မပါဘူး ခေါင်ရိပ်၊ ငါ့ဘဝနဲ့ ငါ့မာနနဲ့ နေတဲ့သာယာမှုတွေကို နင့်အမေ ရက်ရက်စက်စက် မဆီမဆိုင် နင်းချေခဲ့လို့ နင့်ဆီက ငါလိုချင်တာလည်း ဒီခံစားမှုတွေ မဟုတ်ဘူး"

"ဘာပြောတယ် စံ"

ထိုင်လျက်နှင့် ရှေ့ကို ဆောင့်ခနဲ တိုးခုန်လိုက်သဖြင့် မွေ့ရာက ကြွခနဲ နစ်ဝင်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



"နင့်ကို နင့်အမေရိုက်မှာစိုးလို့ လက်ကိုဆွဲပြီး ဈေးလေးထဲမှာ ပတ်ပြေးခဲ့တာက ကလေးဘဝတုန်းကလေ၊ ဂျင်ပေါက်ကြရင်း သူများကားမှန်ကိုခွဲလိုက်တော့ နင့်ကို ကားနောက်ထဲထည့်ဖွက်ပြီး ကျွန်တော့်ကြောင့်လို့ငါဝန်ခံခဲ့တာရော"

"အဲဒါက လမ်းဘေးမှာ ဟိုတုန်းကပဲ"

ခေါင်ရိပ်အသံက တုန်ခါနေသည်။

စကားပြောရင်း အံကြိတ်လျှက် မွေ့ရာပေါ်က ဆင်းလိုက်၏။

"အခု နင့်ဆန္ဒအတိုင်း ငါဖြစ်စေခဲ့တာက လမ်းဘေးမှာ မဟုတ်ဘူး၊ နင်နဲ့ငါလည်း ကလေးတွေမဟုတ်ဘူး၊ တစ်ခန်းတည်းအတူနေကြရတဲ့ လင်မယား"

"ငါက လင်မယားလို့ မသတ်မှတ်သေးဘူး"

"ဘာ… အဲဒါ…"

တက်တစ်ချက်ခေါက်၍ ခေါင်ရိပ်က စူးစူးရဲရဲ ကြည့်သည်။

စံ မျက်နှာလွှဲကာ မလုံမလဲစိတ်နှင့် ရင်ဘတ်လေး ဖိလိုက်၊ ပခုံးကိုကိုင်လိုက်နှင့်…

"ရတယ်၊ နင်ပျော်ဖို့ပဲ လိုပါတယ်"

ခေါင်ရိပ် တံခါးကိုဆွဲဖွင့်ပြီး ထွက်သွားလိုက်တာ တံခါးသည် အသံမြည်အောင် တမင်လုပ်တာတောင် အသံ





မမြည်တတ်ဘဲ ခုတော့ ဂျိမ်းနေ ဆောင့်ပိတ်ကျန်ခဲ့၏။

"ဟဲ့"

အောက်ထပ်ဧည့်ခန်းမှာ လင်မယားနှစ်ယောက် စကားပြောနေကြဆဲ ဒေါ်စိန်မမ တုန်ခနဲ ဖြစ်သွား၏။

ပစောက်ကွေ့ပုံ ထုတ်ထားသည့် ဝရန်တာမှာ အသံနှင့်အတူ ဘွားခနဲပေါ်လာသည့် သားဖြစ်သူကို ပါးစပ်အဟောင်းသားနှင့် မော့ကြည့်မိ၏။

ခေါင်ရိပ်သည် ကြောင်လိမ်လှေခါးကြီးမှ တင်းမာသော မျက်နှာနှင့် မြေးလွှားဆင်းလာ၏။

"သား… ခုနကမှ ပြန်လာတယ်၊ အချိန်မရှိတော့မှ ဘယ်ကိုလဲ"

ကားသော့ဆီသွားသည့် ခေါင်ရိပ်ခြေလှမ်းက နည်းနည်းမှ မတုံ့။

"သော့ခတ်လိုက်တော့ မေမေ၊ သား ညဉ့်နက်မှာ၊ ဒီမှာ သော့ယူသွားပြီ၊ ကိုယ့်ဟာကိုယ် ဖွင့်ဝင်မယ်"

"ဘာ… ဘယ်လို၊ သား… ခေါင်ရိပ်"

ဒေါ်စိန်မမ ကမန်းကတန်း ထရပ်သည်။

ခေါင်ရိပ်က ဖွတ်ထွက်၏။

"မမ"



www.burmeseclassic.com

www.burmeseclassic.com



ဦးထွန်းလူအသံကြားမှ တံခါးဝမှာ ဒေါ်စိန်မမ တုံ့ခနဲ ရပ်သွားသည်။

မောင်းထွက်သွားသည့် ကားသံက ဝေါခနဲ…

ဒေါ်စိန်မမ အပေါ်ထပ်က နှစ်ယောက်အတွက် ပြင်ပေးထားသော အိပ်ခန်းဆီသို့ မော့ကြည့်လိုက်သည်။

ဦးထွန်းလူက စောစောကကြည့်နေသည့် ရတနာဘူးကို ပြန်သိမ်းပြီး ထရပ်လိုက်၏။

"အဲဒါ ငါသိတယ်"

ဟု ခပ်တိုးတိုးဆို၍ ထွက်ခွာသွား၏။

ဒေါ်စိန်မမ နှုတ်ခမ်းအစုံကို ခပ်ဖိဖိစေ့ပိတ်လျက်…

၆ ။ ၆

အခန်း ⏩ ၁၆ ⏪

မနက်စောစော လက်ဖက်ရည်သောက်ဖို့ဆင်းလာတော့ စားပွဲမှာ ဦးထွန်းလူနှင့် ဒေါ်စိန်မမတို့နှစ်ယောက် ပဲရှိသည်။

တံခါးဝမှာ ရပ်ကြည့်ရင်း စားပွဲမှာဝင်မထိုင်ဘဲ မီးဖိုခန်းထဲတောက်လျှောက်ဝင် လာခဲ့သည်။

ထမင်းစားခန်းနှင့် မီးဖိုခန်းကာသပ်သပ်စီမို့ မီးဖိုထဲမှာ ထမင်းကြော်နေသည့် စံနောက်မှာသူရပ်လျက်…

"လက်ဖက်ရည်သောက်ဖို့မေမေတို့စောင့်နေကြတယ် မပြီးသေးဘူးလား"

"မပြီးသေးဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မပြီးသေးဘူး"

စံကနည်းနည်းမှ လှည့်မကြည့်ဘဲ ကြော်ပြီးသား ဝက်အူချောင်းတစ်ဖတ်ကို ကတ်ကြေးနဲ့ဖြတ်ယူပြီး ပါးစပ်ထဲ ထည့်သည်။

ပြီးတော့ ထောပတ်နဲ့ ကြက်ဥရောကြော်ထားသည့် ထမင်းကြော်တို့ကိုမွှေနေ၏။

"စံ"

"ဘာလဲ"

"မနက်စာ လက်ဖက်ရည်သောက်ပါလား၊ ထမင်းကြော်က ရင်ခံတာပေါ့"

"ငါမှမခံတာ"

"ခံပါတယ်ကွာ၊ နေလည်စာ အားလုံးစားကြတော့ မယ်ဆိုရင် နင်မဆာသေးဘူးဆိုတာချည်းပဲ၊ ဒီမှာ မစောင့်နိုင်တော့ စားလိုက်ရရော၊ ငယ်ငယ်တည်းက အဆာလွန်ရင် ဗိုက် အောင့်တတ်လို့"

"စားပေါ့၊ ကိုယ့်ပါးစပ်နဲ့ ကိုယ်စားတာ၊ ငါကြိုက်လို့ ငါစားတာ၊ နင်တို့အိမ်မှာ ထမင်းကြော်စားခွင့်မရှိဘူးလား"

"လုပ်ပြီကွာ၊ စကားကောင်းကို ပြောလို့မရဘူး"

ခေါင်ရိပ် မျက်နှာရှုံ့မဲ့သွားသည်။





သနပ်ခါးရောင်ရင့်ရင့် ဘောင်းဘီရှည်အပွနှင့် စပို့ရှပ်ကန့်လန့်စင်းကိုဝတ်ထားသည့် ခေါင်ရိပ်မျက်နှာကို စံက လှည့်ကြည့်သည်။

ထမင်းကြော် ပူပူလောင်လောင်ကို ပါးစပ်ထဲသွင်းလိုက် ဝက်အူချောင်းကြော်ကို ဖြတ်ယူစားလိုက် စံပါးစပ်က တလှုပ်လှုပ်နှင့် ခေါင်ရိပ်ကို ခြေဆုံးခေါင်းဆုံး ပြန်ကြည့်၏။

"ဘယ်သွားမလို့လဲ"

ခေါင်ရိပ်က စံကြည့်လိုက်သလို သူကိုယ်သူ ပြန်ငုံ့ကြည့်၍

"မေမေ ခိုင်းထားလို့ပါ"

"သံသာတို့ဆီကို သွားမလို့မဟုတ်လား၊ မွေးနေ့အတွက် ပြင်ဆင်ဖို့ဆိုတာ"

ခေါင်ရိပ်က စံမျက်နှာကိုစူးစိုက်ကြည့်ကာ

"ဟုတ်တယ်၊ ပလာဇာရောက်ဦးမှာ၊ ဘာမှာဦးမလဲ"

"ဘာမှမမှာဘူး"

စံက ပန်းကန်တစ်ချပ်သွားယူပြီး ထမင်းကြော် ခပ်ထည့်နေသည်။

ပြီးတော့ ဝက်အူချောင်းတွေကို ပန်းကန်လုံးလှလှလေးထဲမှာ သပ်သပ်ထည့်၏။



www.burmeseclassic.com

www.burmeseclassic.com



"စံ"

စံသွားလေရာ တကောက်ကောက်ကပ်လိုက်နေရင်း ခေါင်ရိုပ်ကခေါ်၏။

စံက လှည့်ကြည့်ပြီး မထူး။

သူမပုံစံသည် ယောက္ခမအိမ်မှာ မရင်းနှီးသေးသဖြင့် သိမ်ငယ်အောက်ကျို့စွာနေရသည့် ချွေးမတစ်ယောက်နှင့် မတူ။

သူမဦးဆောင်အုပ်ချုပ်နေရသည့် အိမ်တစ်အိမ်မှာနေရသလိုမျိုး ခပ်မိန့်မိန့်။

"ညကကိစ္စကို ငါ တောင်းပန်ပါတယ်"

စံက ဘာမှလှည့်မပြောဘဲ နံရံကပ် အထပ်စင်မြင့်ကြီးရှေ့က ဆက်တီစုဝိုင်းလေးမှာ ပန်းကန်တွေ ရွေ့သယ်ချ၍ ခုံဆွဲထိုင်လိုက်၏။

"စံ ဘာလုပ်တာလဲ"

စားပွဲမှာ လက်ထောက်၍ ခေါင်ရိုပ်က ခါးကိုင်းကာ မျက်နှာနင့်နီးအောင် ငုံ့ကြည့်၏။

"အပြင်မှာသွားစားမယ်လေ၊ ငါ လက်ဖက်ရည်သောက်မလို့ စောင့်နေတာ"

"သွားသောက်ပါလား၊ ငါ ဒီမှာပဲ စားမယ်"

"ဘာဖြစ်လို့လဲ စံရယ်၊ ဟိုမှာ မေမေတို့လည်း စောင့်





နေတယ်၊ မကောင်းပါဘူး၊ လာပါ"

စံက စားမလို့ ဇွန်းနှင့်ထမင်းကို ခပ်ယူလိုက်ပြီးမှ ပါးစပ်ထဲမသွင်းဖြစ်ဘဲ မော့ကြည့်၏။

"ဘာမကောင်းတာလဲ၊ မကောင်းမှာစိုးလို့လည်း ငါ ဒီလိုနေတာ၊ ဒီမှာ ခေါင်ရိုပ်"

ကိုင်ထားသည့်ဇွန်းကို ပန်းကန်ထဲ ပြန်ချ၍ စံက တင်းတင်းမာမာ ပြန်ကြည့်သည်။

အံကြိတ်၍ အသံကို ပို၍နှိမ့်ချကာ...

"နင့်အမေ ငါ့ကို တစ်ချိန်လုံးမကျေနပ်နေတာ ငါ သိတယ်၊ ညက နင် မနက်သုံးနာရီထိုးမှပြန်ရောက်လာတဲ့ ကိစ္စရော၊ တောဒီထမင်းကြမ်း စားတဲ့ကိစ္စရော၊ သွားတော့ ခေါင်ရိုပ်၊ နေရာတကာ ငါ မိန်းမကြမ်းမလုပ်ချင်ဘူး၊ ဒီရင်ထဲမှာလည်း ဘာတွေပြည့်ကျပ်နေလဲ သိလား၊ သူပြောသာရင် ငါက ငြိမ်ခံနေမှာမဟုတ်ဘူး၊ မျက်နှာချင်းမဆိုင်တာ အကောင်းဆုံးပဲ"

ခေါင်ရိုပ်၏မျက်နှာ ပြိုတော့မယ့်မိုးလို မှောင်ကျသွား၏။

ကျွတ်ခနဲ မျက်နှာလွှဲပစ်လိုက်ပြီး အကြာကြီးငိုင်နေသည်။ ပြီးမှ ခုံဆွဲ၍ စံ့ရှေ့မှာ ထိုင်ချလိုက်ပြီး

"ဖြစ်စရာရှိလို့ ဖြစ်လိုက်ကြရင်လည်း ပြီးတာပဲ စံ၊



www.burmeseclassic.com

www.burmeseclassic.com



ဘာတွေဖြစ်ကြ ဖြစ်ကြ အားလုံး ငါ ဒိုင်ခံရှင်းပါ့မယ်၊ ဒီလိုကြီးနေနေတာ လူကြီးတွေကို ဆဲနေသလိုပဲ၊ ငါက ငါ့မိဘကို ရှိသေစေချင်လွန်းလို့ပြောနေတာ မဟုတ်ဘူး၊ နောင်တစ်သက်လုံး အတူနေသွားရမယ့်လူတွေ၊ အဲ… မနေဖြစ်ရင်တောင် မတော်ချင်လို့မှမရတာ၊ အကြီးအကျယ် ကျော်မကောင်း ကြားမကောင်း မဖြစ်စေချင်ဘူး”

“ငါကတော့ ဂရုမစိုက်ဘူး၊ လွတ်လွတ်လပ်လပ်နေမှာပဲ၊ နင်ပစ်သွားလည်း ဒါ ငါ့ဘဝပဲလေ၊ မာနကို အရည်ကျိုသောက်လို့မရဘူးဆိုပေမယ့် ငါက ကျိုသောက်ပြီးသေမှာ၊ အမိက,က ငါ့အမုန်းဆုံးလူကို အနိုင်ရဖို့ပဲ”

“စံ… နင့်ကို မေမေ ပြောဆိုခဲ့လို့မုန်းတာ ငါ မပြောပါဘူး၊ ငါ့ကို ဘာဖြစ်လို့ ရန်သူလိုဆက်ဆံနေတာလဲ၊ ညက ကိစ္စကို ငါ တောင်းပန်ပါတယ်၊ နောက်ထပ် နင့်ဆန္ဒမပါဘဲ၊ နင် မကြည်ဖြူဘဲနဲ့ ငါ ထပ်မကြိုးစားဘူး၊ တကယ် ကတိပေးတယ်၊ ငါ့ကို ဟိုတုန်းကလို ပြုံးပြုံးရယ်ရယ် ရင်းရင်းနှီးနှီး ပြန်ဆက်ဆံပါလားဟင်၊ အဲဒီရင်းနှီးမှုလေးကနေ နင့်အချစ်ကို ရဖို့၊ နင့်ရန်ငြိုးတွေပြေဖို့ ငါ ကြိုးစားပါရစေ၊ ခုလိုကြီး…”

“ခေါင်ရိပ်… နင်နဲ့ငါ လက်ထပ်ဖြစ်ခဲ့တာ ငါ့ဘက်က မာနကိုစော်ကားခံလိုက်ရတာသက်သက်ကြောင့်ပဲ၊ ငါ့





ဆုံးဖြတ်ချက်ဟာ ချစ်တဲ့သူနဲ့လက်ထပ်သူက တစ်ယောက်တည်း၊ တကယ်လက်ထပ်ဖြစ်ခဲ့တော့ သူငယ်ချင်း၊ ပြီးတော့ ငါမုန်းတဲ့ပတ်ဝန်းကျင်ထဲမှာ ငါ့ဘဝကို ငါပုံပြီး စွန့်စားခဲ့ရတာ သိလား”

စုံအသံလေး တုန်ခါလာသည်။

စားပွဲပေါ်မှာစုံချ လက်ဖဝါးလေးနှစ်ဖက်ကို စိတ်လှုပ်ရှားစွာ ဆုပ်ချီ ဖြန့်ချီလုပ်ရင်း မျက်ဝန်းမှာ မျက်ရည်တွေ ပြည့်တက်လာ၏။

ဒါကိုစိုက်ကြည့်ရင်း ခေါင်ရိပ်မျက်ခုံးတွေ စုကျုံ့လာသည်။ စားပွဲစွန်းကို တင်းခနဲ ဆုပ်မိရင်း ကိုယ်က တောင့်မတ်သွား၏။

“နင်သာ ငါ့ကိုအလိုမလိုက် ကတိမတည်ခဲ့ရင် ဘာမှအဆင့်သင့်မရှိခဲ့ဘဲ ငါ့ဘဝတစ်ခုလုံးဟာ ခုလောက်ဆို ကြေမွပျက်စီးနေပြီ”

“စံ”

စံ မျက်နှာလေးငုံ့ချလိုက်လျှင် မျက်ရည်စက်တွေ ပိုးပိုးပေါက်ပေါက် ကျကုန်၏။

“ငါ နင့်ကို ကျေးဇူးတင်ပါတယ်၊ ဒါ… ဒါပေမယ့် ငါ မုန်းတယ်”



www.burmeseclassic.com

www.burmeseclassic.com



"စံရယ်"

ခေါင်ရိပ် စံ့ဘေးမှာ ပြောင်းထိုင်သည်။

စံ့လက်ဖဝါးလေးတစ်ဖက်ကို ဖိဆုပ်ထားလိုက်၏။ စံက ပြန်ရုန်းပေမယ့် သူ့မလွှတ်ဘဲကိုင်ထားကာ ဝင်းမွတ်သော ပါးပြင်မို့မို့က မျက်ရည်တို့ကို တယုတယ သုတ်ပေးသည်။

"မငိုနဲ့၊ တိတ်တော့၊ မုန်းပါ၊ ငါ့အမေမို့လို့ နင် အားမနာပါနဲ့၊ ဒါ နင့်ရင်ထဲက ခံစားချက်ပဲ၊ အမေကတစ်ဖက်၊ မိန်းမကတစ်ဖက်၊ ငါ လက်ခံထားပါ့မယ်၊ ငါ့ကိုတော့ မမုန်းဘူးမို့လားဟင်"

စံ မော့ကြည့်သည်။

မျက်ရည်စိုနေသော ပူးယှက်နေသည့် မျက်တောင်ကော့လေးကို စိုက်ကြည့်ရင်း နူးညံ့သော အနမ်းတစ်ပွင့်ကြွေခဲ့၏။

စံ မျက်နှာလွှဲပစ်တော့ ပခုံးလေးကို သူ သိုင်းဖက်လိုက်ပြီး...

"ချစ်လိုက်တာ စံရယ်၊ နင် ဘာပြောပြော၊ ဘာလုပ်လုပ် ငါခွင့်လွှတ်တယ်၊ နောက်မငိုနဲ့နော်"

ထပ်ကျလာသည့်မျက်ရည်တို့ကို ရပ်တန့်သွားသည် အထိ သုတ်ပေးရင်း ဖွန်းတစ်ချောင်းထယူ၍ ထမင်းကြော်





တစ်ပန်းကန်ကို နှစ်ယောက်အတူစားကြသည်။

ဟိုတုန်းကလည်း ခေါင်ရိပ်ဘက်က မိဘတွေကို မရင်းနှီးပေမယ့် စံ့အိမ်မှာ ခေါင်ရိပ် ဝင်ထွက်ရင်းနှီးခဲ့သည်။

ဒီလိုပဲ ထမင်းတစ်ပန်းကန်ကို နှစ်ယောက်အတူစားရင်း ရယ်မောပျော်ရွှင်ခဲ့ကြသည်။

ရင်ထဲမှာ မုန်းတီး နာကြည်းတာတွေရော၊ မကျေနပ်တာတွေရော ခဏအတွင်းမှာ ပျောက်ကွယ်မေ့လျော့သွား၏။

စံ မရယ်ရယ်အောင် စနေသော ခေါင်ရိပ်ရှေ့မှာ စံ မပြုံးဘဲ မနေနိုင်တော့။

"သြော်... သြော်... မိဘကတော့ စောင့်လို့၊ သူက တော့ တစ်သက်လုံးက မစားခဲ့ဖူးတဲ့ အစားကြမ်းတွေကို လာစားနေတာကိုး"

ပြောတာက ပုံမှန်လေသံနဲ့ပါ။

ရှားပါးစွာ ဆုပ်ဖမ်းထားရသည့် အပျော်လေးတွေ ရုတ်ခနဲ ပြိုကျပျောက်ဆုံးသွားကာ ခေါင်ရိပ်နားထဲမှာတော့ မိုးခြိမ်းသံကြီးလောက် ကျယ်လောင်သွားခဲ့သည်။

"မေမေ"

"ဟုတ်ပါတယ်၊ မေမေပါ"

ပြောသည်က ခေါင်ရိပ်ကိုရည်ရွယ်သော်လည်း



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်စိန်မမျက်လုံးများက စုံဆီမှာသာ စူးစိုက်နေလျက်။

"ထမင်းကြော်ပြီးရင် အပြင်မှာထွက်သောစားမှာပဲလို့ မေမေက ထင်နေတာ၊ သားက ဝင်ခေါ်နေတာ မဟုတ်ဘူးလား"

"သူက ဒီမှာပဲစားတော့မယ်ဆိုလို့ မေမေ၊ အဲဒါ..."

"ဒါ အိမ်ဖော်တွေစားတဲ့ စားပွဲပဲ၊ မင်းက ဘာဖြစ်လို့ ဒီမှာမှ စားချင်ရတာလဲ"

မျက်လုံးချင်း ဝင်းခနဲ လက်ခနဲ ပြေးဆုံသွား၏။

–စံ ကိုင်ထားသည့်ဇွန်းက ချွင်ခနဲ ပြုတ်ကျလေသည်။

ဒေါ်စိန်မမက ဂရုမစိုက်ပါ။

စုံဘက်က ပျက်ယွင်းသွားသည့် အမူအရာကို တမင်တကာ စိုက်ကြည့်၍ မဲ့ပြုံးပြုံးသည်။

"အေးပေါ့လေ၊ မီးဖိုဘေးမှာ အမြဲဖြန့်ခင်းထားတဲ့ စားပွဲဝိုင်းနဲ့ ဖင်ထိုင်ခုံ လက်ဝါးလောက်ပြားပြားလေးတွေနဲ့ စာရင် ဒါက ဆက်တီခုံဆိုတော့ အများကြီးကောင်းနေသေးတာပဲ၊ ဒါပေမယ့် ဒါ အိမ်ဖော်စားတာ၊ ဟွန်း... မင်းအမေက တောင်းရမ်းမခံခဲ့ပေမယ့် ငါက ချွေးမအဖြစ် သတ်မှတ်ပြီးပါပြီ၊ ကိုယ့်ကိုယ်ကိုသိမ်ငယ်မနေနဲ့တော့ဟုတ်လား၊ နောက်ဆို လူလိုသူလို အပြင်မှာပဲထွက်စားပါ"





စံ့ လက်နှစ်ဖက်စလုံးလွှတ်၍ လက်ဝါးချင်းပွတ်လိုက်သည်။ ခါးကို တမင်တောင့်မတ်ကာ ကုလားထိုင်နောက်မှီမှာ မှီထားလိုက်၏။

"အပြင်မှာ လူလူသူသူဆိုတော့ အိမ်ဖော်က လူမဟုတ်ဘူးလား အန်တီ၊ ဘာပဲဖြစ်ဖြစ် တစ်အိမ်လုံးစားသောက်ဖို့ သူကိုင်တွယ်ချက်ပြုတ်ပေးနေတာ၊ တိရစ္ဆာန်ဘဝ ခိုင်းနှိုင်းပြောတာတော့ မဟုတ်ပါဘူး၊ စံဆိုမပြောဘူး၊ ကိုယ်က လူပဲ၊ တိရစ္ဆာန်ကျွေးတာကို စားစရာလား"

"ငါပြောတာ အဲဒီလောက်မဟုတ်ဘူး စံအိမ်၊ အဆင့်အတန်းဆိုတာရှိတယ်၊ ဒူးနေရာဒူး၊ တော်နေရာတော် မင်းနေတတ်ဖို့"

ဒေါ်စိန်မမလေသံက ဒေါသများနှင့်ထန်လာသည်။

"မင်းက ငါ့ချွေးမဆိုတော့..."

"ချွေးမလို့သတ်မှတ်မယ်ဆိုရင် ဟောဒီစားပွဲမှာ ချွေးစာခွက်တင်ထားရင်တောင် အားနာပါးနာနဲ့ အန်တီ အပြောအဆို ဆင်ခြင်ခဲ့ဖို့ကောင်းတာပေါ့၊ ဒူးနေရာဒူး၊ တော်နေရာတော်ဆိုတာ ဘာမှန်းတော့မသိဘူး၊ ဒါပေမယ့် အခု အန်တီ့သား အိမ်ဖော်မရဲ့လင်ဖြစ်သွားပြီ၊ ဒါမှမဟုတ် ခုနကပြောသလို လူလူသူသူမဟုတ်တဲ့ တိရစ္ဆာန်တစ်ကောင်ကောင်ရဲ့..."



www.burmeseclassic.com

www.burmeseclassic.com



"စံအိမ်"

"မေမေ"

"မင်း အသာနေစမ်းပါ"

ခေါင်ရိုပ် ဖျတ်ခနဲ ထရပ်သည်။

ဒေါ်စိန်မမျက်နှာက ခရမ်းချဉ်သီးမှည့်တစ်လုံးလို နီရဲညိုပုပ်လာ၏။ သူမသည် စံ့ရှေ့သို့ နီးအောင်တိုးရပ်လိုက်ကာ…

"မင်း ဒီအိမ်ပေါ်ကိုရောက်လာတာ သွေးရိုးသားရိုး ဟုတ်ရဲ့လား စံအိမ်"

"အဟွန်း… အန်တီ့မျက်မှန်မှာ ကာလာတွေမသုံးဘူး ဆိုရင် အရောင်မှန်အတိုင်းမြင်ရမှာပေါ့"

"ဒီမှာ စံအိမ်၊ မင်း စကားတတ်တိုင်းမပြောနဲ့၊ ငါ အကဲခတ်မမှားဘူးဆိုရင် မင်းသတ္တိရှိပါတယ်၊ လက်သီးပုန်း ထိုးတာ မကောင်းဘူး"

"ပြောပါ၊ အန်တီ ဘယ်လိုအကဲခတ်မိလို့လဲ"

"အဲဒါ မင်းနဲ့ငါ စကားစစ်ထိုးမနေချင်ဘူး၊ ငါဟာ ငါလုပ်ခဲ့သမျှ စီစဉ်ခဲ့တာအားလုံး ဘာမှမဖြစ်ခဲ့၊ မရခဲ့တာ မရှိဘူး၊ မင်းနဲ့ရင်းနှီးနေတဲ့ ငါ့သားရဲ့သံယောဇဉ်တစ်ခုကြောင့်"

ဒေါ်စိန်မမက ဒေါသကြောင့် မို့မောက်လှိုက်တက်နေ





သည့် ရင်ဘတ်အစုံကို မသိသာစေဖို့ အသက်ဝဝရှူသွင်း၍ ထိန်းချုပ်နေသည်။ ပြီးမှ…

"သားကို ငါအလိုလိုက်ခဲ့တာ ဒီတစ်ခုပဲရှိသေးတယ်၊ အဲဒါ မင်းကို ကျေနပ်ကြည်ဖြူပေးလိုက်တာ မဟုတ်ဘူး"

"ဘာတွေပြောနေတာလဲ မေမေ၊ သားလည်း သားပဲ၊ သူလည်း ချွေးမပေမယ့် သမီးပါပဲ၊ နောင်တစ်ချိန်မှာ တစ်မိုး အောက်တည်း တစ်သက်လုံးအတူနေသွားကြရမယ့်သူတွေ မဟုတ်ဘူးလား၊ စကားကို ကမ်းကုန်အောင်မပြောလိုက်ပါနဲ့"

"ကောင်းပါတယ်၊ ပြောပါစေ၊ ငါ နားထောင်ရဲ တယ်"

ဒေါ်စိန်မမက နည်းနည်းလေးမှ ရှုံ့တွန့်ရှိသေဟန်မရှိသော စံ့မျက်ဝန်းတွေကို စူးစိုက်ကြည့်၏။

"မင်း အပြင်ခဏထွက်စမ်း ခေါင်ရိုပ်၊ မေမေနဲ့ သူ ဆွေးနွေးစရာရှိတယ်"

လှည့်မကြည့်ဘဲပြောသည့် စကားလမ်းကြောင်းအဆုံးမှာ ခေါင်ရိုပ် မျက်လုံးပြူးသွားသည်။

အချစ်ကိုရဖို့ထက် ပြေလည်စွာရင်းနှီးခွင့်လေးကို တောင် သူဆုံးရှုံးရတော့မည်ဆိုလျှင်…

"သားရဲ့အိမ်ထောင်ရေးနဲ့ပတ်သက်ပြီး သားမိန်းမနဲ့



www.burmeseclassic.com

www.burmeseclassic.com



ပြောဖို့ဟာ ဒီလိုပဲပြောလို့ရပါတယ် မေမေ၊ သား ရှောင်မပေးနိုင်ဘူး''

ဒေါ်စိန်မမ ဆတ်ခနဲ လှည့်ကြည့်သည်။

ပြီးတော့ ဘာမှမပြောတော့တဲ့ စံတက်ကိုပြန်လှည့်ကာ…

''တစ်ယောက်ကိုတစ်ယောက် ဇွဲမက်ချစ်ခင်ကြလို့ အလွန်အကျွံဖြစ်လာခဲ့ပြီးမှ ရှိပါစေတော့ဆိုတဲ့ မထူးစိတ်ပိုက်ပြီး ငါက မင်းနဲ့ သားအတွက် အဆင်ပြေအောင် အမျိုးမျိုးကြိုးစားခဲ့တယ်၊ မိဘတွေကလည်း မတန်မရာစကားလုံးတွေ ပါးစပ်ထဲထည့်ပြီး ပစ်ပေါက်လွှတ်တယ်၊ မင်းကလည်း ငါ့သားလေးကို…''

''မေမေ နေပါဦး၊ သား…''

''တိတ်တိတ်နေစမ်း ခေါင်ရိပ်၊ ငါက အမေ၊ မင်းနဲ့သူ ဘာဖြစ်နေကြတယ်၊ ငါ့သား ဘယ်လောက်ခံစားနေရတယ်၊ ငါ မသိဘူး မှတ်လို့လား၊ အို… ငါ ရှင်းရှင်းပဲမေးမယ်၊ နိုးရာလိုက်လာပြီးမှ မင်းက ပေါင်းသင်းဖို့ကို မကြည်ဖြူတာ ဘာအဓိပ္ပါယ်လဲ''

တည့်တည့်ကြီး မေးချလိုက်သဖြင့် ခေါင်ရိပ်ရော စံ နှစ်ယောက်လုံး ရုတ်တရက် မျက်နှာတွေ ပြိုင်တူလွှဲလိုက်မိကြ၏။





''မင်းကိုယ်မင်း အဲဒီလောက်တန်ဖိုးထားတယ်ဆိုရင် နိုးရာမလိုက်ခင်ကတည်း စဉ်းစား၊ နှစ်ဖက်မိဘ သဘောတူရမယ်၊ တင့်တယ်ခမ်းနားရမယ်၊ တစ်အိုး တစ်အိမ်ထောင် သီးသန့်နေနိုင်ရမယ်၊ အစသဖြင့် ဆင်းရဲတဲ့ မိန်းကလေးတွေ စိတ်ကူးယဉ်ကြသလို…''

''စံ ဘာမှစိတ်ကူးမယဉ်ခဲ့ဘူး၊ ပိုက်ဆံချမ်းသာတဲ့ လူတွေကသာ အိမ်ထောင်ရေးတစ်ခုကို ဆွဲခြင်းထဲမှာ ပါလာတဲ့ ကုန်ပစ္စည်းတွက်သလို တန်ရဲ့လား၊ မြတ်ရဲ့လား၊ တွက်ချင် တွက်မယ် စံ''

''ပိုတွက်သေးတယ်၊ မင်းတွက်ချက်ကြည့်ပြီးလို့ မိဘက သဘောတူတူ မတူတူ အပိုင်ကြံလိုက်တာပေါ့''

''မေမေ… မေမေ တော်ပါတော့''

''တွက်တာက တွက်ပါ၊ ငါကလည်း မထူးစိတ်ပိုက်ပြီးသားပါလို့ ပြောပြီးပြီပဲ၊ ဒါပေမယ့် မင်း စွန့်စားခဲ့ရသမျှ သူ့ငွေးချေးမဖြစ်ခွင့်ရနေပြီဆိုရင် ငါပေးဆပ်သမျှ ငါ့သားလေး စိတ်ချမ်းသာအောင်တော့ မင်းဘက်က အညီအမျှ ပေးနိုင်ရမှာပေါ့''

''သား စိတ်ဆင်းရဲနေပါတယ်လို့ ဘယ်သူပြောလို့လဲ မေမေ၊ စံနဲ့သား ဘာမှမဖြစ်ဘူး၊ အဲဒါ မေမေယုံပါ''



www.burmeseclassic.com

www.burmeseclassic.com



"မယုံဘူး"

ဒေါ်စိန်မမပုံစံသည် ခန့်ညားထည်ဝါမှုတွေ ပျောက်ဆုံးလျက် ရှုံးသွပ်ချောက်ချားနေသူတစ်ယောက်လို ရုပ်ပျက်ဆင်းပျက် ဖြစ်လာ၏။

သားဇော်ကြောင့် မျိုသိပ်ချုပ်တည်းထားခဲ့ရသမျှ စုံမျက်နှာမကျောကျောအောက်မှာ နေလောင်လိုက်သည့် ရေပြင်လို ရေငွေ့တွေ တရိပ်ရိပ်တက်လာ၏။

"သားနဲ့မင်း ဘာတွေညှိနှိုင်းမရ ဖြစ်နေတာလဲ၊ မင်းဘာထပ်လိုချင်သလဲ၊ ဖြစ်ချင်တာကို ပြော၊ မင်း ငါ့သားကို စိတ်ချမ်းသာမှုပဲ ပေး"

"စကားပြောတာ မိန်းမသားချင်းဆိုတဲ့ စာနာမှုလေးထည့်ပြောပေးပါ အန်တီ၊ ခိုးရာလိုက်ခဲ့တာက အချစ်ကြောင့် တစ်စိတ်တစ်ဒေသပါမယ်၊ လုံးလုံးလျားလျား အချစ်ကြောင့် ဖြစ်ခဲ့တာလည်း ရှိချင်ရှိမယ်၊ စံကတော့ ဒါကြောင့်သက်သက် မဟုတ်ဘူး"

"ဘာပြောတယ်၊ မချစ်ဘဲနဲ့ မင်းက..."

"ဘာလဲ၊ သူဌေးချွေးမဖြစ်ဖို့လို့ အန်တီ ပြောချင်သေးလို့လား၊ ဟွန်း... ပြောတော့ ချွေးမဆိုပြီး အန်တီချပေးတဲ့ပုံစံက စံက ပျော်တော်ဆက်ဖြစ်နေတာ"





စုံမျက်နှာလေးက ခက်ထန်မာကျောလျက်နေရာမှ ဆတ်ခနဲ ထရပ်သည်။

ခုံနဲ့ စားပွဲကြားမှာ ဘေးမှာသေချာထွက်၍ မျက်နှာချင်းဆိုင်ရပ်လိုက်ပြီးမှ...

"အန်တီ့သားကို စိတ်ချမ်းသာမှုတွေပေးနေရအောင် စံက ပျော်တော်ဆက်မှမဟုတ်ဘဲ၊ ခိုးရာလိုက်လာတိုင်း တန်ကြေးနည်းလှတယ်လို့ မမှတ်ပါနဲ့၊ ဒီနေ့ထိ စံ့မှာ ဂုဏ်သိက္ခာ ဘာမှမမဲ့သေးဘူး"

"အဲဒါလေ... အဲဒါကိုပဲ ငါပြောတာ၊ ခိုးပြေးကြတာ ဘာကြောင့်ပဲဖြစ်ဖြစ် မခွဲနိုင်လို့၊ ပေါင်းကြဖို့ပဲ မဟုတ်လား"

"မခွဲနိုင်တာက သပ်သပ်၊ ပေါင်းကြဖို့က တခြား၊ စံ့ဘက်က မိဘမျက်နှာအိုးမည်းသုတ်သလို ဒီအဖြစ်မျိုး ဖန်တီးခဲ့မိပေမယ့် ကိုယ့်ကိုယ်ကိုတော့ တန်ဖိုးမမဲ့အောင် ထိန်းသိမ်းရမှာပဲ၊ မိဘစုံညီနဲ့ မင်္ဂလာပွဲမကျင်းပနိုင်ဘဲ သူနဲ့စံ အကြင်လင်မယား မဖြစ်နိုင်ဘူး"

"ကြည့်စမ်း၊ ပြောရဲလိုက်တာ"

ဒေါ်စိန်မမ လက်သီးနှစ်ဖက်ဆုပ်၍ ဖွေ့ဖွေ့ခုန်သွားသည်။

"တချို့မိဘတွေဆို လက်မထပ်ရသေးဘဲ မိန်းကလေးကို မကျူးလွန်ရဘူးဆိုပြီး ကိုယ့်သားက ခိုးပြေးလာတဲ့



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးကို သပ်သပ်ခွဲသိပ်ပြီး စောင့်ရှောက်ပေးကြသေးတယ်''

''ဟင်''

ဒေါ်စိန်မမကိုယ်ကြီး ဆတ်ခနဲ တုန်သွားသည်။

''စံက ကိုယ့်မာနနဲ့ ကိုယ်ထိန်းသိမ်းနေတာတောင် အန်တီက အပြစ်တင်သေးတယ်၊ ဘာပဲဖြစ်ဖြစ် လူငယ်တွေရဲ့ အရှုပ်အထွေးထဲကို မိဘက ဒီလောက်ထိဝင်ပါဖို့မလိုဘူးလို့ စံ ထင်တယ်''

''ဘာပြောတယ်''

''နေဦး၊ နေကြဦး''

အားလုံးအသံတွေထဲမှာ တည်ငြိမ်ကြည်ရှသော လေသံ တစ်ရပ်တိုးလာခဲ့သည်။

တံခါးဝမှနေ၍ ချောင်းတစ်ချက်ဟန့်ကာ ဦးထွန်းလူ ခပ်ဖြည်းဖြည်း လျှောက်ဝင်လာ၏။

ဦးထွန်းလူမျက်နှာမှာ ဒေါသမာန အရိပ်တွေမရှိပါ။

အားလုံးကို ကြားပြီးသည့်ပုံစံနှင့် သုံးယောက်၏ ဘေးမှာရပ်လိုက်ပြီး...

''ယောက္ခမကို မိဘလိုသဘောထားရမယ်ဆိုပေမယ့် နှစ်ဦးနှစ်ဖက် နားလည်ဖို့ ရှိသေးဖို့ဆိုတာ မလွယ်ပါဘူး၊ အထူး





သဖြင့် ခုလို တစ်ယောက်အကြောင်း တစ်ယောက်မသိနိုင်သေးတဲ့အချိန်မှာ ပိုပြီးမလွယ်ဘူး၊ ဒါပေမယ့် အန်ကယ်ဆိုလိုချင်တာက သမီးယူလာတဲ့ယောက်ျားရဲ့ မိဘနှစ်ပါးအနေနဲ့၊ ပြီးတော့ သားဟာ သမီးရဲ့ခင်ပွန်းဖြစ်နေသမျှမှာ အန်ကယ်တို့ကို မတော်ချင်လည်း မရဘူး၊ မခေါ်ချင် တစ်ဖက်လှည့်သွားလို့ရတယ်၊ စော်ကားတဲ့စကားမျိုးရှိလာရင် မတင့်တယ်ဘူး၊ မိဘနဲ့ သားသမီးဆိုတဲ့ အနေအထားမှာ ပိုပြီးတော့ အကျည်းတန်ပါတယ်''

စံက ငြိမ်သက်စွာ နားထောင်နေသည်။

ဦးထွန်းလူက ဆက်၍

''အန်ကယ်က ဒီကလူကြီးတွေပြောသမျှ လိုမ့်ခံ၊ ပြန်မပြောနဲ့လို့ တစ်ဖက်သတ် ဆုံးမတာမဟုတ်ဘူးနော်၊ ပထမဆုံးပြောချင်တာက သူမှား ကိုယ်မှားဖြစ်ကြတာ ရှိမယ်၊ ဒါဟာ သဘောထားချင်းတိုက်ဆိုင်ဖို့ မလွယ်သေးတဲ့သဘာဝကြောင့်ပါ၊ ဒါကို နေရာမှန် လူမှန်ဖြစ်ကြပြီး မိဘကလည်း နားလည်စွာပေါ့၊ သားသမီးကလည်း ရှိသေသမှု မပျောက်စေဘဲ ဆွေးနွေးကြဖို့လိုမယ်၊ အခု အန်ကယ်မေးချင်တာ ရှိတယ်၊ သားနဲ့သမီး မပြေလည်တော့ အန်ကယ်တို့လည်း စိတ်မချမ်းသာကြဘူး၊ လူငယ်ချင်း ညှိနှိုင်းလို့မရတဲ့ပြဿနာ ရှိနေသလား၊ အဲဒါ သမီး ပွင့်လင်းလိုက်ပါ''



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်စိန်မမက စံကိုပဲ ကြည့်နေသည်။

စံက ခေါင်ရိပ်ကို ကြည့်၏။ ခေါင်ရိပ်မျက်ဝန်းမှာ စံ့ကို နားလည်ဖို့၊ ခွင့်လွှတ်ဖို့… စသော ခယကောင်းပန်ခြင်းများနှင့်…

“အန်ကယ် ဆက်ပြောဦးမယ်၊ အခု သမီးရဲ့မိဘများကို အန်ကယ်တို့ဘက်က စေ့စပ်ဖို့ အပ်နှံဖို့ ကမ်းလှမ်းခဲ့ပြီးပြီနော်၊ လက်မခံခဲ့ဘူး၊ ဒီအတွက်က အန်ကယ်တို့ဝတ္တရားကျေပြီလို့ ထင်တယ်၊ မိန်းကလေးရှင်ဘက်က သဘောမတူဘူးဆိုတဲ့ ကန့်ကွက်ငြင်းဆိုမှုဟာ အန်ကယ်တို့အသိုင်းအဝိုင်းမှာ အများကြီးကို သိမ်ငယ်စေပါတယ်၊ အခုအခြေအနေမှာ ဒီလိုတွေ မဖြစ်သင့်ဘဲ ဖြစ်လာတာ အံ့သြစရာလည်း ကောင်းတယ်”

“မိန်းကလေးရှင်က ဒီလောက်ဆင်းရဲနေရက်နဲ့”

ဆိုတဲ့သဘော သက်ရောက်သွားတာမို့ စံက နှုတ်ခမ်းလေးတွန့်၍ ပြုံး၏။

လင်နဲ့မယား တလေသံတည်းပါပဲ။

“အန်ကယ် ဒီလိုပြောလို့ သမီး အထင်မလွဲနဲ့နော်၊ အန်ကယ်ဆိုလိုတဲ့ထဲမှာ ဆင်းရဲတာ ချမ်းသာတာ မပါဘူး”

စံနဲ့ ဦးထွန်းလူ မျက်လုံးချင်း ဆုံသွားသည်။

ဦးထွန်းလူက ခေါင်းညိတ်လိုက်ပြီး…





“တကယ်ပါ၊ မိဘကတော့ မကောင်းမြစ်တားဆိုတဲ့ ဝတ္တရားအတိုင်း မသင့်ရင်တားမယ်၊ သင့်ရာကို စီမံမယ်၊ တားဆီးလို့မရတဲ့အခါ သားသမီးအပြစ်ပြုလာရင်လည်း ခွင့်လွှတ်ရတာပါပဲ၊ ဒါဟာ မချစ်သော်လည်း အောင့်ကာနမ်းဆိုတာမျိုး ဖြစ်ချင်ဖြစ်မယ်၊ သမီးဘက်က နားလည်ပေးထားစေချင်တယ်၊ တကယ်ချစ်ကြ ခင်ကြဖို့ဆိုတာက ကာလတစ်ခုအထိ ကြာချင်ကြာမယ်၊ ကြာတဲ့အထိ မသင့်မြတ် အဆင်မပြေတာမျိုးနဲ့ ကြာလည်း ကြာသွားနိုင်တာပဲ၊ အဓိက,ကလောလောဆယ် သူချစ်ကိုယ်ချစ် ဖြစ်ကြဖို့ပဲ၊ အသိုင်းအဝိုင်းဆိုတာ အပြင်ကာရံပါ၊ သားနဲ့သမီးတို့ ချစ်ခင်ကြင်နာနေကြရင် အန်ကယ်တို့ ဘယ်လိုမကျေနပ်ပြုံးစုနေပစေ၊ ကျေနပ်ကြရမှာပဲ၊ ကြာရင် ရင်းနှီးနားလည်သွားကြမှာပဲ”

ဦးထွန်းလူက ဒေါ်စိန်မမနဲ့ ခေါင်ရိပ်ကိုကြည့်၍

“သားကို အမေက သိပ်ချစ်ခဲ့တယ်၊ အခုလည်း သူ့သားဆန္ဒအတိုင်း အများကြီး လုပ်ပေးခဲ့တယ်၊ လုပ်ပေးဖို့တွေလည်း ရှိသေးတယ်၊ အကြီးဆုံးဆန္ဒတစ်ခုက သူ့သားရဲ့ အိမ်ထောင်ရေး သာယာဖို့ပါ၊ ဆိုလိုချင်တာက ဒါပဲ၊ သားနဲ့သမီး ပြေပြေလည်လည် နေကြပါ၊ မင်္ဂလာ အကြီးအကျယ် ဆောင်ပေးမယ်၊ နှစ်ဖက်မိဘစီစဉ်တာနဲ့မခြား အမွေ လည်းဖွဲ့



www.burmeseclassic.com

www.burmeseclassic.com



ဘာမှမျက်နှာမငယ်စေရဘူး၊ ဒါပြည့်စုံပြီမဟုတ်ဘူးလား၊ အဆင်မပြေဖြစ်နေကြတာက ဘာလဲ၊ အန်ကယ်တို့ သိခွင့်ရှိရင် သိချင်တယ်၊ ဒါရှိနေသရွေ့ ဒီမိသားစုကြားမှာ ရှေ့လျှောက်ပြေလည်ကြမှာမဟုတ်ဘူး"

ဒေါ်စိန်မမက လှုပ်ရှားနေခဲ့သော စိတ်တို့ အတော်အတန် တည်ငြိမ်မှုရရှိသွားသလို စားပွဲအောက်ကို လျှောက်သွား၍ တင်ပါးစောင်းနဲ့မှီကာ လက်ပိုက်ရပ်၏။

"ပြောလိုက်လေ၊ မင်း ဒီလောက်သတ္တိမနည်းဘူးဆိုတာ ငါသိတယ်၊ မင်း ဘာဖြစ်ချင်လို့လဲ"

သူတို့ရဲ့သား စိတ်ချမ်းသာအောင်လို့တဲ့။

ကိုယ်ကရော ချမ်းသာနေလို့လား။

ကိုယ်ထင်ရာ ကိုယ်လုပ်ခဲ့ပြီးပြီ။ ခုလောက်ဆို အမေ ဘယ်လိုနေရှာမလဲ။

ဒီက စေ့စပ်တောင်းရမ်းတာကို မခံဘူးဆိုတာက ဦးမျိုး၏ အစီအစဉ်ဆိုတာတော့ စံ ခန့်မှန်းမိပါသည်။

ထို့ပြင် မောက်မာရိုင်းစိုင်းတတ်သည့် ဒေါ်စိန်မမနှင့် ဖံ ဘယ်လိုရင်ဆိုင်နေရပြီလဲဟုတွေးကာ အမေ အစားပျက် အအိပ်ပျက် ဖြစ်နေလောက်ပြီဆိုတာကိုလည်း တွေးမိနေသည်။

သူမ၏ခံစားချက်နှင့် တုံ့ပြန်လိုခြင်းအားလုံးကြောင့်





စတင်ခဲ့သည့် အစီအစဉ်တွေကိုတော့ အမေ ဘာမှမသိရှာ။

တကယ်ရင်ဆိုင်ကြတော့ ဒေါ်စိန်မမဟာ ထင်တာထက်ဆိုးပါ၏။ ဒါကြောင့် မရည်ရွယ်ခဲ့တာတွေရော၊ ရည်ရွယ်တာတွေရော စံ ဘာတွေပြောမိ၊ လုပ်ခဲ့မိမှန်း မသိတော့။

နေပစေ… စမိကာမှတော့ အဆုံးထိ ကဖို့ပဲ ရှိတော့သည်မို့…

"သားကို မင်း ဘာတွေအရေးဆိုနေသလဲ၊ သားနဲ့ ပတ်သက်ရင် အနည်းအများ ငါတို့ဘက်က လိုက်လျောကြဖို့ပဲ ရှိတယ်၊ မင်းမပြောရဲစရာ ဘာရှိလဲ"

"ဘာမှမရှိပါဘူး၊ စံ့ဘက်က မိဘသဘောမတူသေးဘဲ မင်္ဂလာဆောင်ဖို့ကိစ္စ စံ သဘောမတူနိုင်ဘူး"

"ဒါ ဘာဆိုင်သလဲ၊ မင်း ဒီထိလိုက်လာခဲ့ပြီးမှ နောက်ကြောင်းကကိစ္စကို အမှိကထားနေဖို့လိုသလား၊ မိဘဆိုတာ ခေါ်ခေါ် မခေါ်ခေါ် အချိန်မရွေး မိဘပဲ၊ ခုစိတ်ဆိုးလည်း နောက်ကျပြေသွားမှာပဲ၊ သားရှင်ဖြစ်တဲ့ငါတို့မှာတောင် လောဘ ဒေါသတွေရှိနေလျက်နဲ့၊ ဒီသားကြောင့် ဖယ်ချပစ်နိုင်သေးတာ၊ မင်းမိဘက သမီးရှင်၊ မင်း အချိန်မရွေး ပြန်ပြေလည်ချင်လို့ရတယ်၊ ဒီမှာ… မင်္ဂလာမဆောင်ဘဲနေတာ မင်းအတွက် ဘာအကျိုးရှိမှာလဲ၊ မင်း ယောက်ျားရဲ့တာက



www.burmeseclassic.com

www.burmeseclassic.com



ရခဲ့တာပဲ"

"ဒါပေမယ့် စံ အပျို့ရည်မပျက်အောင် ထိန်းချုပ်နိုင်တယ်၊ မင်္ဂလာမဆောင်ရသေးဘဲ စံ့ဘဝ မပျက်ရဘူး"

"ဘာ"

ဒါကိုပဲ ဒေါသဖြစ်တာ၊ မကျေနပ်ခဲ့တာ။

သားလေး စိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြစ်နေတာကို မြင်နေရလို့ သင်းကို ဒီလောက်ထိ အချိန်ပေးဆွေးနွေးနေရတာ။

တူသလား၊ တန်သလားဆိုသည့် မာနတွေတောင် ကိုယ့်ဘက်က ခဝါချခဲ့တာ။

"မင်းဆိုလိုချင်တာက ဒီမင်္ဂလာဆောင်ဖြစ်အောင် မင်းမိဘကို ငါတို့ကနောက်ထပ် ထပ်တောင်းပန်ရမယ်၊ ဒီလိုလား"

"ဟင့်အင်း... စံက ဒီလိုမတောင်းဆိုပါဘူး၊ ဒါ ခိုင်းစရာမှ မဟုတ်တာ၊ စံ့ဆုံးဖြတ်ချက် စံပြင်ဆင်ထားတာကိုပဲ ပြောတာ"

"ဟုတ်တယ်လို့ပဲ ပြောလိုက်စမ်းပါ စံအိမ်၊ မင်းက ငါ့သားနဲ့ ငါတို့အိမ်မှာ ဒီပုံစံ ဟိုမရောက် ဒီမရောက် အနေအထားနဲ့ ကကြိုးရှုပ်ဖို့ကြိုးစားနေတာ၊ ငါတို့က မင်းလှည့်တိုင်း ခံရအောင် အရူးတွေမဟုတ်ဘူး၊ အမေးရှိရင် အဖြေရှိရတယ်၊





အဲဒါ ဟုတ်တယ်၊ မဟုတ်ဘူး၊ ဒါပဲ၊ ကဲ... ပြော၊ ဒီအိမ်မှာ မင်း ငါတို့အဆင်ပြေအောင် စီစဉ်ပေးတာကို နာခံမှာလား၊ ဘဝပျက်ခံမလား"

"ဘယ်လို"

စံ မျက်ခုံးလေးနှစ်ဖက် တွန့်ကွေးသွား၏။

"မေမေ ဘယ်လိုပြောလိုက်တာလဲ"

"မင်း စကားပြောတာမဟုတ်သေးဘူး မမ"

"ဘာဖြစ်လို့မဟုတ်ရမှာလဲ"

လှုပ်လှုပ်ရှားရှား ဖြစ်သွားကြသူတွေဘက်လှည့်၍ ဒေါ်စိန်မမက သူမစကားကို ထပ်၍အတည်ပြု၏။

"ဒီမှာလည်း သူ မိဘလိုသဘောမထားဘဲ ဘယ်လိုလုပ် အတူနေကြမလဲ၊ မိဘလိုသဘောထားတယ်ဆိုရင် စီစဉ်ပေးတာကို နာခံရမယ်၊ ကျွန်မတို့စီစဉ်တာ ဝတ္ထုရားတျော့တဲ့ အပြင် လွန်နေပါသေးတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ဘယ်လိုမှ သဘောမတူနိုင်တဲ့ အဆင့်အတန်းမျိုးကို သဘောတူကြည်ဖြူ ပေးလိုက်ရတာ၊ သူ့ဘက်ကကျတော့ မဟုတ်တာလေးကို ပြဿနာရှာပြီး သားလေးကို စိတ်ဆင်းရဲစေတာ ကောင်းလား၊ မိဘကိုလည်း ပြတ်ပါ စဲပါလို့မထားဘူး၊ ဟိုမှာ စိတ်ဆိုး နေတယ်ဆိုတာ နေပစေပေါ့၊ တကယ်ပြဿနာရှာမယ်ဆို



www.burmeseclassic.com

www.burmeseclassic.com



သူရှာရမှာ မဟုတ်ဘူး၊ ကျွန်မတို့က ရှာရမှာ၊ သဘောမတူပါဘူး ဆိုတာ ဘာလဲ၊ ဘာကြောင့်လဲ…”

ပြောနေရင်း ဒေါ်စိန်မမ အံကြိတ်လိုက်သေးသည်။

“သြော်… နေပစေ၊ ကိုယ့်သားနဲ့ပါလာပြီပဲ၊ ရှိပါစေတော့လို့ သဘောထားလိုက်တော့လည်း သူက သူ့မိဘနဲ့ စည်းဝါးရိုက်နေတာ၊ ဟိုနဲ့ဒီ စည်းဝါးကိုက်ညှိပြီး ကျွန်မတို့ မိသားစုကို စိတ်ဆင်းရဲအောင်၊ သိက္ခာကျ အရှက်ရအောင် တမင်လုပ်နေသလိုကြီး၊ အဲဒါ ကျွန်မ လုံးဝသည်းမခံနိုင်တော့ဘူး၊ ကျွန်မတို့ မလိုလားပေမယ့် သားချစ်နေရင် သားကို သူက ကြင်နာရင် ရပြီ၊ ခုတော့ ဘာလုပ်မှာလဲ၊ ချစ်ရင်ချစ်၊ မချစ်ရင်ပစ်၊ ဒါပဲပေါ့”

ဒေါ်စိန်မမက စကားနှင့်အတူ စုံကို စူးစူးဝါးဝါး ကြည့်၏။

“အဲဒါ မင်းစဉ်းစားလိုက် စံအိမ်၊ ဘဝပျက်တာ မပျက်တာဟာ မင်းပြောသလောက် မရိုးစင်းဘူး၊ အစ်ပွါယ် အဲဒီလောက်မရှင်းဘူး၊ အပျိုရည်ပျက်တာ မပျက်တာဟာ ဘဝ ပျက်တာ၊ မပျက်တာနဲ့ တိုက်ရိုက်မဆိုင်သေးဘူးဆိုတာ အရင် မှတ်၊ အကြောင်းအခြေအနေအမျိုးမျိုးနဲ့ ဘဝပျက်လို့ရတယ်၊ အဲဒါ မင်းနားလည်လား၊ အခု မင်းကို သားကြောင့် ဘဝမပျက်





စေဘူးပဲထား၊ ဒါပေမယ့် မင်းဘဝ အကောင်းတိုင်း မရှိတော့ဘူး၊ အဲဒါဘာလဲဆိုတာ လက်တွေ့သိချင်ရင်တော့ အခု ဒီကနေ ထွက်သွားလိုက်ဖို့ပဲ”

“မသွားရဘူး၊ မေမေ အဲဒီလိုမပြောနဲ့၊ ဒါ သားချစ်လို့ ယူခဲ့တဲ့ မိန်းမ”

ခေါင်ရိပ်က စုံလက်ကိုဆွဲ၍ ကျောနောက်ကို ပို့ပစ်သည်။

ဒေါ်စိန်မမကို ရင်ဆိုင်၍ တည့်တည့်ရပ်လိုက်ပြီး…

“စုံကို ဒီထက်ပိုပြီးထိခိုက်အောင်မပြောပါနဲ့ မေမေ၊ သားမျက်နှာကို ထောက်ပါ”

“ဖယ်”

စံက ခေါင်ရိပ်ခါးစပ်က အင်္ကျီစကို အားရှိပါးရှိ ဆုပ်ဆွဲ၍ သားကိုတွန်းဖယ်လိုက်ပြီး မာနနှင့် ရှေ့တက်၏။

“ကောင်းပါတယ် အန်တီ၊ စံကလည်း ဒီပုံစံနဲ့ ရေရှည်ဘယ်လိုမှမဖြစ်ဘူးဆိုတာကို သိနေပါတယ်၊ ဒါပေမယ့် ခေါင်ရိပ်ကို မပြောရက်သေးလို့ မျိုသိပ်ခဲ့တာ”

“သိသားပဲ၊ မင်း ငါ့သားကို ချစ်လို့ယူခဲ့တာမှမဟုတ်တာ၊ သွားလိုက်စမ်းပါ၊ တကယ်ဘဝပျက်တယ်ဆိုတာ ဒါ လားလို့ မင်းတင်မကဘူး၊ မင်းရဲ့မိဘပါ သိသွားလိမ့်မယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဟွန်း… မိန်းမတစ်ယောက်ရဲ့ဂုဏ်သိက္ခာကို ဘယ်လိုထိန်းချုပ်ဆယ်ယူသင့်တယ်ဆိုတဲ့ သင်ခန်းစာ မင်းအမေကိုယ်တိုင်တတ်အောင်မသင်ခဲ့တော့ မင်းမသိတာ စိတ်မကောင်းစရာပဲ”

“စိတ်မကောင်းပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်၊ ဒါပေမယ့် စောပါသေးတယ်၊ ပွဲကမပြီးသေးဘူး၊ ခေါင်ရိုပ်”

စံက ခေါင်ရိုပ်လှမ်းဆွဲသည့်လက်ကို ပုတ်ချ လိုက်ကာ…

“ငါသွားမယ်”

“စံ”

စံက အိမ်ရှေ့ကို ပြေးထွက်သွားလေသည်။

ခေါင်ရိုပ် နောက်က ပြေးလိုက်၏။

“မင်း ဘယ်လိုလုပ်လိုက်တာလဲ မမ၊ ဒါ လူကြီးလူကောင်းအလုပ် မဟုတ်ဘူး၊ တို့အလုပ်က မိဘဝတ္တရားအတိုင်း ဆောင်ရွက်ပေးရုံပဲရှိတာ၊ ကြင်နာကြတာ မကြင်နာကြတာ သူတို့ကိစ္စ”

ဦးထွန်းလူ ရှုးရှုးရှားရှား ထဖြစ်သည်။

ဒေါ်စိန်မမ မျက်နှာမှာ နောင်တမရှိ။

“မလိုချင်ဘူး၊ ချစ်တုန်း မုန်းစကားရတာ ရင်နင့်ဖို့မလိုတော့ဘူး၊ ခုရုပ်မှ နောင်ရှင်းပဲ၊ သူ့ကို ကျွန်မ ရွေးချယ်





ခွင့် ပေးပြီးပြီ၊ သားကိုချစ်ရင် သူ့ ဒီမှာ အေးဆေးနေလိုက်ရုံပဲ၊ ရှင့်သားလည်း ချစ်စိတ်မွန်နေတုန်းပဲ အထင်မြင်လွဲမှာပါ၊ နောင်အခါ ဒီလိုမိန်းမမျိုးနဲ့လွဲခဲ့ရတာ ကျေးဇူးတောင် တင်ဦးမယ်”

“မဟုတ်ဘူး၊ သူ့များတွေအမြင်မှာ တို့က သူ့များသားသမီးကို ဖျက်ဆီးပြီးမှ လက်လွှတ်စပယ် ပြန်လွှတ်ပေးလိုက်တာမျိုး”

“အို… ဘယ်သူဘာထင်ထင်၊ နိုးရာလိုက်ခဲ့ပြီးမှ မထိရဘူး၊ မတို့ရဘူးဆိုပြီး ပစ်ပစ်ခါခါနေခိုင်းခဲ့တဲ့ သတို့သမီးရော ရှိခဲ့ဖူးလား၊ ချစ်ရင်နေ၊ မချစ်ရင်သွား၊ ပြီးရော”

ဦးထွန်းလူ ခေါင်းတယမ်းယမ်း ဖြစ်သွားတော့သည်။

ခေါင်ရိုပ်ကတော့ ဖွဲ့မလျှော့ပါ။

စံ တအားပြေးသွားသဖြင့် ခြံတံခါးနားရောက်မှ မီကာနောက်ကနေ လက်ကိုဆောင့်ဆွဲပစ်လိုက်၏။

“ဖယ်… လွှတ်စမ်း ခေါင်ရိုပ်၊ ငါမုန်းတဲ့ အပွားမာနတွေကြားမှာ ငါမနေဘူး၊ လူတိုင်းငွေမက်တယ်လို့ ထင်ကြတဲ့အထဲမှာ ငါမပါတာရော၊ ငါ့ဘဝမပျက်ရမှာထက် နင့်အမေလိုသေးသိမ်မောက်မာတဲ့လူမျိုးနဲ့အတူ တစ်မိုးအောက်မှာနေသွားရမှာကို ငါ လက်မခံနိုင်တာရော အဲဒါတွေအားလုံး…”



www.burmeseclassic.com

www.burmeseclassic.com



"အလုံးကို ဘာမှပြင်မရတော့ဘူး စံ၊ အိမ်ထောင်မှု ဘုရားတည်တဲ့ ငါ နင့်ကိုပေးခဲ့တဲ့ ကတိတွေထဲမှာ ဒီနေ့ ဒီလိုကွဲကြ၊ ကွာကြဖို့မပါဘူး၊ မေမေ့ကိုရော၊ နင့်ကိုရော ဘယ်သူကောင်းတယ်၊ ဆိုးတယ် ငါ ဘာမှမပြောဘူး၊ အခု ခဏလောက်သည်းခံပေးပါ၊ မင်္ဂလာမဆောင်ချင်လည်း နေဦး၊ အန်တီ့ကို ငါကိုယ်တိုင် သွားတောင်းပန်ပါ့မယ်၊ အချိန်ကာလ တစ်ခုကိုပဲ နှင် သည်းခံစမ်းပါ"

"ဆောရီး ခေါင်ရိပ်၊ နင့်အမေနဲ့ပတ်သက်ပြီး သည်းခံဖို့ ပါရမီ ငါ့မှာမပါဘူး၊ နင်လည်း ငါ့ကို လုံးဝမစောင့်ယုက်ပါနဲ့၊ နောက်ထပ်တစ်ခါ မိဘသဘောမတူဘဲ လိုက်ပြေးဖို့၊ ဖွန့်စားဖို့ ငါ ဘယ်တော့မှမကြိုးစားဘူး"

"စံ"

စံက ကွန်ကရစ်လမ်းပေါ်မှာ ခြိဝသို့ နောက်ပြန် တရွေ့ရွေ့ဆုတ်ရင်း ခေါင်ရိပ်ကို မျက်ရည်ပြည့်လျှမ်းသော မျက်လုံးများနှင့် ငေးကြည့်၍…

"နင် ငါ့ကို ဘယ်တော့မှလာမခေါ်နဲ့၊ တစ်ခုပဲရှိတယ်၊ ပြောရရင် နင့်အမေကိုပြောလိုက်၊ တစ်နေ့နေ့ ငါ့ရှေ့ကိုရောက် လာတဲ့သူဟာ နင်မဟုတ်ရဘူး၊ အဲဒါဆိုရင် ငါ စဉ်းစားမယ်"

ဒေါ်စိန်မမ တစ်နေ့နေ့ သူမရှေ့ကို ရောက်လာရမည်၊





ဒါဟာ သားဇော…

ဒီသားဟာ စံမှစံ၊ နေ့စဉ်မပြတ် တမ်းတနေရမည်။ ဒါဟာ အချစ်၏လောင်မြိုက်ခြင်းကြောင့်… !

စံ ပြုံးချင်ဝေမယ့် ပြုံးလို့မရ။

ရင်ထဲမှာ ဘာတွေလဲ။ ပြောဖြစ်လိုက်တာ ဘာတွေ လဲ။ ရည်ရွယ်ချက်တွေအားလုံးဟာ အလဲလဲ အကွဲကွဲနှင့် ပန်း မဝင်နိုင်တော့။

ဘယ်သူမှားနေသလဲ။ ဘယ်သူမှန်နေသလဲ။

ကိုယ်မမှန်ဘူးလို့ ထင်သည်။ ဒါပေမယ့် မှားသည်ဟု မယူဆခဲ့။ သူတို့အားလုံး မှားနေသည်။

သို့သော် သူမ ရည်ရွယ်ခဲ့သလို ဘာတစ်ခုမှမတုံ့ပြန် နိုင်သေး။ ရှေ့ဆက် သူမ အားတင်းဆုပ်ဖမ်းထားသည့် ယူဆ ချက်တွေ တကယ်ဖြစ်လာပါ့မလား။

ဒါလည်း မသေချာ။

အားလုံးထဲမှာ သူမဘက်က မိဘကို ကိုယ်ကကိုးကွယ် ခဲ့သမျှ သူတို့က ရက်စက်လေခြင်းဟု နာကြည်းခဲ့တာပဲ ဖြစ် ဘာ…

ကိုယ့်အမေ မျက်ရည်ကျခဲ့သလို သူ့မျက်ရည်ကို မြင် ရမှ ကျေနပ်နိုင်မှာမို့ တုံ့ပြန်ချင်ခဲ့တာ။



www.burmeseclassic.com

www.burmeseclassic.com



ခါပေမယ့် နှစ်နာနေခဲ့တာ ဘယ်သူလဲ။

သျှမ ပစ်သမျှမြားကျောနောက်က ဒဏ်ရာ…

အားလုံးဟာ ခေါင်ရိုပ်တစ်ကိုယ်လုံးမှာပဲ ဖြစ်နေလေသည်။ ငါမမှားဘူးဟု အားတင်းခဲ့သမျှ ခေါင်ရိုပ်မျက်နှာကို မြင်တိုင်း ငါမှားခဲ့သလားဟု တွေဝေခြင်းက ဖြစ်၏။

ခုလည်း ရက်စက်ရင့်သီးစွာ ပြောဆိုလိုသော စကားတို့မှာ ၎င်းတို့ကြောင့် မာကြောခြင်းက မပီပြင်နိုင်။

စံ့မျက်ဝန်းမှာ မျက်ရည်တွေပြည့်သိပ်လျက် လှုပ်လီလှုပ်လဲ့ ယိမ်းထိုးနေကြပြီ ဖြစ်၏။

ခေါင်ရိုပ်ကို မမြင်စေချင်၍ ချာခနဲ လှည့်အပြေးမှာ ပါးပြင်ထက်သို့ မျက်ရည်ပူတွေ အားကောင်းမောင်းသန် ပြေးဆင်းလာကြ၏။

"စံ… နေဦး"

"ဟင့်အင်း… လွှတ်၊ ခေါင်ရိုပ် ငါ့ကိုလွှတ်စမ်း"

"မလွှတ်ဘူး၊ နင်နိုင်ပါတယ်၊ တုံ့ပြန်ပါ၊ ကလဲ့စားချေပါ၊ ဒီမင်္ဂလာပွဲကို ခဏလေးပဲ ငြိမ်ပြီးသည်းခံလိုက်တာနဲ့ နင်ဖြစ်ချင်တာအားလုံး ဖြစ်ရမှာပါ၊ ငါနဲ့နင် ကျေနပ်ရင် ပြီးတာပဲ၊ နင့်ကိုလည်း ငါ လက်ဖျားနဲ့တောင်မထိဘူး၊ နောက်ထပ် အဆင်မပြေ စကားများတာမဖြစ်ရင် မေမေလည်း ဘာမှရိပ်မိ





မှာ မဟုတ်ဘူးနော်၊ ဒီမှာပဲနေပါ၊ ငါ နင့်ကို အဆုံးရှုံးမခံနိုင်ဘူး"

"မနေနိုင်ဘူး ခေါင်ရိုပ်၊ ခုပဲ အပြတ်ပြောခဲ့မယ်၊ နင် ငါ့နောက်ကိုလိုက်လာတဲ့နေ့၊ နင့်မျက်နှာကို ခုကစပြီး ငါ့အိမ်မှာ စမြင်ရတဲ့နောက်နေ့မှာ ငါ ဟောဒီရန်ကုန်မြို့က အပြီးအပိုင်သွားပြီ မှတ်"

"ဘာ"

"နင့်မျက်နှာကို ငါ မမြင်ချင်ဘူး"

"နင်… နင်ဘာပြောလိုက်တယ်"

ခေါင်ရိုပ်လက်တွေ ပြေကျသွားသည်။

စံ ဆတ်ခနဲ မျက်နှာလွှဲပစ်၏။

"လွှမ်းတာရှိရင် နာတာနဲ့ဖြေမယ်၊ ငါ့ဘဝအပျက်ခံပြီး နင့်အမေကိုမုန်းတဲ့အမုန်းတွေဟာ နင်နဲ့ငါ့ရဲ့သံယောဇဉ်ဆိုတာ ဘဝနဲ့စာရင် အများကြီးငယ်ပါသေးတယ်"

"ရက်စက်လိုက်တာ စံ၊ နင် ပြောလို့ထွက်တယ်နော်"

"ဟုတ်တယ်၊ ငါ မနေ့က အားလုံးကိုဆေးကြောခါချပစ်ဖို့ အဆင်သင့်ပြင်ပြီးသားဖြစ်နေတာ၊ နင် ငါ့ကို နာကြည်းလိုက်လေ၊ ဘယ်တော့မှသတိမရနဲ့"

"မရဘူး၊ လုံးဝကို နာကြည်းလိုက်ဖို့စိတ်ကူးမရှိဘူး



www.burmeseclassic.com

www.burmeseclassic.com



စံ''

စံ ခြေလှမ်းမြင်တာနှင့် ခေါင်ရိပ်က ထပ်တူလိုက်လာရင်း…

''ဝဋ်ကြွေးဆိုရင်လည်း အဲဒီဝဋ်ကြွေးကို ကြေအောင်ဆပ်လိုက်မယ် စံ၊ ကျန်ခဲ့ရင်တောင် ခြေရာလေးပဲဖြစ်ဖြစ် ငုံ့ကြည့်ခွင့်ပေးပါ၊ လွမ်းရမယ်ဆိုလည်း မျက်ရည်တွေက ငါ့ကို သနားပါတယ်လို့ ပြန်ငဲ့ကြည့်ဖော်ရအောင်ပေါ့၊ တစ်ခုတော့ ပြောခဲ့ပါ၊ နင် ငါ့ကိုချစ်သလား''

စံ မျက်နှာလေး ပျက်သွား၏။

''တကယ့်ကိုပဲ ခင်တာဆက်လုံးဝမပိုခဲ့ဘူးလား၊ နင်နဲ့ ငါ ခိုးပြေးခဲ့ကြတဲ့ကာလကနေ အခုချိန်ထိ နင် ငါ့ကို လုံးဝ ကို ရင်မခုန်ခဲ့ဘူးလား၊ ပြောပါ၊ မညာပါနဲ့၊ ဟန်ဆောင်ပြီး မပြောနဲ့၊ ချစ်တယ်ဆိုလည်း ငါက ကျေကျေနပ်နပ်နဲ့ ကျန်ခဲ့မှာပါ၊ မုန်းတယ်ဆိုရင်လည်း ငါ ခွင့်လွှတ်တယ်၊ ပြောပြီးပြီပဲ၊ ဒါဟာ ကြွေးဆပ်ရတာသက်သက်လို့ ငါယူဆပါ့မယ်၊ ဖြေခဲ့ပါ''

ခေါင်ရိပ်မျက်ဝန်းတွေမှာ မျက်ရည်ရောင်တွေလဲ့နေ၏။

စံ့ပါးပြင်မှာ မျက်ရည်ကြောင်းလေးတွေ ခြောက်သွေ့သွားပြီဖြစ်သော်လည်း မျက်ဝန်းအိမ်မှာတော့ သောင်ပြင်ထဲက





လက်ယက်သဲတွင်းလေးလို ပြည့်လျှံလာနေသည့် မျက်ရည်တို့က မကုန်ခမ်းနိုင်။

''ဖြေပါ စံ၊ နင် ဒီကနေ ရက်ရက်စက်စက် စကားတွေပြောပြီး ထွက်သွားတာကို ဘာမှမတားဆီးနိုင်၊ မတတ်နိုင်ဘဲ ခပ်ပေါပေါရပ်ကျန်ခဲ့ရကျိုးလေးနပ်အောင် မချစ်ဘူးဆိုရင်တောင်…''

''နင့်ကို ငါချစ်တယ်''

''ဘာ''

စံ သူ့ကိုယ်ကို ဆတ်ခနဲတွန်းဖယ်ပစ်ကာ ပြေးလွှားထွက်ခွာသွားလေသည်။

''စံ''

မမျှော်လင့်ခဲ့ဘဲ ကြားလိုက်ရသည့် အဖြေတစ်ခုကို ဆုပ်ဖမ်းထားမိသော်လည်း စံ့ကို တားဆီးဖို့တော့ သူ မေ့နေခဲ့၏။

တားလို့ရော ရမှာမို့လို့လား စံရယ်…

§ ॥ §



www.burmeseclassic.com

www.burmeseclassic.com

## အခန်း » ၁၇ «

"မိုက်လိုက်တဲ့ သမီး"

ဒေါ်မြမာ အသံတွေ တုန်နေသည်။

စံ့ပန်းကို ဖိညှစ်ဆုပ်ကိုင်ထားသည့်လက်တို့ပါ တဆတ်ဆတ်တုန်၏။

"ညည်းကြောင့်… ညည်းကြောင့် ငါပါ အသုံးမကျတဲ့ အမေဖြစ်ရပြီ၊ မိန်းမတစ်ယောက်ရဲ့ဘဝကို ညည်းက ဘာလဲ၊ ဆူးပေါ်ဖက်ကျလည်း ဆူးကျိုး၊ ဖက်ပေါ်ဆူးကျလည်း ဆူးကျိုးလို့ မှတ်နေသလား"

စံ ပန်းသားလေးများမှ နာကျင်မှုကို အံကြိတ်ခံသည်။





အမေ့မျက်နှာကို ကြည့်ရဲအောင် ကြိုးစားသည်။

"ဖက်ကဖက်၊ ဆူးကဆူးပဲ အမေ၊ ဆူးက ခေါင်ရိုပ်မဟုတ်ဘူး၊ စံကလည်း ဖက်မှမဟုတ်တာ၊ သူ စံ့ကိုချစ်တယ်၊ စံလည်း သူ့ကိုချစ်တယ်လို့ဖြေခဲ့တယ်၊ အဲဒါ သူ့ကိုမပြောရက်မခွဲရက်နိုင်တာတစ်ခုတည်းနဲ့ ဖြေခဲ့တာ၊ ချစ်သလား၊ မချစ်သလား စံ မခွဲခြားချင်ဘူး၊ ဒါပေမယ့် သူနဲ့စံ ချစ်ကြတာပဲ၊ ပေါင်းဖက်ကြဖို့ ကြိုးစားရမှာ သူ့အလုပ်ပဲလေ၊ ဆူးပဲဖြစ်ဖြစ် ဖက်ပဲဖြစ်ဖြစ် သပ်သပ်စီ၊ တခြားစီဘဝမှာ ဘာမှပေါက်ဖို့ ကျိုးဖို့မရှိဘူး၊ စံဆုံးဖြတ်ခဲ့တာ အမေငိုရသလို ဒီမိန်းမကြီး ငိုရမယ်၊ စံ့ကြောင့် အမေငိုရတာ၊ စံ့ကြောင့်ပဲ အမေ အရှက်ရခဲ့တာ၊ အဲဒီအတွက် သူ့သားကြောင့် သူငိုရမယ်၊ သူ အလားတူ ပြန်ပေးရမှာပဲ"

"ညည်းရူးနေသလား မိစံ၊ ဘာလဲ… ရုပ်ရှင်ဇာတ်လမ်းလေးတွေကြည့်ပြီး စိတ်ကူးယဉ်နေတာလား၊ အခု လောလောဆယ် ညည်း တစ်ခုလပ်ဖြစ်ပြီ"

"အဲဒါက စံ့ဘဝပါ အမေ၊ အမေနဲ့ဦးမျိုးကတော့ ဝုဏ်သိက္ခာမကျဆင်းပါဘူး၊ ဟိုက လာစေ့စပ်တယ်၊ သဘောမတူနိုင်ဘူးလို့ ပြောလိုက်တယ်၊ သမီးတစ်ယောက်ပဲပြန်လာရင် လက်ခံမယ်လို့ပြောတာ လူတိုင်းသိပြီးပြီ၊ အခု စံပြန်လာတော့



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်တည်း၊ ဘာမှဖြစ်မသွားဘူး"

"မိစ်..."

ဒေါ်မြမာ လက်တစ်ဖက်မြှောက်တက်သွားသည်။

"ဟာ... ဟော့ ဟော့... မလုပ်နဲ့၊ မာ မင်းရပ်လိုက်စမ်း"

ဦးမျိုးနိုင်က လှမ်းအော်သော်လည်း အသံကို တမင်တကာကြီး ဖိအုပ်ထိန်းချုပ်အော်သလိုမျိုး ဖြစ်၏။

ဖိနပ်ချွတ်မှာ ဖိနပ်ချွတ်ခြင်းကို ကမန်းကတန်းလုပ်၍ အိမ်ပေါ်ကို ကသောကမျော ပြေးတက်လိုက်တော့ ဖိနပ်တစ်ဖက်က ခြေဖျားမှာချိတ်လျက် အိမ်ပေါ်ထိ မြှောက်တက်ပါလာ၏။

"ဩော်... အရေးထဲ၊ ကဲဟာ"

ဖိနပ်ကို နောက်ပြန်ကန်ချပစ်လိုက်ပြီး လက်မြှောက်လျက်နှင့် တောင့်တောင့်ကြီးရပ်နေသော ဒေါ်မြမာနားကို ပြေးလာသည်။

"မင်း ဘယ်လိုဖြစ်တာလဲ မာ၊ ကလေးပြန်ရောက်လာကတည်းက ဒီကိစ္စကိုပဲ တဖွဖွ တသသပြောပြီး ရင်ဘတ်ထုနေတယ်၊ သူဌေးနဲ့ ခမည်းခမက် မတော်ရလို့ သိပ်ကိုဝမ်းနည်းနေသလား"





အနားကပ်၍ ခပ်ကြိတ်ကြိတ်ပြောပြီး ဒေါ်မြမာလက်ကိုလည်း ပြန်ဆွဲချသည်။ သားအမိကြားမှာ ရပ်လိုက်ပြီးမှ...

"ဒါကိုပဲ ခဏခဏ တူးဆွပြောဆိုနေမှတော့ ငယ်တဲ့သူက စိတ်ထဲရှိတာ ဒေါက်ခနဲ ပြန်ပြောချလိုက်ရော၊ အဲဒီတော့ မိုက်ရိုင်းတယ်၊ စော်ကားတယ်နဲ့ ဖြစ်မကုန်ဘူးလား"

"မဟုတ်ဘူး၊ ဒီလိုကိစ္စတွေကို ရှင်မသိဘူး၊ ဒါ..."

"ဘာလို့မသိရမှာလဲ၊ ငါ့သမီးလုပ်ခဲ့တာ မှန်တယ်လို့ ငါထောက်ခံဖူးတယ်၊ ဒါ ငါ့ဘက်က မြှောက်ပင့်ပေးသလိုဖြစ်ခဲ့ပေမယ့် သမီးက မာန်ကြီးတယ်၊ ဇွဲရှိတယ်၊ မှားသွားတာဘာဖြစ်လဲ၊ ကလေးကမှားတာကို ရင်မှာပိုက်မိထားပြီ၊ အဲဒါကို မင်း ထပ်ခါထပ်ခါ တူးဆွအပြစ်တင်မနေနဲ့၊ နောင်တကိုခဏခဏသတိရတဲ့သူက ခဏခဏ ဘဝသေတယ်ကွ"

ဦးမျိုးနိုင်က မျက်ရည်တွေ ဝေ့ဝဲလျက်ရပ်နေသည့် စံပန်းလေးကို အသာတွန်းပစ်လိုက်ကာ...

"သွား... သမီးအခန်းထဲသွားနေ၊ တော်ကြာ ဧည့်သည်တွေ လာလိမ့်မယ်"

"ရှင်"

"ဟင်... ဘယ်သူတွေလဲ"

ဒေါ်မြမာ မေးတော့ ဦးမျိုးနိုင်က မျက်နှာကြီးကို



www.burmeseclassic.com

www.burmeseclassic.com



ဝိုတင်းလိုက်ပြီး…

"ဒေါ်စိန်မမတို့ပဲ"

"ဟင်"

စံသည် အံ့သြသွားသလိုလေး ဖြစ်ကာ…

"ဒေါ်စိန်မမ… ဟုတ်လား ဦးမျိုး"

"ဟုတ်တယ်၊ သူတို့ 'မိုးစံပယ်' ကဖေးမှာ သူကြီး ဦးကျော်မော်နဲ့ ဦးသောင်းကို စောင့်နေကြတယ်၊ မကြာခင် ဒီကိုလာကြမှာ"

"ဒီကိုလာဖို့ဟုတ်ရဲ့လား ကိုမျိုးရဲ့၊ လာဖို့မှမရှိတာ၊ ဖြစ်ခဲ့တာတွေကို ဒေါ်စိန်မမက သူမလုပ်လိုက်ရဘဲ အလိုလို ဖြစ်သွားလို့ ဝမ်းတောင်သာနေဦးမှာ"

"ဟွန်း"

ဦးမျိုးနိုင်က ဒေါ်မြမာကို 'မသိလိုက်တာ' ဆိုသည့် မျက်လုံးနှင့် ကြည့်လိုက်သေးသည်။

"ဘာဖြစ်ခဲ့တာလဲ၊ ဘာတွေ သူ့အလိုလိုဖြစ်သွားလို့ ဝမ်းသာရမှာလဲ၊ မင်းတို့မိန်းမတွေ တွေးလိုက်ရင် ဖြစ်ရိုးဖြစ်စဉ် လမ်းကြောင်းဟောင်းကြီးပေါ်က မဆင်းဘူး၊ မင်းမှတ်ထား ရွှေဘုံငွေဘုံပေါ်မှာပဲဖြစ်ဖြစ်၊ အိုးစုတ်ခွက်စုတ်ထဲမှာဖြစ်ဖြစ် ကိုယ်လိုချင်တာ ရတနာပဲကွ၊ အခု သူတို့လိုအပ်တဲ့ ရတနာကို





အိုးစုတ်ခွက်စုတ်ထဲမှာ လာရှာတာ ဖြစ်မှာပေါ့၊ ကျိန်းသေ တယ်၊ ဒီကိုလာဖို့ သူတို့လှုပ်ရှားနေတာ…"

"ခေါင်ရိုပ်ရော… ကောင်လေးပါလား"

"မတွေ့ဘူးလို့ပြောတာပဲ၊ ငါကို ကိုတိုးလာပြောတာ၊ သမီး… သွား အခန်းထဲသွားနေ၊ ဖြစ်သင့်တာကို စဉ်းစား သမီး၊ ကိုယ်ထင်ရာလုပ်ပြီးရင် ဖြစ်ချင်တာထက် ဖြစ်သင့်တာ ကို ဦးစားပေး၊ ဟုတ်လား… ညည်းကို ဘယ်လိုဆုံးဖြတ်ရမယ် လို့ ဦးမျိုးတို့ မပြောဘူး"

"အို… မပြောလို့ရမလား၊ ရန်သူတောင် လက်နက် ချရင် ကျေအေးရသေးတာ၊ သူတို့အနေအထားနဲ့ ဒီလောက်ထိ ကြိုးစားလာရင်…"

ဒေါ်မြမာစကားသံ တစ်ပိုင်းတစ်စနှင့် ရပ်တန့်သွား ကာ မျက်ဝန်းတို့က အိမ်ရှေ့မှာ ထိုးရပ်လာသည့် မာစီဒီး ကားနက်ကြီးဆီ စူးရောက်နေခဲ့လျက်။

"ဟင်"

ဦးမျိုးနိုင် နောက်ကိုဖျတ်ခနဲလှည့်ကြည့်၍ ကိုယ်လုံး ကြီးကို ချက်ချင်းပြန်လှည့်ရပ်လိုက်၏။

အတွင်းခန်းသို့ ခြေလှမ်းပြင်လိုက်သော စံ့လက်ကို ဒေါ်မြမာက ဖျတ်ခနဲ ဖမ်းဆုပ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"သူတို့တက်လာပြီ သမီး၊ ရင်ဆိုင်လိုက်တော့"

ဒေါ်စိန်မမသည် ဖက်ဖူးရောင်အပြောင်ချိတ်ဝတ်စုံဖြင့် ဟော့ဆက်ချိတ်ကြိုး ပလက်တီနမ် အကုံးရှည်ကြီးတစ်ကုံးတည်းကို ဆွဲထားသည်။

လက်မှာ ရှစ်တန်းသွား စိန်ခွေလက်ကောက်တစ်ကွင်း။

နောက်တွဲဆံထုံးဖွဖွကို ပိုး၍ရှင်းလင်းသေသပ်စွာ ထုံးဖွဲ့ကာ တဖျတ်ဖျတ်လှုပ်ခါနေသည့် စိန်ဆံထိုးကို ထိုးစိုက်ထား၏။

"လာပါ… ထိုင်ပါ"

ဦးမျိုးနိုင်က ဒေါ်စိန်မမကိုရော နောက်က ဦးထွန်းလူနှင့် လူကြီးနှစ်ယောက်ကိုပါ နေရာထိုင်ခင်း ပေးသည်။

ဒေါ်မြမာကိုယ်တိုင် ဒေါ်စိန်မမကို ဧည့်ခံရန် ရှေ့သို့လျှောက်ထွက်ခဲ့သော်လည်း ဒေါ်စိန်မမက သူများတွေလို မထိုင်ပါ။

ထိုင်ပါဟုဆိုသော ကြိမ်ကုလားထိုင်ကြီးတွေဆီးမှာ အနည်းငယ်မျှပင် တုံ့ရပ်မသွားဘဲ စံရှိရာသို့ တည့်တည့်ဆက်သွားသည်။

သူမတစ်ကိုယ်လုံးမှာ ရတနာရောင်တို့ဖြင့် ဖျတ်ဖျတ်လက်နေ၏။ ဆင်စွယ်ရောင် လက်ကိုင်အိတ်ရှည်ကို လက်မှာချိတ်ကာ တစ်လှမ်းချင်းတိုးလာနေသော မျက်ဝန်းတို့သည်လည်း





စူးလက်နေခဲ့သည်။

သို့သော်…

ထိုမျက်ဝန်းမှာ မျက်ရည်ရောင်တို့ကြောင့်သာ တလက်လက် တောက်ပနေခဲ့ခြင်းအား ကိုယ့်ရှေ့သေချာရောက်မှပဲ သိလိုက်ရတော့သည်။

မျက်နှာချင်းဆိုင်ရပ်လိုက်မိသောအချိန်တွင် ဒေါ်စိန်မမမျက်ဝန်းမှ မျက်ရည်တွေက ဖိတ်လျှံလုလု ပြည့်သိပ်နေကြပြီဖြစ်၏။

"စံအိမ်"

"… …"

"ငါ စိန်မမပါ၊ ခေါင်ရိုပ်ရဲ့မိဘနှစ်ပါးလုံး မင်းရှေ့ကို ရောက်လာပါပြီ"

ဒေါ်စိန်မမ၏ စကားသံတို့သည် ကျောက်စက်ကြိုကြားမှ စိမ့်ရေလို တစ်လုံးချင်း အေးစက်လို့ကျခါလျက်…

"ငါ မင်းကိုပြောခဲ့သမျှအတွက်ရော၊ ငါတို့တွေ ပြောမှားဆိုမှားရှိခဲ့ကြတဲ့ အတုံ့အတင်အားလုံးကို ငါ ချေပါတယ်၊ မင်းပြေပါ၊ မင်းထွက်သွားကတည်းက သား အိမ်မှာမနေဘူး၊ အခု ဂျပန်ကိုသွားဖို့ အဆင်သင့်ဖြစ်နေပြီလေ၊ အဲဒါ မင်းတားမှရမှာပါ၊ တားပေးပါ"



www.burmeseclassic.com

www.burmeseclassic.com



စံမျက်နှာတင်းသွားကာ ကိုယ်စောင်း၍ ဘေးတိုက်ရပ်ပစ်လိုက်တော့ ဒေါ်စိန်မမက စံ့လက်မောင်းကို ဖမ်းဆုပ်လိုက်၏။

"သားကိုချစ်တဲ့စိတ်နဲ့ ဆုံးရှုံးမခံနိုင်လို့ ငါ မင်းကို ပြောခဲ့သမျှတွေထဲမှာ အခုပြောတဲ့စကားတွေ အားလုံးအတည်ပါ၊ အနိုင်ယူဖို့ မကျေနပ်အောင်အသည်းပြီး အထက်စီးနင်းဆန်ကြည့်တာမျိုး လုံးဝမပါဘူး၊ နောက်နောင် သားနဲ့မင်း စိတ်ချမ်းသာရပါ့မယ်၊ မင်းနဲ့ မင်းရဲ့မိဘ ကျေနပ်တဲ့အထိ အားလုံးဆောင်ရွက်ပေးပါ့မယ်၊ ငါ့သားလေးကိုပဲ ထွက်မသွားအောင် တားပေးပါ စံအိမ်"

စကားသည် မျက်ရည်စက်တို့ ပိုးပိုးပေါက်ပေါက် ကြွေဆင်းလာခြင်းနှင့်အတူ ခဏရပ်သွားပြီးမှ...

"ငါ နားလည်ပါပြီ၊ ခိုင်မာတဲ့သံယောဇဉ်နဲ့ နှောင်ဖွဲ့မှုကို ဘာနဲ့မှတားဆီးလို့မရနိုင်ဘူး၊ ငါ့ရဲ့စည်းစိမ်ဥစ္စာတွေဟာ တကယ်တမ်း သားလေးကို ဆုံးရှုံးရတော့မယ်ဆိုတော့မှ ကျောက်ခဲသလဲတွေလို ပြောင်းလဲသွားခဲ့တယ်၊ ဒါဟာ လက်မခံလို့ မရတဲ့ အမှန်တရား၊ ငါ့ရဲ့ကြေကွဲမှုနဲ့ တောင်းဆိုမှုမှာ ဟိုအရင်လို ရလိုမှုတစ်ခုတည်း မဟုတ်ဘူး စံအိမ်၊ မင်းအတွက် အားလုံး လိုက်လျောကြည်ဖြူဖို့ ဆုံးဖြတ်ခဲ့တာပါ၊ မင်းကျေနပ်





ဘယ်ဆိုရင် သားလေးကို တားဆီးပေးဖို့တစ်ခုပဲ ပြန်ပေးပါ"

စံ စကားတစ်လုံးမှ မဆိုသေး။

သို့သော် သူမနှုတ်ခမ်းသားကို ဖိကိုက်ထားလျက်နှင့် တုန်ယင်နေသည်။

ချင်း၍မဟုတ်ဘဲ မျက်ရည်တွေ ဝေ့ဝဲလာ၏။ သူမ ထွက်ခဲ့တာ ဒီနေ့ဆို ရက်နှစ်ဆယ်တိတိ ရှိပါပြီ။

တင်းပြတ်စွာ ပြောဆိုထားပစ်ခဲ့ပေမယ့် ခေါင်ရိုပ် မလွှဲမသွေ ရောက်လာဦးမှာပဲဟု တွက်ခဲ့သည်။

ထို့ကြောင့် ငြင်းဆန်ကျောခိုင်းဖို့ စံ အခန်းထဲက မထွက်မိအောင် အတတ်နိုင်ဆုံးနေသည်။ အမေသည် ဆူချင် ပြောချင်တာတောင်မှ စံနဲ့ မျက်နှာချင်းဆုံဖြစ်အောင် အတော် ကြိုးစားရ၏။

သူမ အိမ်ကိုပြန်ရောက်ခဲ့တောင် မိသားစုသုံးယောက်လုံး ဆုံဖြစ်ခဲ့သည် မရှိသေး။ အဲဒီလောက်ထိ အခန်းအောင်းနေခဲ့တာဟာ ခေါင်ရိုပ်လိုက်လာမည်ဟု ထင်ထားသောကြောင့် ဖြစ်သည်။

ဒါပေမယ့် ဒီနေ့ထိ ရောက်မလာခဲ့ပါ။

တကယ်တော့ သူကလည်း ပြတ်သားဖို့ ကြိုးစားခဲ့သည်ပဲ။ ဒါဟာ စံပြောခဲ့တာကို နားထောင်ပြလိုက်တာလား။

www.burmeseclassic.com



ဒါမှမဟုတ် တကယ်မုန်းဖို့ မေ့ဖို့ ကြိုးစားခဲ့ခြင်းလား။

ကိုယ်က ထားခဲ့ရစဉ်မှာ ကြေကွဲပေမယ့် ကျေနပ်ခဲ့၏။ ထိုအချိန်က ရစ်ထဲမှာ အားလုံးအပေါ် နိုင်ဖို့သာ အဓိက။

ခုလို ကိုယ့်ကိုထားရစ်ခဲ့တော့မည်ဆိုသည့် အချိန်တွင် တလှိုက်လှိုက်လောင်မြိုက် ဝါးမျိုလာသော အပူမီးက ဘယ်က မီးပွားမှစ၍ ဘယ်ထိကျွမ်းလောင်စေမည်မှန်း မသိ။

ထိုအခါ . . .

အချစ်နှင့်ပတ်သက်သော မာနများက ရှန်းကြွလာကြပြီ ဖြစ်သည်။

ဒေါ်မြမာသည် စံနဲ့ ဒေါ်စိန်မမ ရပ်နေရာသို့ မကြာခဏ လှမ်းကြည့်တတ်ကာ သမီးဆုံးဖြတ်ချက်မှားမည်စိုး၍ အနားမှာ နေချင်သည်။

ပြောပြဆုံးမချင်သည်။

ဒါပေမယ့် ထရခက်နေ၏။

ဒီဘက်မှာ ပြောဆိုနေကြရသည့် လူကြီးတွေမှာလည်း ကာယကံရှင်၏ ဆုံးဖြတ်ချက်ကလည်း လိုအပ်နေသည်မို့ မင်္ဂလာကိစ္စကို ပြောဆိုတိုင်ပင်ရင်း ပြေလည်သွားကြပြီဖြစ်ပေမယ့် မဖြောင့်နိုင်။

လည်ပင်းရှည်၍ ကွက်ကြည့် ကွက်ကြည့် ဖြစ်လာ





ကြ၏။

နောက်ဆုံး မနေနိုင်၍ ထလာခဲ့ရသော ဒေါ်မြမာမှာ စံ့နှုတ်ဖျားမှ ထွက်လာသည့်စကားသံများကြောင့် မျက်လုံးများပင် ဝိုင်းဝိုင်းလည်သွားခဲ့၏။

"ဒါက သူ့ဆုံးဖြတ်ချက်နဲ့လုပ်ရပ်ပါ အန်တီ၊ စံက ပြန်ခေါ်လို့လည်း အဆင်ပြေကြမှာ မဟုတ်ပါဘူး၊ အခု အန်တီတို့ လာကြတဲ့ကိစ္စမှာ နှစ်ဖက်လူကြီးတွေ သင့်တင့်လို့စီမံမယ်ဆိုရင် စံ ဘာမှငြင်းဖို့မရှိပါဘူး၊ ဒါပေမယ့် ခေါင်းရိုက်ကိုလိုက်ခေါ်ပေးဖို့တော့ မတတ်နိုင်ဘူး"

"သမီး"

ဒေါ်မြမာ အလန့်တကြားကပ်ခေါ်ရင်း စံ့လက်ဖဝါးတစ်ဖက်ကို ဆုပ်ကိုင်လိုက်သည်။ ပြီးတော့ ခပ်ဖိဖိ ဆုပ်ညှစ်မိ၏။

ခေါင်းမာလွန်းသည့်သမီးကို မချင့်မရဲ ဆိုဆုံးမလိုက်ချင်တာ။ သို့သော် သူစိမ်းတရံစာတို့ရှေ့မှာလည်း မဆူပူချင်။

ဒေါ်စိန်မမ နှုတ်ခမ်းတွေ တင်းခနဲ စေ့သွားသည်။ စံ့ကို စေ့စေ့ကြည့်လျက် မျက်ရည်တို့ ထပ်မံပြည့်တက်လာသည်။

သူမမျက်ဝန်းမှာ မာနတွေ အပြည့်အသိပ်ရှိနေပါ၏။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် တစ်စုံတစ်ရာသော ဖိအားတစ်ခုအောက်မှာ မာနဏ်အပိုင်းအစတို့က မြင်ရက်ဖွယ်မရှိအောင် ကြေမွပျက်စီးလျက်…

"ငါ့ရဲ့သိက္ခာတွေ မာနတွေကို မင်းလို ကိုယ့်သမီးလောက် မိန်းမငယ်လေးတစ်ယောက်ရှေ့မှာ ဖြေချ နှင်းကျခံခဲ့တာ ရည်ရွယ်ချက်က ဖေါ့သားလေးကို ငါ ဆုံးရှုံးမခံနိုင်လွန်းလို့ပါ စံအိမ်၊ မင်းရှေ့မှာ ငါ့ရဲ့ခယမှု၊ တောင်းပန်မှု စကားတွေအားလုံး သွန်ချဒူးထောက်ခဲ့ရပြီးမှ မင်း အရသာရှိရှိ နားထောင်ခဲ့ရပြီးမှ 'ဟင့်အင်း' ဆိုတာ မရက်စက်လွန်းဘူးလား၊ မင်းရဲ့အမေ မင်းကိုချစ်တဲ့ အချစ်မျိုးနဲ့ပဲဖြစ်ဖြစ် နည်းနည်းလေးကိုယ်ချင်းစာပေးပါ၊ သားလေး နိုင်ငံရပ်ခြားကို ရောက်မသွားဘဲ သူချစ်တဲ့မိန်းကလေးနဲ့ ငါ့ရဲ့ရှေ့မှာ သက်ဆုံးတိုင် ပျော်ရွှင်စွာ နေသွားတာမြင်ရမယ်ဆိုရင် ငါ အားလုံးကို ကြည်ဖြူကျေနပ်ဖို့ မင်းရှေ့မှာ ရောက်လာဆွေးနွေးနေတာပါ"

"သမီး… လူတစ်ဖက်သားကို ဒီလောက်ထိ မဆင်းရဲစေပါနဲ့ကွယ်၊ အခု လူကြီးစုံရာနဲ့ရောက်လာကြတဲ့ကိစ္စမှာ အမေတို့က ကြည်ကြည်ဖြူဖြူ ခေါင်းညိတ်လိုက်ကြဖို့ စိတ်ကူးရှိတယ်၊ ဒါပေမယ့် ဆုံးဖြတ်ရမှာက သမီးဖြစ်နေတယ်"

ဒေါ်မြမာက ဝင်ပြောတော့ စံက ခေါင်းခါပစ်၏။





"စံတစ်ယောက်တည်းဆုံးဖြတ်လို့မရဘူး အမေ၊ သူ့ထွက်သွားဖို့ထိ ဆုံးဖြတ်လိုက်တဲ့ ပြတ်သားမှုကို စံက ဘယ်လိုစွမ်းအားရှိလို့ စည်းရုံးနိုင်မှာလဲ"

"သူ သမီးနဲ့တစ်ခုခုဖြစ်လို့ ခုလိုလုပ်တာ ဖြစ်မှာပေါ့၊ မိန်းမနဲ့ မိခင်ကြားမှာ အနေခက်လွန်းလို့ စိတ်ညစ်ပြီး ဆုံးဖြတ်သွားတာပါ၊ အဲဒါ သမီးနဲ့ပဲဆိုင်တာလေ၊ သမီးဖြေရှင်းပေးသင့်တာ မဟုတ်ဘူးလား"

စံ ခေါင်းခါနေဆဲပါ။

"စံ့ကို ခွင့်လွှတ်ပါ အန်တီ၊ ပြောရင်းဆိုရင်း စကားနိုင် လုသလိုဖြစ်ခဲ့ရင် စံ့ဘက်က ရိုင်းစိုင်းခဲ့တာတွေကို စံကလည်း တောင်းပန်ပါတယ်၊ စံသာ ခေါင်ရိုပ်ရဲ့ ဇနီးအဖြစ် ဆက်လက် ဖြစ်နေခဲ့ဦးမယ်ဆိုရင် နောင်အခါ အလားတူ ပြဿနာတွေဖြစ်ဖို့ မရှိတော့ပါဘူး၊ ဒါပေမယ့်…"

"နှုတ်ဆက်နေတာလား စံအိမ်၊ ငါလိုချင်တာ အဲဒါ မဟုတ်ဘူး၊ သားလေးကို သွားခေါ်ပေးပါ၊ ငါတို့မိသားစု သုံးယောက်ရဲ့ အဆုံးအစမဲ့ ဖြစ်တည်သွားဖို့ရှိတဲ့ သောကမီးတွေအတွက် မင်းရဲ့မာနတွေကို နည်းနည်းလောက်ဖွဲ့ပြီး ပြန်ကြည့်ပေးပါ၊ ငါတောင်းပန်တာပါ၊ သားလေးကို သွားခေါ်ပေးပါ စံအိမ်"



www.burmeseclassic.com

www.burmeseclassic.com



စံ မျက်ရည်တွေ ပိုးပိုးပေါက်ပေါက် ကျလာ၏။

ထို့နောက် ရှေ့မှာထိုင်နေကြသည့် လူကြီးတွေကိုရော၊ ဒေါ်စိန်မမကိုပါ တစ်ချက်စေ့ကြည့်ကာ ချာခနဲ လှည့်ပြေးသွားလေသည်။

"စံအိမ်"

ဂျိမ်းခနဲ ဆောင့်ပိတ်သွားသော တံခါးချပ်ကို အံကြိတ်ကြည့်ရင်း ဒေါ်စိန်မမခေါင်းက တုန်ခါနေ၏။

ဒေါ်မြမာမှာ ဤမျှထိ ရက်စက်ပြတ်သားနိုင်လွန်းသော သမီးဖြစ်သူအတွက် အံ့သြလွန်းကာ မျက်နှာပျက် အရှက်ရကာ ပါးစပ်အဟောင်းသား ဖြစ်ကျန်ခဲ့၏။

၆ ။ ၆

## အခန်း » ၁၈ «

"မေမေ တောင်းပန်လိုက်လို့ ကျေနပ်သွားတာလား၊ အနိုင်ရလိုက်လို့ သနားပါတယ်ဆိုတဲ့အပြုံးနဲ့ နှစ်သိမ့်ဖို့လား စံ၊ ပြန်သွားပါ၊ ငါဆုံးဖြတ်ပြီးပြီ၊ ဒီထိခရီးရောက်ပြီးမှ နောက်ပြန်မလှည့်တော့ဘူး"

ပတ်ဝန်းကျင်မှာ လူတွေ ကားတွေ ဘာမှမရှိ။

တဟူးဟူး တိုးဝှေ့နေသော လေကြမ်းက လမ်းဘေးနှစ်ဖက်မှာ တောခင်းကလေးတွေကို ဖြတ်သန်း၍ အညှာအတာမဲ့ ရိုက်ပုတ်နေ၏။

စံ့မျက်နှာပေါ်မှာ ဆံပင်တွေ ကနန့်လန့်ဖြတ်ကပ်လာလိုက်၊ လန်ထွက်သွားလိုက်…

ပြီးတော့ လည်တိုင်မှာ ရစ်ပတ်လာလိုက်…



www.burmeseclassic.com

www.burmeseclassic.com



ခေါင်ရိုပ်နဲ့ စကားပြောဖို့သာ အာရုံစိုက်မိရင်း နှုတ်ခမ်းဖျားတို့ကို မိတ်ကွယ်စေသော ဆံစဖျားကိုသာ ဖယ်ရှား၍ စံ ရှေ့ကိုတိုးသည်။

ဒါဟာ လေဆိပ်ကိုသွားသည့်လမ်း...

ဒါပေမယ့် အပြည်ပြည်ဆိုင်ရာ လေဆိပ်ကို မဟုတ်...

မင်္ဂလာဒုံလေဆိပ်...

ဒါဆို ခေါင်ရိုပ် ဂျပန်ကိုထွက်မည်ဆိုတာ မဟုတ်ဘူးလား။

အို... ဘယ်ကိုဖြစ်ဖြစ် ထိုကိစ္စဟာ စံ့ခေါင်းထဲမှာမရှိ။ အနီးကိုပဲဖြစ်ဖြစ်၊ အဝေးကိုပဲ သွားပါစေ။

ဝေးကွာခြင်းကို သူမ ဘယ်လိုမှလက်မခံနိုင်တော့။

"နင် ငါ့ကို ပြန်ပြီးကလဲ့စားချေတာလား ခေါင်ရိုပ်၊ ဟင်... ငါ တောင်းပန်နေတာကို ဘာဖြစ်လို့ ရှေ့ဆက်တိုးဖို့ ကြိုးစားနေရတာလဲ"

ခေါင်ရိုပ်က မချိပြုံးနှင့် မော့ကြည့်သည်။

ပြီးတော့ စံ ဆွဲကိုင်ထားသည့် ဘေးတံခါးကို ဖျတ်ခနဲ ပြန်ဆွဲ၍ ပိတ်ပစ်လိုက်၏။

ခေါင်ရိုပ်မျက်နှာမှာ အလွန်ကြောက်စရာကောင်းသည့် နာကြည်းရိုပ်တို့ စွန်းထင်းလျက်...





စံ့ဘက်ကို ဘယ်လိုမှငဲ့ကြည့်မှာမဟုတ်တော့သော ပြတ်သားမှုတို့လည်း ရှိနေ၏။

"ငါ ဘယ်သူ့ကိုမှ နာကျင်စေခဲ့တာမရှိသေးဘူးလို့ ထင်ပါတယ်၊ အဓိက,က နင့်ကို၊ နင် ငါ့ကြောင့် တစ်နေရာရာ ထွက်သွားရတဲ့အထိ ဖြစ်မှာစိုးတာ၊ ဘာဖြစ်လို့လဲဆိုတော့ နင့်နားမှာရှိနေသမျှ ငါက နင့်ကို မြင်တွေ့ခွင့်ရအောင် ကြိုးစားနေဦးမှာ"

ကားလေးက သိမ့်ခနဲ ထွက်၏။

"ခေါင်ရိုပ်"

နာကျင်စေခဲ့တာ မရှိဘူးတဲ့။

စံ မျက်ရည်တွေ ချောင်းစီးမတတ်ကျနေတာကိုတော့ တစ်ချက်မှ ပြန်လှည့်မကြည့်ပါလား။

"ခေါင်... ရိုပ်"

ကားကို မမီတမီလိုက်ဆွဲရင်း စံ ဒယိမ်းဒယိုင်ကျန်ခဲ့၏။

တစ်စစ ဝေးကွာသွားသော ကားလေးက အကြမ်းဗရမ်း ဆောင့်ခုန်ပြေးလွှားရင်း စံကြည့်နေဆဲမှာပဲ အကွေ့တစ်ခုကို ဖြတ်အဝင်...

"ဒုန်း"

"ဝုန်း"



www.burmeseclassic.com

www.burmeseclassic.com



“အား”

မြောက်ခနဲ ဆောင့်ခုန်သွားသည်။

ကားတံခါးတစ်ဖက် ချိုင်းခနဲပွင့်ထွက်ကာ အထဲကနေ အရုပ်တစ်ရုပ်လို လွင့်ပါမြောက်တက်၍ ပြုတ်ကျလာသော အရိပ်တစ်ခုသည်…

“ခေါင်… ရိပ်…”

စံ တအားအော်၍ ပြေးလိုက်သော်လည်း…

“သမီး… စံ… စံ ဘာဖြစ်တာလဲ”

တံခါးခေါက်သံပါ ကြား၏။

စံ အိပ်ရာထက်မှာ ခြေဆင်းလျက်နှင့် ငုတ်တုတ်လေး ဖြစ်နေသည်။

ချွေးတို့ဖြင့် ရွှဲနစ်နေသော လည်တိုင်ကို လက်ဖဝါး နှစ်ဖက်နှင့် ပြန်၍အုပ်စမ်းကာ အမေ့ခေါ်သံကိုတောင် ကြား လျက်သားနှင့် ထူးဖို့မေ့နေခဲ့သည်။

“ခေါင်ရိပ်… ခေါင်ရိပ် တစ်ခုခုဖြစ်သလား၊ ဟင့်အင်း”

စံ မျက်နှာကို လက်ဝါးနှင့်အုပ်ကာ ဟီးခနဲ ငိုချလိုက် မိသည်။

“သမီးစံ… သမီး…”

သစ္စာမွန်စာပေ



အထဲက ငိုသံကြောင့် ဒေါ်မြမာ၏ခေါ်သံက စိုးရိမ်ရ မည့်အစား အနည်းငယ်တုံ့ဆိုင်း ပျော့ကျသွားခဲ့၏။

သားအမိချင်းမို့ ဆက်သွယ်နေသည့်စိတ်က နားလည် လိုက်ပြီ ဖြစ်သည်။

၆ ॥ ၆

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ⁂ ၁၉ ⁂

ဘယ်မှာလဲ...

ခေါင်ရိုပ် ဘယ်မှာလဲဟင်...

လေဆိပ်အဆောက်အဦးထဲမှာ စံ ယောက်ယက်ခတ်အောင် ပြေးနေမိ၏။

"သူ့အမေလည်း မကျန်းမမာဖြစ်နေတယ် သမီးရယ်၊ ကိုယ့်မှာလည်း သံယောဇဉ်ရှိနေခဲ့ပြီးသား၊ အားလုံး သာယာချမ်းမြေ့သွားအောင် သမီးသွားခေါ်လိုက်ပါ၊ မနက်ဖြန်ဆို သူသွားတော့မှာလို့ ပြောသွားတယ်လေ"

မနက်မိုင်းက အမေ အမျိုးမျိုးနှားချခဲ့တာကို ခေါင်း





မညိတ်မိခဲ့။

ညက အိပ်မက်ဆိုးကြောင့် ခုတော့ ဘယ်သူမှ မတိုက်တွန်းရပါဘဲ စံ မနားတမ်းပြေးလွှားလာခဲ့မိလေသည်။

"လေယာဉ်က ထွက်သွားပါပြီ"

"ဟင်"

မြင့်တက်သွားပြီဖြစ်သည့် လေယာဉ်ကြီးကို တစ်စတဆုံး လိုက်ကြည့်ရင်း စံ့မျက်ရည်တွေက ပတ်ဝန်းကျင်ကို ရှက်ရမှန်းမသိ။

သူမ နောက်ကျခဲ့ပြီ။

ဘာဖြစ်လို့ မီအောင်မလာခဲ့တာလဲ စံ...

နင်ဟာ လုပ်ခဲ့သမျှ မာနတစ်ခုတည်းနဲ့ ကိုယ့်ကိုယ်ကို တကယ်စိတ်ချမ်းသာခဲ့ရတာ ဘာရှိသလဲဆိုတာရော တွေးမိရဲ့လား။

ပခုံးမှာလွယ်ထားသည့် အနီရောင်ကြိုးသိုင်းအိတ်လေး၏ အစကို တင်းကျပ်စွာ ဆုပ်ကိုင်ရင်း တပေါက်ပေါက်ကျနေသည့် မျက်ရည်တို့ကို သုတ်ပစ်ရမှန်းမသိ။

လေဆိပ်ထဲမှာ ပို့သူ ကြိုသူတွေ ဝမ်းသာလို့ ဝမ်းနည်းလို့ အမျိုးမျိုးသောအကြောင်းများနှင့် မျက်ရည်ကျနေကြတာတွေ ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် စံငိုတာဟာ သိပ်တော့မဆန်းသော်လည်း ဖြူဖြူနုနု မျက်နှာကလေးနှင့် ဆံပင်ပျော့ပျော့လေးတွေ ဖြန့်ချထားသည့် လှပသော စုံမျက်နှာလေးကိုတော့ ဘယ်သူမဆို သတိထားမိကြသည်။

မျက်ရည်ကြောင်းလေးများနှင့် နီရဲသော ပါးမို့လေးတွေကို သမင်လည်ပြန်ကြည့်သွားကြ၏။

ပြီးတော့ စံဝတ်ထားတာက မိတ်ကပ်ရောင်ရင့်ရင့် ဘောင်းဘီရှည်နှင့် အဝါရောင် တီရှပ်။

စင်းထင်းနေတာလည်း အများထဲမှာ သိသာ၏။

ဝမ်းနည်းငိုကြွေးနေသောကြောင့် နဖတ်နီရဲနေသည့် မျက်နှာလေးကလည်း ဖုံးကွယ်ဝှက်ထားခြင်းမရှိဘဲ ဂရုမစိုက်စွာ ရှိနေခြင်းကြောင့်…

စံ ဘယ်သူ့ကိုမှ မကြည့်။

သတိထားဖို့လည်း အမှတ်မရ။ ရင်ထဲမှာ ကိုယ့်သောကနဲ့ကိုယ်…

ခြေလှမ်းတို့သည် လေဆိပ်အဆောက်အဦပြင်ပသို့ ခြေချလိုက်သည်နှင့်…

ဟင်…

ခေါင်းထဲမှာ ဖျတ်ခနဲဝင်လာသည်က အိပ်မက်…





အိပ်မက်ထဲကလို ခေါင်းရိပ် တကယ်သွားတာက မင်္ဂလာဒုံမှာဆိုလျှင်…

ဝမ်းသာကြည်နူးစိတ်ကြောင့် နှုတ်ခမ်းတို့မှာပင် ပြုံးရိပ်ထင်၏။

“ဒီမှာရှင်… ကျွန်မကို မင်္ဂလာဒုံလေဆိပ်ကို ပို့ပေးပါနော်”

ဈေးမေးဖို့၊ ဈေးဆစ်ဖို့လည်း သတိမရ။

ရောက်ချင်စောဖြင့် ကားပေါ်တက်ထိုင်ပြီးသား ဖြစ်သွား၏။

တက္ကစီကလည်း ချက်ချင်းပြေးလွှားထွက်လေသည်။

ငါ ရူးနေပြီလား…

ကယောက်ကယက်မက်တဲ့ အိပ်မက်ကို အကောင်အထည် ဖော်နေမိတာ ရူးနေလို့လား…

မတတ်နိုင်ပါ။ မခံစားနိုင်တော့သည့် ရင်ဘတ်ထဲက ပူလောင်မှုက အိမ်ကိုပြန်ဖို့ ခွင့်မပြုနိုင်။

ခေါင်းရိပ်ကိုပဲ မြင်ချင်နေသည်။

ဆုံးရှုံးမခံနိုင်သော ရလိုမှုက လောဘတကြီး ဖြစ်နေခဲ့၏။

စံ မျက်ဝန်းတွေကို မှိတ်ချပစ်လိုက်မိသည်။

“အိပ်မက်ထဲကလို တကယ်တွေ့ရပါစေ၊ အိပ်မက်



www.burmeseclassic.com

www.burmeseclassic.com



ထဲကလို အဆုံးမသတ်ဘဲ ခေါင်ရိုပ်နဲ့ ထာဝရ အေးချမ်းစွာ ပေါင်းဆုံရပါစေ”

မျက်ဝန်းတွေကို မဖွင့်ရဲ။

မျက်လုံးတွေမှိတ်၍ ဆုတောင်းနေခဲ့မိတာ ဘယ်တွေ ရောက်လို့ ရောက်ခဲ့မှန်း မသိ။

ကားသံ လူသံတွေ တိတ်ဆိတ်သော ပတ်ဝန်းကျင်က လေတိုးသံကိုသာ ကြားလာရသောအခါ စံ မျက်လုံးတွေ ဖွင့်လိုက်မိသည်။

အို… ဒီနေရာ…

မငိုဘဲလည်း ကျတတ်သော မျက်ရည်က ဝမ်းနည်း၍လား၊ ဝမ်းသာ၍လား မသိဘဲ ပါးပြင်ထက်သို့ ဆင်းကျလာ၏။

ခေါင်ရိုပ်နဲ့ သူမ တွေ့ဆုံပြောဆိုခဲ့သည့် လမ်းကလေး။ ပေတစ်ရာလမ်းမကြီးက ပြောင်နက်ရှင်းလင်းနေပေမယ့် လမ်းဘေးမြင်ကွင်းများကတော့ စိမ်းလန်းသော သစ်ပင်တန်းတို့ မှလွဲ၍ လူနေအဆောက်အဦ ဘာမှမရှိ။

ထိုစဉ်မှာ ကားက သိမ့်ခနဲ ထိုးရပ်သွား၏။

“တောက်… ငါ…”

ကားဆရာ၏ ဆဲဆိုသံတိုးတိုးကို ကြားလိုက်ရ၏။





“ကား… ကားဘာဖြစ်လို့လဲဟင်”

“ဆီကုန်တာ ထင်တယ်”

“ဘာ”

စံ ထိတ်လန့်သွားလေသည်။

ကားအောက်ကိုဆင်းသွားသည့် ကားဆရာကြီးကို ကြည့်၍ ကပျာကယာ လိုက်ဆင်းရင်း…

“အရေးကြီးနေပါတယ်ဆိုမှ ဦးလေးရယ်၊ ဒီနားမှာ ကားငှားလို့လည်း လွယ်မှာမဟုတ်ဘူး၊ အငှားလိုက်နေတဲ့ကားကို ဆီကုန်တဲ့အထိ ဂရုမစိုက်တာတော့ လွန်တာပေါ့”

“ဂရုမစိုက်တာမဟုတ်ဘူးကွယ်၊ ဒီခရီးကို မောင်းလို့ ရသေးလို့ ထွက်လာတာပဲ၊ ဒီကားစုတ်ကိုက ဆီစားတာ၊ မှန်းထားတာထက် အများကြီး အချိန်ကွာကွာနေတာ ထုံးစံပဲ၊ ခုဟာက ပိုကိုဆိုးတာ”

ကားဘီးကိုလည်း ခပ်ဆတ်ဆတ်ကန်၍ လူကြီး ဒေါသထွက်နေတော့ စံ ဆက်မပြောတော့ပါ။

နောက်ကိုလှမ်းကြည့်လိုက်တော့ ကားတစ်စီးမောင်းလာနေတာတွေ့လိုက်ရသဖြင့် လူကြီးကို ကားခ ကပျာကယာ ရှင်းပေးလိုက်သည်။

ကားက အငှားကား မဟုတ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် တောင်းပန်၍ပဲ လိုက်ရတော့မည်။

လေယာဉ်တွေ ပျံတက်လာကြတာကိုတောင် မြင်နေရပြီဆိုတော့ ရှေ့မှာ လေဆိပ်က နီးနေပြီ။

ဒီကား လေဆိပ်ကိုသွားမှာမဟုတ်လည်း အနားတော့ရောက်မှာပဲဟုတွက်၍ အဖြူရောင်ကားလေးကို ရှေ့ကနေပဲ ပိတ်တားလိုက်မိသည်။

ကားလေးက သူမနှင့် သိပ်မကွာသောနေရာမှာ ထိုးရပ်သွားသည်။

"ဒီမှာရှင့်… ကျွန်မ… ဟင်…"

စံ ခပ်လောလောလေး ပြေးကပ်သွားကာ စကားစ၍ အထဲကို ငုံ့အကြည့်…

"စံ"

"ခေါင်… ရိပ်… နှင်…"

မောင်းသည့်လူရှယ်သားမှာထိုင်နေတာ ခေါင်ရိပ်ရယ်ပါ။

တစ်ယောက်နဲ့တစ်ယောက် ငေးခနဲကြည့်နေမိကြပြီး ခေါင်ရိပ် ကားပေါ်ကနေ ဆင်းလာသည်။

"စံ"

ရင်ထဲမှာ နင့်သွားသည်။

ချစ်ဖို့ ဇွမ်းပြမလို့ မျိုသိပ်ကြိတ်ယူလာသည့် စကား





တွေ ဘယ်ရောက်ကုန်မှန်း မသိတော့။

ဝမ်းသာလွန်း၍ မယုံနိုင် တုန်ယင်ကာ…

ဘာကြောင့်မှန်းမသိဘဲ ငိုတာမကြိုက်သည့် သူ့ရှေ့ကျမှ ပို၍ ငိုချင်လာရင်း…

ထိန်းချုပ်ထားလျက်မှ မျက်ရည်တွေ ကျလာ၏။ ခေါင်ရိပ်သည် အနက်ရောင်ဘောင်းဘီရှည် စပို့ရှပ်အဝါရောင်နှင့် ရှင်းသန့်ချောမွေ့နေဆဲ…

ထူးဆန်းစွာ အိပ်မက်ထဲမှာလိုပဲ လာရောက်ဆုံတွေ့နေရလျက်…

တိုက်ဆိုင်စွာ တူညီနေကြသည့် အင်္ကျီတွေက အဝါရောင်။

လက်တစ်ကမ်းအကွာလေးမှာ ရင်ဆိုင်ရပ်မိကြရင်း စကားမပြောဖြစ်ဘဲ ငေးမောတိတ်ဆိတ်နေကြသည်။

အိပ်မက်ထဲမှာလိုပဲ လေပြေက ကြမ်းတမ်းလာသည်။ စံ့ဆံပင်တွေ ကွေ့ပတ်ရိုက်ပုတ်လာကြ၏။ စံ ကြက်သီးတွေ တဖျင်းဖျင်း ထသွားသည်။

သူမရှေ့ကနေ ခေါင်ရိပ်ထွက်သွားလျှင်…

အို… မသေရဘူး။

ခေါင်ရိပ် ဘာမှမဖြစ်ရပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



စကားမပြောတတ်သော မျက်ရည်တို့ကို ခေါင်ရိုပ်နားလည်မည် မထင်။

သူသည် မျက်နှာမသာမယာနှင့် မျက်ခုံးအစုံတွန့်ကုတ်လျက် စုံပခုံးလေးတစ်ဖက်ကို ဖွဖွဆုပ်ကိုင်သည်။

မျက်ရည်တွေကို အရင်သုတ်ပေးပြီးမှ…

"ဘယ်သွားမလို့လဲ"

ဟု စက်ဖုံးဖွင့်ထားသည့် အငှားကားကို လှမ်းကြည့်ပြီး မေးသည်။

စံ အံတစ်ချက်ကြိတ်ပြီးမှ စကားပြောဖို့ကို အရှိန်ယူနိုင်သည်။

"ငါ… ငါ နှင့်နောက်ကို လိုက်လာတာ"

"ဘယ်လို"

ခေါင်ရိုပ် တုန့်ခနဲ ဖြစ်သွားသည်။

စုံမေးဖျားလေးကို ချက်ချင်းမော့ယူကာ…

"ငါ့နောက်ကို လိုက်လာတာ၊ စံ… နင် နောက်နေတာလား၊ ငါ့ကို ခဏခဏမနှိပ်စက်ပါနဲ့၊ ဒီကို ငါလာမယ်ဆိုတာ ဘယ်သူမှသိကြတာမဟုတ်ဘူး၊ အထူးသဖြင့် မေမေ လိုက်ခေါ်မှာစိုးလို့၊ ပြီးတော့ နင့်ကို တိတ်တိတ်လေး ပြန်ချောင်းကြည့်ချင်သေးလို့၊ ဂျပန်ကိုမသွားတော့ဘဲ ဟိုနား ဒီနား





ခဏထွက်ဖို့ စီစဉ်ခဲ့တာ"

စံက ခေါင်ရိုပ်ကို လက်ကို ထပ်အုပ်ဆုပ်ကိုင်၍ ယဲ့ယဲ့လေးပြုံးသည်။

"ဒါပေမယ့် ငါသိတယ်၊ နင်ပဲ ငါ့ကို အိပ်မက်ထဲမှာ လာပြောတာ၊ ခေါင်ရိုပ်ရယ်… နင်နဲ့ငါ ခွဲလို့မှမရတာ"

"စံရယ်"

ခေါင်ရိုပ်သည် မယုံနိုင်လွန်းသော ကြည်နူးပြုံးနှင့် မျက်နှာကို မော့လှန်ပစ်ပြီး မျက်လုံးတွေပါ မှိတ်ပစ်လိုက်၏။

ခဏကြာတော့မှ စံ့ကို ပြန်ငုံ့ကြည့်ကာ…

"ငါ အိပ်မက်မက်တာ မဟုတ်ဘူးဆိုရင် အမှတ်တရ သိပါရစေ"

စံက မျက်ရည်စလေးများနှင့် ရယ်လိုက်သည်။ ပြီးတော့ အင့်ခနဲ ရှိုက်မိပြန်ကာ…

"နင့်ကို ငါ မခွဲနိုင်ဘူး၊ ချစ်တယ်"

ခေါင်ရိုပ်၏လည်တိုင်ကို ခြေဖျားလေးထောက်ဖက်ရင်း မေးဖျားကို နမ်းလိုက်သည်။

အချစ်၏မြူနှင်းတို့ ဖြန့်ကျက်ဝေသောအခါ ပတ်ဝန်းကျင်က ဝေဝါးသွားခဲ့လေသည်။

စံနဲ့ခေါင်ရိုပ် အားလုံးကို မေ့သွားခဲ့ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ပြာသောကောင်းကင် …

အစိမ်းရင့်ရင့်တံတိုင်းကာရံတို့ ကြားမှာ ပန်းနုရောင် လွင်ပြင်ငယ်လေးတစ်ခု …

*ဇရီသတ်အတွက် အမြဲတမ်း ထာဝရ*
*သျှင်မ*

www.burmeseclassic.com